## အခန်း(၁၃၆) - မြွေပူရာ ကင်းရောက်...

"ငါ့အရှင်၊ လွန်ခဲ့တဲ့ နာရီဝက်လောက်က ချင်ယန် တိုက်ခိုက် ခံခဲ့ရတယ်။ ကျွန်ုပ်ဘုရင် ချမ်ဟိုင်ရဲ့ ကျင့်ကြံခြင်း အဆင့်ကလည်း ယွမ်ဟူနယ်ပယ် ရောက်နေပြီ။ ချမ်ဟိုင်က ယွမ်ဟူနယ်ပယ် ရောက်နေပေမယ့် ကျင့်ကြံခြင်း အဆင့်ကို ဖုံးကွယ်ထားလို့ ခုမှ သိခဲ့ရတာပါ။ ဒီလက်အောက်ငယ်သား တာဝန်ကို ပေါ့လျော့ ခဲ့မိပါတယ်....."

ပြုံးနေသောဗုဒ္ဓ ရှို့ခန်းက သွေးဘုရင်ကို သတင်း တင်ပြနေသည်။

ချင်ယန်က ရှို့ခန်း၏ ပြဿနာကို ကူညီပြီး ဖြေရှင်းပေးခဲ့သည်။ ချမ်ဟိုင်က ယွမ်ဟူနယ်ပယ် တွင် ရှိနေသည်။ ထို့ပြင် ချင်ယန်က ချမ်ဟိုင်ကို ဝယ်ယူသွားသည်မှာ သိပ် မကြာသေးသဖြင့် သူ့အတွက် ပြဿနာ ရှိလာနိုင်သည်ဟု ရှို့ခန်းက တွေး ပူနေခြင်းပင်။

သွေးဘုရင်၏ မျက်လုံးက ဒေါသစိတ်ကြောင့် တလက်လက် တောက်ပလာပြီး....

"ချင်ယန် အဆင်ပြေလား..."

လုထန်ဝမ်က ဤကဲ့သို့ မေးလိုက်သဖြင့် ရှို့ခန်း ကြောင်သွား၏။

"ငါ့အရှင်၊ ချင်ယန်က ဒဏ်ရာ ရသွားပေမဲ့ သိပ် မပြင်းထန်ပါဘူး။ တစ်ဖက်လူက အစွမ်းထက်တဲ့ ကြယ်ငါးပွင့်အဆင့် ဗုံးကို အသုံးပြုခဲ့တယ်။ ကျင့်ကြံခြင်း အဆင့်ကလည်း ယွမ်ဟူနယ်ပယ် အဆင့် (၉) မှာ ရှိနေတယ်။ ဒါကြောင့် နောက်တစ်ကြိမ် ထပ်လှုပ်ရှားမယ် ထင်တယ်..."

ရှို့ခန်းက ပြောလိုက်သည်။

လုထန်ဝမ်၏ မျက်ခုံး နှစ်ခုက တော်တော်လေး ကြုတ်နေပြီး.......

"သေသေချာချာ စောင့်ကြည့်ထား..."

"ယွမ်ဟူနယ်ပယ် အဆင့် (၉) တန်ခိုးရှင် တစ်ယောက် ရွှေဦးချို့ သိဒ္ဓိမြို့ကို ရောက်နေတာ ငါတောင် မသိလိုက်ဘူး....."

လုထန်ဝမ်က အေးစက်သော လေသံနှင့်....

"ပြီးတော့ မင်းက ငါ့ဘုရင် ကိုယ်စား ဝမ်းနည်းကြောင်း ပြောဖို့ ချင်ယန်ဆီ သွားလိုက်...။

ကျားဘုရင် ယွမ်ဟူနယ်ပယ် ရောက်နေတဲ့ ကိစ္စကို အခု လောလောဆယ် ဂရုမစိုက်နဲ့အုံး။ ချင်ယန် ဝယ်ထားတဲ့ ကျန်တဲ့လူတွေမှာရော ဘယ်လို စွမ်းရည်မျိုး ရှိလဲဆိုတာ စောင့်ကြည့်ထား…”

“ဟုတ်…”

မကြာခင် ရှို့ခန်း ပြန် ထွက်သွားသည်။

အချိန် သိ ပ်မကြာလိုက်ပေ။ ပန်းဘုရင်၊ လောင်းကစား ဘုရင်နှင့် လုဘုရင်တို့က သွေးဘုရင်ထံ တိတ်တိတ်လေး ရောက်ရှိ လာကြသည်။

“လူတိုင်းပဲ... ချင်ယန် တိုက်ခိုက်ခံရတဲ့ သတင်းကို ကြားပြီးပြီလား...။ ပြီးတော့ မြို့သခင် အိမ်တော်ကို ချင်ယန်သွားတဲ့ ကိစ္စနဲ့ ပက်သက်ပြီးရော ဘယ်လိုမြင်လဲ....”

ချင်ယန်က မြို့သခင် အိမ်တော်သို့ သွားပြီးသည်နှင့် တိုက်ခိုက်ခံခဲ့ရသဖြင့် ပန်းဘုရင်က လုထန်ဝမ်ကို မေးလိုက်ခြင်း ဖြစ်သည်။

လောင်းကစား ဘုရင်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်....

"ချင်ယန်က ငွေတုံး သန်း (၂၅၀) အနိုင်ရထားတယ်လေ။ ဒီပိုက်ဆံတွေကြောင့် တန်ခိုးရှင်တစ်ယောက်က လူလွှတ် လုပ်ကြံခိုင်းမယ်ဆိုရင် ပုံမှန်ပဲ။ ပြီးတော့ သူ့မှာ တခြား ရန်သူတွေလည်း ရှိနိုင်သေးတာပဲ။ ဒါပေမယ့် တစ်ဖက်လူက ယွမ်ဟူနယ်ပယ် အဆင့် (၉) ဖြစ်နေလို့ ငါတို့ဘက်က အာရုံစိုက်ဖို့တော့ ထိုက်တန်နေပြီ။ ဒီလို တန်ခိုးရှင် ငါတို့ဘက် ရောက်နေတာတောင် ငါတို့မသိခဲ့ရဘူး..."

လုထန်ဝမ်က မျက်မှောင် ကြုတ်လိုက်ပြီး.....

"ချင်ယန်က မြို့သခင် အိမ်တော်က ပြန်ထွက်လာပြီး (၁၅) မိနစ်အတွင်း တိုက်ခိုက် ခံခဲ့ရတဲ့ကိစ္စက ငါတို့နဲ့ ဘာမှမဆိုင်ဘူး.. မြို့သခင် အိမ်တော်ကလည်း ယွမ်ဟူနယ်ပယ် အဆင့် (၉) တန်ခိုးရှင် တစ်ယောက်ကို တိတ်တိတ်လေး လွှတ်လိုက်ဖို့လည်း မဖြစ်နိုင်ဘူး...။ တကယ်လို့ မြို့သခင် အိမ်တော်ရဲ့ ခွန်အားနဲ့ ပက်သက်ပြီး သုံးသပ် ရမယ်ဆိုရင်တော့ နဲနဲ ရှုပ်ထွေးမှု ရှိနေနိုင်တယ်..."

လုထန်ဝမ်က ပန်းဘုရင် ဟွာတန်ကို ကြည့်လိုက်ပြီး....

"ပန်းဘုရင် ဟွာတန်၊ မင်း ဘယ်လိုထင်လဲ..."

ပန်းဘုရင် ဟွာတန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်.....

"အခုလက်ရှိ အရေးအကြီးဆုံးက ဒီလူရဲ့ ကိုယ်ပိုင် အထောက်အထားကို ဖော်ထုတ်ဖို့ပဲ။ သူသာ ချင်ယန်ကို လက်စားချေ ပြီးတာနဲ့ ထွက်သွားမယ်ဆို အဆင်ပြေသေးတယ်။ အေး.... ဒီလို မဟုတ်ဘဲ ရှေ့ဦးချို သိဒ္ဓိမြို့မှာ အကြာကြီး

ပုန်းနေမယ်ဆိုရင် ငါတို့တွေ သတိထား ရလိမ့်မယ်.....”

လုထန်ဝမ်က လေးနက်သော အမူအရာနှင့်.....

“ရွှေဦးချို သိဒ္ဓိမြို့က ငါတို့ နယ်မြေပါ။ အပြင်လူ တစ်ယောက်ကို ရှာဖွေဖို့ ပြဿနာ မရှိနိုင်ဘူး....”

“အချိန်တန်ရင် တဖက်လူရဲ့ ဇစ်မြစ်ကို သိမှာပဲ...”

“အင်း...”

လူတိုင်း ခေါင်းညိတ် လိုက်ကြသည်။

ရွှေဦးချို သိဒ္ဓိမြို့တွင် ကောင်းကင်ဘုံ ဘုရင်လေးပါး၏ အာဏာက အတော်လေး ကြောက်စရာ ကောင်းသည်။ သူတို့ အားလုံးက အတူတူ စုပေါင်းပြီး အမိန့် ထုတ်ပြန်လိုက်ကြသည်။ ရွှေဦးချို့ သိဒ္ဓိမြို့ကို တစ်ခုလုံးကို မြေလှန်ရှာနေရင်း သတင်းမျိုးစုံ ထွက်ပေါ်လာသည်။

နေ့တစ်ဝက် အတွင်းမှာပင် သွေးဘုရင်နှင့် အခြားလူများက လူတော်တော် များများကို တွေ့ခဲ့ကြသည်။

"သူ့ခြေ၊ မင်းကို တိုက်ခိုက်ခဲ့တဲ့လူက လွန်ခဲ့တဲ့ သုံးရက်က ရွှေဦးချို သိဒ္ဓိမြို့ထဲကို ဝင်လာခဲ့တယ်...."

"ငါတို့နဲ့ မဝေးတဲ့ တည်းခိုခန်းမှာ တည်းနေတယ်...."

"တစ်ဖက်လူရဲ့ ပစ်မှတ်က မင်းကို သတ်ဖို့ဆိုတာ အရမ်း ထင်ရှားနေတယ်..."

ဟွာဝမ်ရိုက ပြောလိုက်သည်။

သူမက ချင်ယန်နောက် လိုက်သော အချိန်ခဏလေး အတွင်း ဟွာဝမ် မျော်စင်၏

ထောက်ပံ့မှုကို မရဘူးဟု ပန်းဘုရင် ဟွာတန်က ပြောခဲ့သော်လည်း ပန်းဘုရင် ဟွာတန်က ဟွာဝမ်ရိုကို သတင်း အချက်အလက် အချို့ ပေးနေသေးသည်။

ပန်းဘုရင် ဟွာတန်က ချင်ယန်၏ သေရေး၊ ရှင်ရေးကို ဂရုမစိုက်ပေ။ သို့သော် ဟွာဝမ်ရိုက ချင်ယန် ဘေးနားတွင် ရှိနေသဖြင့် သူမလည်း အချောင်ရောပါပြီး သေဆုံး သွားနိုင်သည်။

"တဖက်လူရဲ့ အထောက်အထားက ဘာလဲ.. အခု ဘယ်မှာလဲ...."

ချင်ယန်က မေးလိုက်သည်။

ဟွာဝမ်ရိုက ခေါင်းခါလိုက်ပြီး......

"သူ့ဘွေး ဒါတော့ ငါလည်း မသိသေးဘူး။ ဒါပေမယ့် တစ်ဖက်လူက ရွှေဦးချို့မြို့က မဟုတ်တာတော့ သေချာတယ်...."

ချင်ယန်က တော်တော်လေး မျက်မှောင်ကြုတ်နေသည်။ ဒီလူ၏ ခြိမ်းခြောက်မှုက ရှုခွန်ထက်မနည်းပေ။

ရှုခွန်က လုပ်ကြံ သတ်ဖြတ်ရာတွင် အလွန်ကျွမ်းကျင်သော်လည်း သူ၏ ကျင့်ကြံခြင်း အဆင့်က နိမ့်ကျနေသေးသည်။ ထို့အပြင် အကွာအဝေး

တစ်ခုမှနေ၍ ရှခွန်၏ သတ်ဖြတ်ခြင်း အငွေ့အသက်ကို အာရုံ ခံနိုင်သေးသည်။

ထို့အပြင် ရှခွန်က ယခုလက်ရှိ လုပ်ကြံသွားသော လူထက် ပို၍ ဆင်းရဲနေသေးသည်။

ကြယ် (၄) ပွင့် ကျင့်ကြံမှုအဆင့်၊ အစွမ်း ထက်သော ရတနာကို အသုံးချခြင်း၊ တစ်ခုခု မှားနေသည်ဟု သိသည်နှင့် ချက်ချင်း ထွက်ပြေးနိုင်စွမ်း...... ထို အချက်များကြောင့် အတော်လေး ကြောက်စရာ ကောင်းနေသည်။

(ဘာသာပြန်သူ မှတ်ချက်။ ။ ကြယ်လေးပွင့် ဆိုသည်မှာ ယွမ်ဟူနယ်ပယ်ကို ရည်ညွှန်ခြင်း ဖြစ်သည်)

"တန်ထန် အင်ပါယာထဲမှာ သူနဲ့ ကိုက်ညီတဲ့ တန်ခိုးရှင် ရှိလား...."

ဟွာဝမ်ရိုက ခေါင်းခါလိုက်ပြီး......

"သူ့ဒြေး.. ငါ မတွေ့သေးဘူး..."

"လုထန်ဝမ်က အခု လက်တလောမှာ ဒီလို ဖောက်ခွဲရေး ပစ္စည်းမျိုးကို လုံးဝ မရောင်းခဲ့ဘူး။

ဒါမှမဟုတ် တစ်ဖက်လူ ဝယ်သွားတာ တော်တော်လေး ကြာနေတာလည်း ဖြစ်ကောင်း ဖြစ်နိုင်တယ်။ တခြား နေရာက ဝယ်ခဲ့တာလည်း ဖြစ်နိုင်တာပဲ….”

…..

တည်းခိုခန်း တစ်ခုထဲတွင်……

ကောင်းကင်ဘုံ ဘုရင်လေးပါးက တိတ်တဆိတ် ချဉ်းကပ်လာသည်။

“ဝင်ခဲ့ပါ….”

အခန်းထဲမှ အသံတစ်ခု ထွက်ပေါ်လာသည်။

လုထန်ဝမ်တို့ အားလုံးက အခန်းထဲ ဝင်သွားကြသည်။ ချင်ယန်အား လုပ်ကြံခဲ့သော အဘိုးအိုကို တွေ့လိုက်သောအခါ သူတို့၏ မျက်လုံးများက တလက်လက် တောက်ပလာသည်။

"မင်းက ငါတို့ကို တိုက်ရိုက် လာခိုင်းတယ်ဆိုတော့ တော်တော်လေး မောက်မာ နေတယ်လို့ မထင်ဘူးလား..."

သွေးဘုရင်က ခနဲ့တဲ့တဲ့ လေသံနှင့် ပြောလိုက်သည်။

"ဟွန့်...."

အဘိုးအိုက နှာခေါင်း တစ်ချက်ရှုံ့ လိုက်ပြီး တံဆိပ်တစ်ခု ပစ်ပေးလိုက်သည်။

တံဆိပ်ကို ရှင်းရှင်းလင်းလင်း မြင်လိုက်သောအခါ သွေးဘုရင်နှင့် ကျန်သည့် လူများ၏ မျက်လုံး သူငယ်အိမ်များက တုန်ခါ သွားကြသည်။

တံဆိပ်ပေါ်တွင် 'ချမ်ဂျူး' ဟူသော စာလုံး နှစ်လုံးကို ထင်ထင်ရှားရှား ရေးထွင်း ထားသည်။ ဒါသည် ချမ်ဂျူး အကယ်ဒမီ၏ သင်္ကေတ တစ်ခုပင်......

ထို့အပြင် ဒီတံဆိပ် လက်ဝယ် ပိုင်ဆိုင်ထားသော လူများက ချမ်ဂျူး အကယ်ဒမီတွင် အရာမရောက်သော လူများ မဟုတ်ပေ။

"ဒီအဘိုးအို ဝေ့ကျင့်ဂူက အတွင်းနန်းတော်က အကြီးအကဲပဲ...."

အဘိုးအိုက အေးစက်သော လေသံနှင့်.......

"ဂျမ်ဂျူး အကယ်ဒမီက အတွင်းနန်းတော် တပည့် ဝမ်ကျင်ဟန် သေဆုံးသွားလို့ ဒီကို လာခဲ့တာ။ ချင်ယန်က ဝမ်ကျင်ဟန်ကို သတ်လိုက်လို့ ဒီအဘိုးအိုက သူ့ကိုသတ်ဖို့ ရောက်နေတာ...."

ပန်းဘုရင် ဟွာတန်က သံသယစိတ် အချို့နှင့်....

“အကြီးအကဲဝေ့၊ ဝမ်ကျင်ဟာန် အသတ်ခံရတဲ့ ကိစ္စကိုလည်း ငါ သိထားပါတယ်။ ကြည့်ရတာ ဒီကိစ္စက သုံးလ မကြာသေးပါဘူး။ ချမ်ဂျူး အကယ်ဒမီက သုံးလကြာပြီးမှ ဒီလို ကိစ္စမျိုးတွေကို ကိုင်တွယ် ဖြေရှင်းတာ မဟုတ်လား....”

ဝေ့ကျင့်ဝူက တင်းမာသော လေသံနှင့်......

“ပန်းဘုရင်က ဒီအဘိုးအိုကို မေးခွန်း ပြန်ထုတ်နေတာလား...”

“မလုပ်ရဲပါဘူး....”

ဟွာတန်က ခေါင်းခါ ပြလိုက်သည်။

သူမက ယွမ်ဟူနယ်ပယ် အဆင့် (၉) ဖြစ်သော်လည်း ဝေ့ကျင့်ဝူက ချမ်ဂျူး အကယ်ဒမီ၏ အကြီးအကဲ ဖြစ်နေသေးသည်။

လုထန်ဝမ်က....

“အကြီးအကဲဝေ့က ငါတို့ကို ခေါ်လိုက်တာ ဘာကိစ္စလဲ မသိဘူး....”

ဝေ့ကျင့်ဝူက လေနက်သော အမူအရာနှင့်......

"အဘိုးအိုက ချင်ယန်ကို တစ်ခါတည်း သတ်ချင်တယ်။ ခွေးသားလေးက ဒီလောက် တော်နေလိမ့်မယ်လို့ မထင်ထားခဲ့ဘူး။ လွတ်သွားသေးတယ်။ အခု ဒီအဘိုးအိုက မင်းတို့ရဲ့ အကူအညီကို လိုအပ်နေပြီ။ မင်းတို့နဲ့ လက်တွဲပြီးတော့ ချင်ယန်ကို သတ်ချင်တယ်။ အချိန်တန်ရင် ဒီအဘိုးအိုက မင်းတို့ အားလုံးအပေါ်မှာ အကြွေးတစ်ခု တင်နေမယ်.. ဘယ်လိုလဲ...."

လုထန်ဝမ်၏ မျက်လုံးထဲတွင် အလင်းရောင် တစ်ခု ဖြတ်ခနဲ လက်သွားပြီး......

"အကြီးအကဲဝေ့က ဝမ်ကျင်ဟန် အတွက် လာတယ်လို့ ပြောတယ်။ အခုတော့ မင်းကို ကူညီရင် ငါတို့အပေါ် ကျေးဇူးအကြွေး တစ်ခု တင်နေပြီလို့ ထပ်ပြောတယ်။ ကြားထဲမှာ တစ်ခုခု မှားနေတယ် ထင်တယ်....."

ဝေ့ကျင့်ဝူက နှာခေါင်း တစ်ချက် ရှုံ့လိုက်ပြီး.....

"သွေးဘုရင်၊ များများသိလေ၊ အသက်တိုလေ ဆိုတာ ကြားဖူးလား...။ မင်း အထူးအပါး နားလည်သင့်တယ်...."

"ဒီအဘိုးအိုက တစ်ခွန်း တစ်ခုတည်းမေးမယ်.. မင်း လုပ်မှာလား၊ မလုပ်ဖူးလား..."

လုထန်ဝမ်နှင့် အခြားသူများ၏ စိတ်ထဲတွင်....

'ဒီလူက ဝမ်ကျင်ဟန်ကြောင့် အပြေး ရောက်လာတယ်လို့ ပြောတယ်။ အခု သူ့ကို ကူညီရင် မျက်နှာသာ ပေးမယ်။ အကြွေးတစ်ခု တင်သွားမယ်လို့ ပြောနေတယ်။ ဒီကိစ္စက

ဝမ်ကျင်ဟာန်နဲ့ သူ့ကြားက ကိစ္စလောက် မဟုတ်ဘဲ မရိုင်းရှင်းနိုင်ဘူး..”

ဝမ်ကျင်ဟာန် အတွင်း နန်းတော်ထဲ ဝင်သွားခဲ့သည့် အချိန်က သိပ် မကြာသေးပေ။ ထို့ကြောင့် သူနှင့် ဝမ်ကျင်ဟာန်ကြားတွင် နက်ရှိုင်းသော ဆက်ဆံရေး ရှိရန် မည်သို့မျှ မဖြစ်နိုင်ပေ။

ထို့အပြင် အတွင်းနန်းတော် အကြီးအကဲ ဖြစ်သည့် ဝေ့ကျင့်ဝူက ချင်ယန်ကို သတ်ဖြတ်မည့် ကိစ္စလေးအတွက် ကိုယ်တိုင် လာခဲ့သည်။ ဒါသည်

သေချာပေါက် စွန့်စားရသည့် ကိစ္စတစ်ခုပင်။ သေသွားသော လူတစ်ယောက် အတွက်နှင့် ထိုက်တန်ပါ၏လော........

ဝေ့ကျင့်ဝူ ဒီရောက်လာသည့် ကိစ္စက အခြားတစ်ယောက် ခိုင်းလိုက်ခြင်းသာ ဖြစ်လိမ့်မည်။

တဖက်လူ၏ နောက်ခံက ဝေ့ကျင်ဝူထက် ပိုကြီးလိမ့်မည်။

“အကြီးအကဲဝေ့၊ တစ်လလောက် အချိန် နောက်ဆုတ်ပေးလို့ ရမလား..။ ငါ့ဆီမှာ

ချင်ယန်ဆီက အကူအညီ တောင်းရမယ့် ကိစ္စ ရှိနေသေးတယ်……”

လုထန်ဝမ်က ပြောလိုက်သည်။

လုထန်ဝမ်၏ ခန္ဓာကိုယ်ပေါ်တွင် သွေးအပြစ် ရှိနေသည်။ ဒါကို မဖြေရှင်း ရသေးပေ။

ဝေ့ကျင့်ဝူက အေးစက်သော လေသံနှင့်…..

“အဘိုးအိုက အရမ်း အားယားပြီး ဒီနေရာမှာ တစ်လလောက် အချိန်ဖြုန်းနိုင်မယ်လို့ သွေးဘုရင်က ထင်နေတာလား။ မကူညီချင်ရင် ဘေးထွက်

နေလိုက်။ အဘိုးအိုက အတင်းအကြပ် မတောင်းဆိုဘူး..။ ဒါပေမဲ့ မင်းကို သတင်းတစ်ခု ပြောလိုက်မယ်။ အချိန်တန်လို့ ချမ်ဂျူး အကယ်ဒမီက အပြစ်ဆေးကြောခြင်း စစ်ဆင်ရေး လုပ်တဲ့ အချိန်ကျရင် ကျောင်းသားတွေကို ဘယ်ပို့ရင် ကောင်းမလဲ...”

“ရွှေဦးချို သိဒ္ဓိမြို့က ဝေးတယ် ဆိုပေမယ့် ကျောင်းသားတွေ အတွက် အတွေ့အကြုံ ကောင်းလေး ဖြစ်နိုင်မယ်လို့ ထင်လား....”

လုထန်ဝမ်က မျက်နှာ ပျက်သွား၏။ ချမ်ဂျူး အကယ်ဒမီမှ ကျောင်းသား တော်တော်များများက အစွမ်းထက်ကြသည်။ အကယ်၍ အပြစ် ဆေးကြောခြင်း စစ်ဆင်ရေး အဖြစ် ရှေဦးချို သိဒ္ဓိမြို့ကို ရွေးချယ်လိုက်မည် ဆိုပါက သူတို့က အနိစ္စသဘောနှင့် ကိစ္စချော သွားလိမ့်မည်။

လောင်းကစား ဘုရင်က....

“အကြီးအကဲဝေ့က ကိုယ်တိုင် ပြောနေပြီ ဆိုမှတော့ ငါ အကြီးအကဲဝေ့ကို ကူညီပါ့မယ်....”

"ငါတို့ လုမိသားစုကလည်း အကြီးအကဲဝေ့ကို ကူညီဖို့ အစွမ်းကုန် ကြိုးစားပါ့မယ်..."

လုမိသားစု ခေါင်းဆောင်ကလည်း ပြောလိုက်သည်။

ပန်းဘုရင် ဟွာတန်က ဝေ့ကျင့်ဂူ၊ လုမိသားစု ခေါင်းဆောင်နှင့် လောင်းကစား ဘုရင်တို့ကို ကြည့်ရင်း စိတ်ထဲမှ ကြိတ်ပြီး သက်ပြင်း ချလိုက်ကာ.......

"အကြီးအကဲဝေ့၊ ငါတို့ ဟွာဝမ် မျှော်စင်ကလည်း သေချာပေါက် ကူညီပါ့မယ်..."

"သွေးဘုရင် ဘယ်ဘက်မှာ ရပ်မှာလဲ...."

ဝေ့ကျင်ဝူက အေးစက်စွာ မေးလိုက်သည်။

ချင်ယန်က ပြဿနာကို ထောက်ပြခဲ့သည်။ အချိန်တန်၍ အခြား ဆေးဆရာ တစ်ယောက်ကို ရှာလိုက်လျှင် ပြဿနာ မရှိနိုင်ဘူးဟု သွေးဘုရင် တွေးလိုက်မိသည်။

"အကြီးအကဲဝေ့ စကားကို နားထောင်ပါ့မယ်..."

ဝေ့ကျင့်ဝူက ချမ်ဂျူး အကယ်ဒမီမှ အကြီးအကဲ ဖြစ်ပြီး နောက်ခံ ကြီးကြီးမားမား ရှိနိုင်သည်။

ထို့အပြင် ပိုကြီးမားသော လူတစ်ယောက် ခိုင်းလိုက်ခြင်း ဖြစ်သဖြင့် ပို၍ ဂရုစိုက်မှ တန်ကာ ကျလိမ့်မည်။

လုထန်ဝမ်က ရွှေဦးချို့ သိဒ္ဓိမြို့၏ ဒေသခံ အာဏာရှင် ဖြစ်သဖြင့် တန်ထန် အင်ပါယာ မိသားစုကို မကြောက်ပေ။ သို့သော် ချမ်ဂျူး အကယ်ဒမီမှ ကြီးမားသော ပုဂ္ဂိုလ်ကြီးကိုမူ မစော်ကားဝံ့ပေ။

ဝေ့ကျင့်ဝူက လေးနက်သော အမူအရာနှင့်...

"အရမ်း ကောင်းတယ်။ ဒီလိုဆိုရင် မင်းတို့ဘက် လူအင်အား ထောက်ပံ့ဖို့ အဆင့်သင့် ဖြစ်ပြီလား... ဒီနေ့ညပဲ ချင်ယန်နဲ့ သူ့အနားကလူတွေ အားလုံးကို သတ်ပစ်မယ်..."

ချင်ယန် ဘေးနားတွင် ဟွာဝမ်ရို ရှိနေသဖြင့် ပန်းဘုရင် ဟွာတန်က အနည်းငယ် မျက်နှာပျက် သွား၏။

## အခန်း(၁၃၇) - ထွက်ပြေးခြင်း....

“အစ်မ ဝမ်ရို၊ မင်းဆီ တစ်ယောက်ယောက် စာပို့ခိုင်းလိုက်တယ်...”

ပန်းဘုရင်၏ ဗိုလ်ချုပ် တစ်ယောက်က ဟွာဝမ်ရိုကို စာတစ်စောင် လာပေးသည်။ ထိုစာကို ရှန်းယုလင်းက လက်ခံပြီး ဟွာဝမ်ရိုထံ လာပို့ပေးလိုက်သည်။

“ကျေးဇူး တင်ပါတယ်....”

ဟွာဝမ်ရိုက စာကို လက်ခံလိုက်သည်။

ရှန်းယုလင်းက အခန်းထဲမှ ထွက်သွားသည်။

ဟွာဝမ်ရိုက စာကို ဖွင့်ဖတ်ရင်း မျက်နှာ ပျက်သွားသည်။

စာထဲတွင် ပန်းဘုရင် ဟွာတန်က ဟွာဝမ်ရိုကို အကြောင်းပြချက် တစ်ခုခု ရှာပြီး ချင်ယန်အနားမှ ချက်ချင်း ထွက်သွားခိုင်းခြင်း ဖြစ်ပြီး ဒီညတွင် သွေးဘုရင်နှင့် အခြားလူများက လှူပ်ရှားကာ ချင်ယန်နှင့် ချင်ယန်အနားမှ လူများကို

သတ်တော့မည့် အကြောင်း ရေးသားထားခြင်း ဖြစ်သည်။

ဟွာဝမ်ရို၏ မျက်လုံးထဲတွင် ဆုံးဖြတ်ရခက်နေသော အမူအရာများ ပေါ်နေသည်။ ပန်းဘုရင်ဟွာတန်က သူမကို တူမ တစ်ယောက်ကဲ့သို့ ဆက်ဆံခဲ့သလို ချင်ယန်ကလည်း သူမ အပေါ် အလွန် ကောင်းနေသည်။

“တကယ်လို့ သူဌေးကို မပြောရင် သူဌေး သေလိမ့်မယ်....”

" တစ်ခုခု မှားသွားရင်လည်း အန်တီအပေါ် အတာကျသွားလိမ့်မယ်...."

ဟွာဝမ်ရိုက စိတ်ထဲမှ တွေးနေမိသည်။ မကြာခင် သူမက ချင်ယန်ဘေးနား ရောက်သွား၏။ ချင်ယန်က ဒဏ်ရာ ရနေသဖြင့် ကုတင်ပေါ်တွင် လှဲလျောင်းနေပြီး မြန်မြန် ဆန်ဆန် မလှုပ်ရှားနိုင်ပေ။

"ဟွာဝမ်ရို၊ ဘာဖြစ်လို့လဲ...."

ချင်ယန်က တွေးရ ခက်သွားသည်။

ဟွာဝမ်ရို၏ အမူအရာကြောင့် တစ်ခုခု မှားနေသည်မှာ အသေအချာပင်။

ဟွာဝမ်ရိုက အသက် ခပ်ပြင်းပြင်းလေး တစ်ချက် ရှူလိုက်ပြီး....

"ချင်ယန်၊ မင်းကို တိုက်ခိုက်ခဲ့တဲ့လူက ဝေ့ကျင့်ဝူလို့ခေါ်တဲ့ ချမ်ဂျူး အကယ်ဒမီက အကြီးအကဲ တစ်ယောက်ပဲ။ ပထမတုန်းက မင်းကို တိတ်တိတ်လေး သတ်ဖို့ စီစဉ်ထားပေမယ့် မအောင်မြင်ဘဲ ကျရှုံးသွားလို့ ကောင်းကင်ဘုံ ဘုရင်လေးပါးကို ခေါ်လိုက်တယ်။ အခု

ကောင်းကင်ဘုံ ဘုရင်လေးပါးက မင်းနဲ့ ဆန့်ကျင့်ဘက် ဖြစ်နေပြီ။ ဒီည လှုပ်ရှားဖို့ အမိန့်ပေးထားတယ်....”

“မင်းနဲ့ မင်းအနီးအနားမှာ ရှိတဲ့ လူအားလုံးကို သတ်ခိုင်းထားတယ်..”

ချင်ယန်က တော်တော်လေး မျက်နှာပျက်သွားသည်။

ယခုလက်ရှိတွင် ညနေစောင်း နေပြီဖြစ်သောကြောင့် မကြာခင် အချိန်တွင်

ကောင်းကင်ဘုံ လေးပါးက လှူပ်ရှား လာကြတော့မည်။

ထို့အပြင် တန်ခိုးရှင်များက အမှောင်ထဲတွင် တိတ်တိတ်လေး စတင်လှုပ်ရှား နေကြသည်မှာ တော်တော်လေး ဖြစ်နိုင်သည်။ ယခုလက်ရှိ မလှုပ်ရှားလျှင်ပင် ရွှေဦးချို သိဒ္ဓိမြို့က ဘေးကင်းကင်းနှင့် ထွက်ခွာ နိုင်တော့မည် မဟုတ်ပေ။

ဟုတ်သည်။

ဝေ့ကျင့်ဝူနှင့် အခြားသူများက သူတို့ကို ယခု သတ်လိုက်သည့်ထက် စာလျှင် သတင်းကို ကြိုသိခြင်းက ပိုကောင်းသည်။

ထိုကဲ့သို့ မဟုတ်ပါက ဘုမသိ၊ ဘမသိနှင့် သေရလိမ့်မည်။

"ဟွာဝမ်ရို ကျေးဇူး အများကြီး တင်ပါတယ်"

ချင်ယန်က ပြောလိုက်သည်။

ယခု လက်ရှိတွင် ဟွာဝမ်ရိုက ငွေပေး ဌားထားသော သူ့ လက်အောက်ငယ်သား

ဖြစ်သော်လည်း ထိုအကြောင်းကို အသိပေးခြင်းကပင် ဟွာ၀မ်ရိုကို အလွန် ကျေးဇူးတင်ဖို့ ကောင်းနေပြီ။

"သူငွေး၊ ကျေးဇူးတင်စကား ပြောဖို့ စောနေသေးတယ်။ ရွှေဦးချို သိဒ္ဓိမြို့က ကောင်းကင်ဘုံ ဘုရင်လေးပါးက မျက်စိဒေါက်ထောက် ကြည့်နေကြပြီ။ ရွှေဦးချို သိဒ္ဓိမြို့က တိတ်တိတ်လေး ထွက်သွားချင်တယ် ဆိုရင်တောင် မဖြစ်နိုင် သလောက်ပဲ"

ဟွာ၀မ်ရိုက မျက်မှောင် ကြုတ်ပြီး ပြောလိုက်သည်။

အခြေခံအားဖြင့် ကောင်းကင်ဘုံ ဘုရင်လေးပါးက ပူးပေါင်း လုပ်ဆောင်ကြခြင်း မရှိပေ။ ယခုအခါ ပူးပေါင်း လုပ်ဆောင် နေကြသဖြင့် ချင်ယန်၏ မျက်နှာ အမူအရာက ပုပ်သိုးနေသည်။

သူ့ကို သတ်ဖြတ်ရန် ချမ်ဂျူး အကယ်ဒမီမှ အကြီးအကဲ တစ်ယောက် ရောက်လာလိမ့်မည်ဟု ချင်ယန်က လုံး၀ မမျှော်လင့်ထားပေ။ ထို့အပြင် ထိုအကြီးအကဲ ဝေ့ကျင့်ဝူက ကောင်းကင်ဘုံ ဘုရင် လေးပါးလုံးကို စည်းရုံး ထားသေးသည်။

'ငါက ပြန်လည် ဝင်စားတဲ့ လူတစ်ယောက် ဖြစ်နေရင်တောင် အရာ အားလုံးကို မထိန်းချုပ် နိုင်သေးဘူးဘဲ.....'

ချင်ယန်သည် စိတ်ထဲမှ ခါးသီးစွာ ပြုံးလိုက်မိသည်။ ချင်ယန်၏ ခန့်မှန်းချက်အရ တစ်လအတွင်းတွင် သူ့ခွန်အားက အများကြီး တိုးတက်လာမည်။။ သွေးဘုရင်ကို သတ်ရမည့် အချိန် ရောက်သောအခါ ကုသိုလ်၏ ကောင်းခြင်းကြောင့် သူ့ခွန်အားက အများကြီး ထပ်မံ တိုးတက်လာအုံးမည်။

ထို့နောက် ရှခွန်ကို အလွယ်တကူ သတ်ပစ်ပြီး အင်ပါယာ မြို့တော်သို့ ကြွကြွရွရွလေး သွားမည်။

အစီအစဉ်က တော်တော်လေး ကောင်းမွန်နေသည်။

ယခုအခါ လူသား၏ တွက်ချက်မှုက ကောင်းကင်ဘုံ၏ တွက်ချက်မှုထက် နိမ့်ကျသည်ဟု ဝန်ခံရတော့မည်။

“သူဌေး၊ ဘယ်လို ဆုံးဖြတ်မှာလဲ...။ မင်း မြန်မြန် ဆုံးဖြတ်ချက်ချမှ ဖြစ်မယ်...”

ဟွာဝမ်ရိုက်က တိုက်တွန်းလိုက်သည်။

ချင်ယန်က အိပ်ယာမှ ထလိုက်ပြီး မကြာခင် ရှောင်ကျူဝမ်နှင့် အခြားလူများကို စုဝေးကာ အခြေအနေကို ပြောပြလိုက်သည်။

ရှီယန်နှင့် အခြားသူများ၊ ကျားဘုရင်တို့ အဖွဲ့ကလည်း အတော်လေး မျက်နှာပျက် နေကြသည်။

"သူဌေး၊ ငါတို့တွေ ရွှေဦးချို့ သိဒ္ဓိမြို့က အမြန်ဆုံး ထွက်ပြေးရမယ်။ ဒါမှ အသက်ရှင်နိုင်ချေ ပို များလိမ့်မယ်…."

စာသင်သား နန်ရွှမ်က လေးနက်စွာ ပြောလိုက်သည်။

ကျားဘုရင်က......

“ဟုတ်တယ်... ကောင်းတဲ့အချက်က ဒီလူတွေ အဆင့်သင့် မဖြစ်သေးတာပဲ။ ရွှေဦးချို သိဒ္ဓိမြို့က ခပ်ကြွမ်းကြွမ်း ဖောက်ထွက်မယ်ဆိုရင် ဖြစ်နိုင်သေးတယ်။ မရတော့လည်း သေရုံပဲပေါ့....”

မျောက် ဒေါသအိုး ကျွမ်းစစ်နှင့် သွေးအလှ ရှန်ကွမ်ယင်တို့ကလည်း သူတို့၏ အမြင်ကို ထုတ်ပြော လာကြသည်။

ချင်ယန်၏ လေ့လာချက်အရ ထိုလူများက သွေးကြောင်ခြင်း၊ သစ္စာဖောက်ခြင်း စသည့် အမူအရာမျိုး မရှိကြပေ။

ချင်ယန်က သူတို့ကို သွေးမြေကျ တိုက်ပွဲကွင်းထဲမှ ရွေးထုတ်ပေးခဲ့ပြီး သူတို့ ခွန်းအားကိုလည်း မြှင့်တင်နိုင်ရန် အကောင်းဆုံး ကြိုးစား ပေးခဲ့သည်။ အချိန်တစ်ခုသို့ ရောက်လာပါက လွတ်လပ်ခွင့် ပေးမည်ဟုလည်း ကတိပေးခဲ့သည်။

သူတို့ကလည်း သစ္စာမဲ့သည့် လုပ်ရပ်မျိုး မလုပ်ကြပေ။

"ကျားဘုရင်၊ မင်း နောင်တ ရနေလား..။ တကယ်လို့ မင်းကို သွေးမြေကျ ကွင်းထဲက မရွေးခဲ့ရင် ဒီလို အကျပ်အတည်းမျိုး ရင်ဆိုင်ရမှာ မဟုတ်ဘူး..."

ချင်ယန်က ပြောလိုက်သည်။

ကျားဘုရင်က လေးနက် တည်ကြည်သော အမူအရာနှင့်....

“သူဌေး၊ မင်းကြောင့်သာ မဟုတ်ရင် ယွမ်ဟူနယ်ပယ်ကို ရောက်မှာ မဟုတ်ဘူး။ ယွမ်ဟူနယ်ပယ်ကို ရောက်ရင်လည်း အနာဂါတ်မှာ ဘာဖြစ်မှန်း မသိနိုင်ဘူး။ ဖြစ်နိုင်တာက သွေးမြေကျွ ကွင်းထဲမှာ တိုက်ပွဲတစ်ပွဲ ရှုံးပြီး သေသွားတာလည်း ဖြစ်နိုင်တယ်။ သွေးမြေကျွ ကွင်းထဲမှာ သေရတာထက်စာရင် အပြင်မှာ သေရတာက ပိုကောင်းတယ်....”

နန်ရှမ်က....

"သူဌေး၊ သွေးမြေကျ ကွင်းထဲမှာ ပြုံးနေတဲ့ဗုဒ္ဓရှို့ခန်းက ငါတို့ကို လူသားတွေလို ဆက်ဆံတာမဟုတ်ဘူး။ ငါတို့က သူ့အတွက် ငွေရှာပေးတဲ့ပစ္စည်း သက်သက်ပဲ။ သူဌေးနဲ့ အတူနေရတဲ့အချိန်က သိပ်မကြာဘူး ဆိုပေမဲ့ လူတစ်ယောက်လိုခံစားရတယ်။ အချိန်တန်လို့ အန္တရာယ်ကြုံမယ်ဆိုရင်လည်း သူဌေးရှေ့ကနေ ပျော်ပျော်ကြီးရင်ကော့ ခံပေးလိုက်မယ်...."

"ငါ့ကိုလည်း ထည့်တွက်လိုက်...."

ကျွမ်းစစ်ကလည်း သူ့ခေါင်းကို သုတ်လိုက်ပြီး......

“အခု မူလအစစ်အမှန် နယ်ပယ်နဲ့ တိုက်ခိုက်နိုင်ပြီ။ အရန်ဆိုပေမဲ့ အားဖြည့်နိုင်ပါသေးတယ်...”

ရှန်ကွမ်ယင်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်.....

“ငါက မသေချင်ဘူး ဆိုပေမဲ့ သေရမှာ မကြောက်ပါဘူး။ သူဌေး... မင်းက ငါတို့အပေါ် အရမ်း ကောင်းတယ်။ ဒီအသက်ကို သူဌေးအတွက် ပေးရရင်တောင် အလကား ဖြစ်တယ်လို့ မထင်ပါဘူး...”

ဟွာဝမ်ရိုက စိတ်ရှုပ်ထွေးသော အမူအရာမျိုး ရှိနေသည်။ ချင်ယန်က သူ့မအပေါ် ကောင်းခဲ့သည် ဆိုသော်လည်း ကျားဘုရင်တို့ ကဲသို့ မပေးဆပ်နိုင်ပေ။

ချင်ယန်က တစ်ချက် ပြုံးလိုက်ပြီး.....

“ကျားဘုရင်၊ မင်းတို့တွေက ဘာဖြစ်လို့ အလွှမ်းခန်း ဇာတ်လမ်းမျိုး လုပ်နေကြတာလဲ..။ ဟွာဝမ်ရိုသာ ငါတို့ကို သတိမပေးခဲ့ဘူးဆိုရင် ဒီနေ့ ငါတို့အားလုံး သေရလိမ့်မယ်။ အခုတော့ မသေပါဘူး။ ဒါပေမဲ့ ရွှေဦးချို သိဒ္ဓိမြို့က

လွတ်မြောက်အောင် ထွက်မပြေးနိုင်မှာဘဲ ကြောက်မိတယ်....”

ကျားဘုရင်နှင့် အခြားလူများက ချင်ယန်ကို ထူးဆန်းသော မျက်လုံးများနှင့် ကြည့်နေကြသည်။

ဤ အခြေအနေမျိုးတွင် ကျားဘုရင်နှင့် အခြားလူများက ချင်ယန်အတွက် နည်းလမ်းကောင်းများ မစဉ်းစား ပေးနိုင်ကြပေ။ အနီးအနားတွင် သူတို့ကို စောင့်ကြည့်နေသော တန်ခိုးရှင် တစ်ယောက် ရှိနေနိုင်သည်။

မကြာခင် ချင်ယန်၏ လက်ထဲတွင် အဆောင်တစ်ခု ပေါ်လာသလို ရှီယန်နှင့် အခြားလူများကလည်း အဆောင်များကို ထုတ်ယူလိုက်ကြသည်။

"သူငွေး၊ ဒါက ..."

ကျားဘုရင်က အံ့အောသင့် နေသော အမူအရာနှင့် မေးလိုက်သည်။

ချင်ယန်က တစ်ချက် ပြုံးလိုက်ပြီး...

"ဒါက အဆင့် (၅) ကိုယ်ပျောက် အဆောင်ပဲ။ ငါတို့ အနီးအနားမှာ စောင့်ကြည့်နေတဲ့ တန်ခိုးရှင်တစ်ယောက် ရှိကို ရှိရမယ်။ ငါတို့က ကိုယ်ပျောက် အဆောင် သုံးပြီး ထွက်သွားမယ်ဆိုရင် ပြဿနာ မရှိဘူး။ ဒါပေမဲ့ ဒီအဆောင်က အချိန် အကန့်အသတ် ရှိတယ်။ ရွှေဦးချို သိဒ္ဓိမြို့က ထွက်သွားဖို့ မလုံလောက်ဘူး..."

"ပြီးတော့ မြို့တံခါးကို တန်ခိုးရှင် တစ်ယောက် စောင့်နေလိမ့်မယ်။ အရမ်းနီးသွားရင် အဲ့လူက အာရုံ ခံမိသွားလိမ့်မယ်....."

"ဒီက ထွက်သွားပြီး ရွှေဦးချို သိဒ္ဓိမြို့ရဲ့ တခြားနေရာတွေမှာ ခဏ ပုန်းနေကြမယ်......"

ကျားဘုရင်နှင့် အခြားလူများ၏ ရင်ထဲမှ အပူလုံးကြီး ကျသွားပြီး သက်ပြင်းချ လိုက်ကြသည်။ တစ်ချိန်တည်းမှာပင် ချင်ယန်နှင့် အခြားလူများတွင် ကိုယ်ပျောက်အဆောင် တစ်ခုစီ ရှိနေသည့်အတွက် တုန်လှုပ် သွားကြသည်။

ကြယ်ငါးပွင့် ကိုယ်ပျောက်အဆောင်က တန်ဖိုး အလွန်ကြီးပြီး အဆင့်အတန်း ကလည်း မြင့်မား လွန်းလှသည်။ လေလံတင် ရောင်းချမည် ဆိုပါက

အဆောင်တစ်ခုကို ငွေတုံး သန်း (၃၀) နှင့် ပါးပိတ်၍ ရောင်းလို့ရသည်။ ချင်ယန်နှင့် သူတို့ အားလုံးပေါင်း (၁၂) ယောက်ဆိုပါက ကိုယ်ပျောက် အဆောင် တန်ဖိုးက သန်း (၃၆၀) ကျော်သွားပြီ။

"သူဌေး... ငါတို့ ဘယ်နေရာ သွားမှာလဲ။ ရွှေဦးချို သိဒ္ဓိမြို့မှာ ကောင်းကင်ဘုံ ဘုရင်လေးပါးရဲ့ လွှမ်းမိုးမှုက အရမ်း ကြီးမားတယ်။ တစ်နေရာ သွားရင်တောင် ငါတို့ကို ရှာတွေ့ဖို့ အချိန် သိပ်ကြာမှာ မဟုတ်ဘူး။ ငါတို့ ထွက်ပြေးရင်တောင် ကျိန်းသေပေါက် သေအုံးမှာပဲ..."

ကျားဘုရင်က မျက်မှောင် ကြုတ်ပြီး ပြောလိုက်သည်။

ကျားဘုရင်က ဤကဲ့သို့ ပြောလိုက်သောအခါ လူတိုင်း စိုးရိမ် သွားကြသည်။

ချင်ယန်က ဟွာဝမ်ရိုကို ကြည့်လိုက်ပြီး.....

"ဟွာဝမ်ရို၊ ငါတို့နဲ့ လိုက်မှာလား။ ဒါမှမဟုတ် ဟွာဝမ်မျှော်စင်ကို အရင် ပြန်မှာလား.။ အခု မင်းက ဟွာဝမ်မျှော်စင်ကို ပြန်မယ်ဆိုရင် ငါတို့ကို သစ္စာဖောက်တာလည်း မဟုတ်ဘူး။ သစ္စာလည်း

မဆူးဘူး။ သတင်း ပြောပြကတည်းက ငါတို့အပေါ် အရမ်း ကောင်းနေပြီ......”

ဟွာဝမ်ရိုက ခဏမျှ စဉ်းစားလိုက်ပြီး.....

“သူဌေး၊ ဟွာဝမ်မျှော်စင်ကို အရင်ပြန်မယ်။ ဒီလို မဟုတ်ဘဲ ငါ့ကို ရှာမတွေ့ရင် သံသယ ဝင်လာလိမ့်မယ်......”

“သူဌေး၊ တခြားလူတွေ မသိရအောင် ငါ့ ပါးစပ်ကနေ မင်း ဘယ်သွားမလဲဆိုတာ မမေးဘူး”

ချင်ယန်က ဖြည်းဖြည်းခြင်း ခေါင်းညိတ်လိုက်ပြီး ဟွာ၀မ်ရိုကို ကိုယ်ပျောက် အဆောင်တစ်ခု ပေးလိုက်သည်။

"ဒါကို သုံးလိုက်။ မင်းကို ရှာတွေ့မှာ မဟုတ်တော့ဘူး...."

ထိုအချိန်တွင် ဟွာ၀မ်ရို ထွက်သွားရန် ရွေးချယ်ခဲ့သော်လည်း ချင်ယန်က အပြည့်အ၀ နားလည် ပေးနိုင်သည်။

ဟွာ၀မ်ရိုက သူ့ကို သတင်း ပြောပြရန် ရွေးချယ်လိုက် ကတည်းက စွန်းစားမှု အချို့ ပြုလုပ်ခဲ့ပြီးပြီ ဖြစ်သည်။

"သူဌေး၊ သတိထားပါ...."

"သုံးလ မကျော်သေးရင် ငါ ထွက်သွားလည်း မင်းလက်အောက်က ဖြစ်နေအုံးမှာပဲ...."

မကြာခင် ဟွာ၀မ်ရိုက ကိုယ်ပျောက်အဆောင်ကို အသုံးပြုပြီး ထွက်ခွာသွားသည်။

"လူတိုင်းပဲ ကိုယ်ပျောက် အဆောင်ကို သုံးကြမယ်။ ပစ်မှတ်က နီးလည်း မနီးဘူး။ ဝေးလည်း မဝေးတဲ့ မြို့သခင် အိမ်တော်ပဲ.... ကြယ်ငါးပွင့် ကိုယ်ပျောက် အဆောင်က ဒီလောက်တော့ ခံနိုင်တယ်..."

ချင်ယန်က ပြောလိုက်သည်။

ရှီယန်နှင့် အခြားလူများက မမျှော်လင့်ထားသဖြင့် ချင်ယန်ကို တအံ့တဩ လှမ်းကြည့်လိုက်ကြသည်။

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်...

"ရွှေဦးချို သိဒ္ဓိမြို့ တစ်ခုလုံးမှာ ကောင်းကင်ဘုံ ဘုရင်လေးပါး မရှာရဲတဲ့ နေရာဆိုလို့ မြို့သခင် အိမ်တော် တစ်ခုပဲ ရှိတော့တယ်....."

ရှီယန်က မျက်မှောင် ကြုတ်လိုက်ပြီး......

"ယန်အာ....... ဒီတစ်ကြိမ် ဦးဆောင်တဲ့လူက ချမ်ဂျူး အကယ်ဒမီက အတွင်းနန်းတော် အကြီးအကဲနော်။ သူတို့က မြို့သခင် အိမ်တော်လည်း ဝင်နိုင်တယ်"

ချင်ယန်က......

“အမေ၊ သားက ဝမ်ကျင်ဟန်ကို သတ်ခဲ့တယ် ဆိုပေမဲ့ ချမ်ဂျူး အကယ်ဒမီက ဒီကိစ္စနောက်လိုက်ဖို့ သုံးလလောက် ကြာအုံးမှာ။ အတွင်းနန်းတော် အကြီးအကဲက အခု လာရှာတယ် ဆိုတော့ စည်းကမ်းနဲ့ မကိုက်ညီဘူး။ ပြီးတော့ သားတို့ကို မြို့သခင် အိမ်တော်က ဂရုစိုက်ထားပေးမယ်လို့ စဉ်းစားမိမှာလည်း မဟုတ်ဘူး...”

“ ကဲ... အားလုံးပဲ မြန်မြန် လုပ်ကြ။ သွေးဘုရင်က လမ်း ရောက်နေတာတောင် ဖြစ်နိုင်တယ်...”

ရှီယန်နှင့် အခြားလူများက ခေါင်းညိတ်လိုက်ကြသည်။ မကြာခင် ချင်ယန်တို့ အားလုံးက ကိုယ်ပျောက် အဆောင်ကို အသုံးပြုပြီး အိမ်ထဲမှာ တိတ်တဆိတ် ထွက်ခွာ သွားကြသည်။

## အခန်း(၁၃၈) - ပြင်ဆင်ချိန် ရက် (၂၀)

ချင်ယန်တို့ ထွက်သွားပြီး မိနစ် (၂၀) ခန့် ကြာသောအခါ ချင်ယန်တို့ အိမ်အနားသို့ ရထားလုံးများ တစ်စင်းပြီး တစ်စင်း ရောက်ရှိလာကြသည်။

မကြာခင် တန်ခိုးရှင် အများအပြား ဆင်းလာကြသည်။

ထိုအထဲတွင် ကောင်းကင်ဘုံ ဘုရင်လေးပါးလုံး ပါဝင်နေသည်။

ယွမ်ဟူနယ်ပယ် အဆင့် (၉) ဝေ့ကျင့်ဝူက ထိုနေရာတွင် ရှိနေသလို သဏ္ဍာန်ဘုရင် ရှူခွန်လည်း ရှိနေသည်။

မူလက သွေးဘုရင်၏ စကားကြောင့် ရှူခွန်သည် ချင်ယန်တို့ အဖွဲ့ကို ရွှေဦးချို သိဒ္ဓိမြို့တွင် မကိုင်တွယ်နိုင်ခဲ့ပေ။ ယခုအခါ ယခင် သဘောတူညီချက်ကို လိုက်နာစရာ

မလိုအပ်တော့ချေ။ ရှုခွန်က သန်မာသဖြင့် သွေးဘုရင်က သူ့ကိုလည်း အကြောင်း ကြားခဲ့သည်။

"ဝိုင်းလိုက်...."

ကောင်းကင်ဘုံ ဘုရင်လေးပါးက သူတို့၏ အင်အားစုများကို အမိန့်ပေးလိုက်ရာ ချင်ယန်တို့၏ အိမ်ကို ချက်ချင်း ဝိုင်းလိုက်ကြသည်။

ယခု တစ်ကြိမ်တွင် ကောင်းကင်ဘုံ ဘုရင်လေးပါးက မူလ အစစ်အမှန် နယ်ပယ် တန်ခိုးရှင် တစ်ရာကျော် ခေါ်လာခဲ့သည်။

ချင်ယန်တို့က ကိုင်တွယ် နိုင်လျှင်ပင် တစ်ဒါဇင်ကျော်မျှသာ ကိုင်တွယ် နိုင်လိမ့်မည်။

“ထွက်မပြေးသေးဘူး။ မဟုတ်လား....”

လုထန်ဝမ်က လေးနက်စွာ မေးလိုက်သည်။

လုထန်ဝမ် ရှေ့တွင် မူလအစစ်အမှန် နယ်ပယ် အဆင့် (၉) တန်ခိုးရှင် တစ်ယောက် ရှိနေပြီး သူက....

"ဟုတ်ကဲ့... သွေးဘုရင်။ ကျွန်တော်တို့ စောင့်ကြည့် နေပါတယ်။ ချင်ယန်တို့က အိမ်ထဲ ဝင်သွားပြီး ကတည်းက ပြန် မထွက်လာသေးပါဘူး"

"မမှားပါဘူး...."

"အိမ်ထဲမှာ ရှိကို ရှိလိမ့်မယ်.."

အခြား တန်ခိုးရှင် နှစ်ယောက်ကလည်း သူတို့၏ သက်ဆိုင်ရာ ကောင်းကင်ဘုံ ဘုရင်များကို တင်ပြလိုက်သည်။

ဝေ့ကျင့်ဝူက အေးစက်သော လေသံနှင့်.......

"ဒီလိုဆိုရင် တွေးနေစရာ မလိုဘူး။ အိမ်ထဲ မြန်မြန်ဝင်ပြီး ချင်ယန်တို့ အဖွဲ့ကို သတ်လိုက်ကြ...."

"ချင်ယန်၊ မင်း ထွက်လာစမ်း... မင်း မလွတ်တော့ဘူး...."

သွေးဘုရင်က လေးနက်သော လေသံနှင့်.......

"အခု ထွက်လာရင် မင်းအသက်ကို ကယ်တင်နိုင်လိမ့်မယ်။ အေး.... အခု မထွက်လာရင်တော့ မင်းတို့အားလုံး မသာ ပေါ်သွားလိမ့်မယ်..."

သွေးဘုရင်၏ အသံက အလွန် ကျယ်လောင်လွန်းလှသည်။ ချင်ယန်တို့သာ အိမ်ထဲ ရှိနေမည်ဆိုပါက ကျိန်းသေပေါက် ကြားလိမ့်မည်။

သို့သော် စက္ကန့်ပေါင်းများစွာသာ ကြာသွားသည်။ တုံ့ပြန်မှု မရှိပေ။

“ငါ ဝင်သွားပြီး ကြည့်လိုက်မယ်.....”

ရှုခွန်က သွေးအေး ရက်စက်သော လေသံနှင့် ပြောလိုက်သည်။ အကယ်၍ အခြားလူ တစ်ယောက်ယောက်က ချင်ယန်အား

သတ်ဖြတ်လိုက်မည် ဆိုလျှင် အချိန်တန်ပါက ဆုငွေးသန်း (၁၀၀) ကို သူရတော့မည် မဟုတ်ပေ။

ထို့နောက် သွေးဘုရင်၏ ပုံရိပ်က အိမ်ထဲသို့ လျှပ်တပြက် ပြေးဝင်သွားသည်။

သွေးဘုရင်က သူ့ကို မတားလိုက်ပေ။ ချင်ယန် လက်ထဲတွင် အစွမ်းထက်သော အဆောင်တစ်ခု ရှိချင် ရှိနေနိုင်သည်။ ထို့ကြောင့် စွန်းစားချင်သည့် ရှခွန်ကို ပျော်ပျော်ကြီး လွှတ်ပေးလိုက်သည်။

ငါး မိနစ်ခန့် ကြာသောအခါ ရှုခွန်က မှုန်ကုတ်ကုတ် အမူအရာနှင့် အိမ်ထဲမှ ပြန်ထွက်လာသည်။

"သင်္ချိုင်းဘုရင်၊ ဘာဖြစ်လာတာလဲ..."

လုထန်ဝမ်က အနည်းငယ် အံ့အောသင့်သွားပြီး မေးလိုက်သည်။

ရှုခွန်က အေးစက်သော လေသံနှင့်......

"မင်းတို့ကောင်တွေ ဘာကို စောင့်ကြည့်နေတာလဲ.... အထဲမှာ တစ်ယောက်မှ မရှိဘူး....။ ချင်ယန်တို့က ထွက်သွားကြပြီ..."

"မဖြစ်နိုင်ဘူး...."

"ငါတို့ စောင့်ကြည့်နေတာပဲ။ ချင်ယန်နဲ့ တခြားသူတွေ ထွက်သွားတယ်ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး...."

"ဒီအိမ်ထဲမှာ မြေအောက်ခန်း ရှိနေတာ ဖြစ်နိုင်တယ်။ ချင်ယန်တို့က အဲ့ အခန်းထဲမှာ ပုန်းနေတာပဲ ဖြစ်ရမယ်...."

ချင်ယန်တို့ အိမ်ကို စောင့်ကြည့်နေသော တန်ခိုးရှင် တစ်ယောက်က ပြန်ပြောလိုက်သည်။ အကယ်၍ မမှောင်ဘဲ နေ့ဘက် ဖြစ်နေမည်ဆိုပါက ဒယ်အိုးဖင်ကဲ့သို့ မည်းနက်နေသော သူ့ကို မျက်နှာကို မြင်ရလိမ့်မည်။

"လူတစ်အုပ် လွှတ်ပြီး ရှာခိုင်းလိုက်...."

သွေးဘုရင်က လေးနက်စွာ ပြောလိုက်သည်။

ချင်ယန်တို့ အဖွဲ့ထဲတွင် ယွမ်ဟူနယ်ပယ် တန်ခိုးရှင် အချို့ ရှိနေသည်။ အထူး ရတနာများလည်း ရှိနိုင်သည်။ အကယ်၍

ချင်ယန်တို့ မမြင်ကွယ်ရာမှ အလစ်ချောင်း တိုက်ခိုက်မည် ဆိုပါက အသေအပျောက် များသွားနိုင်သည်။ ထို့ကြောင့် လူအင်အား ကောင်းကောင်းလေးနှင့် ရှာမှ ဖြစ်လိမ့်မည်။

"ဟုတ်...."

မကြာခင် လူအင်းအား လေးဆယ်က အိမ်ကြီးထဲ ဝင်သွားကြသည်။ ဒီအိမ်က သေးငယ်သဖြင့် ဤလူအင်းအားနှင့် ဆိုလျှင် ကြာကြာ ရှာဖွေရမည် မဟုတ်ချေ။

"မတွေ့ဘူး...."

"မရှိဘူး...."

"အထဲမှာ ဘယ်သူမှ မရှိဘူး....."

နာရီဝက်ခန့် ကြာသောအခါ အိမ်တစ်အိမ်လုံး အပြင် ရေတွင်းနှင့် မိလ္လာတွင်းပါ မကျန် ရှာခဲ့သော်လည်း ရှာမတွေ့ခဲ့ပေ။

"ဒီလူတွေ ဘယ်ရောက် သွားတာလဲ...."

ဝေ့ကျင့်ဝူက အေးစက်သော လေသံနှင့်......

"ငါ့ကို လာမပြောနဲ့... ချင်ယန်တို့ကို အန္တရာယ် ရှိနေပြီဆိုတာ တစ်ယောက်ယောက်က

သွားပြောလို့ပဲ။ မဟုတ်ရင် ဘာဖြစ်လို့ တိတ်တိတ်လေး ထွက်သွားမှာလဲ။ ဒီအဘိုးအိုကို ရှင်းပြသင့်တယ်လို့ မထင်ဘူးလား....”

လုမိသားစု ခေါင်းဆောင်က.....

“အကြီးအကဲဝေ့၊ ချင်ယန်က မင်းရဲ့ သတ်ဖြတ်ခြင်း အငွေ့အသက်ကို ခံစားမိတာ ဖြစ်နိုင်တယ်။ အိမ်တဝိုက်မှာလည်း မူမမှန်တာ မရှိဘူး။ ဒါပေမယ့် သူ့တို့က ဘယ်လို ထွက်သွားတာလဲ။ ဒီအချက်ကိုတော့ နားမလည်နိုင်ဘူး ဖြစ်နေတယ်.....။ ချင်ယန်တို့

လက်ထဲမှာ ကြယ်လေးပွင့် ကိုယ်ပျောက် အဆောင် ရှိတယ်ပဲ ထားလိုက်အုံး။ ကြယ်ငါးပွင့် ကိုယ်ပျောက် အဆောင် မဟုတ်ရင် ဘယ်သူမှ မတွေ့ဘဲ ထွက်သွားဖို့ မဖြစ်နိုင်ဘူး…”

လောင်းကစား ဘုရင်က ခေါင်းခါလိုက်ပြီး….

“ ဖြစ်နိုင်ချေ တော်တော်လေး နည်းတယ်။ ကြယ်ငါးပွင့် ကိုယ်ပျောက် အဆောင် ဆယ်ခုကျော် ဒါက ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ ချင်ယန်က ဒီတစ်ကြိမ်မှာ ပိုက်ဆံ အများကြီး ရသွားပေမဲ့ သူ့မှာ ပိုက်ဆံသုံးဖို့ အချိန် မရှိလိုက်ဘူး”

"ပြီးတော့ ကြယ်ငါးပွင့် ကိုယ်ပျောက် အဆောင်က ပိုက်ဆံရှိတိုင်း ဝယ်လို့ ရလို့လား...."

သွေးဘုရင်က အေးစက်သော လေသံနှင့်........

"အကြီးမားဆုံး ဖြစ်နိုင်ချေက ငါတို့ထဲမှာ ပြဿနာ ရှိနေပြီ။ တစ်ယောက်ယောက်က ချင်ယန်ကို ကြိုပြီး သတင်းပို့လိုက်တာပဲ ဖြစ်မယ်...."

"ချင်ယန်မှာ ကြယ်လေးပွင့် အဆောင်ပဲ ရှိမယ်ဆိုရင်တောင် ငါတို့ထဲက တစ်ယောက်ယောက် ဟာပေးလိုက်တာနဲ့ ဘေးကင်းကင်း ထွက်သွားနိုင်တယ်"

ဝေ့ကျင့်ဝူ၏ စူးရှသော အကြည့်က သွေးဘုရင်နှင့် အခြားလူများထံ ဖြတ်ကျော်သွားသည်။ ပန်းဘုရင်ကမူ မူပျက်နေခြင်း လုံးဝ မရှိပေ။

သူမက မကောင်းမှု ဒုစရိုက်လောကတွင် တစ်ဘဝလုံး ကျင်လည်လာခဲ့သူ ဖြစ်သည်။ အကယ်၍ ဝေ့ကျင့်ဝူက တစ်ချက် ကြည့်ရုံနှင့် သိသွားမည် ဆိုပါက သူမက ပန်းဘုရင် မဟုတ်တော့ပေ။

“မင်းတို့ လေးယောက်၊ ချင်ယန်တို့က အခုချိန်ထိ ရွှေဦးချို သိဒ္ဓိမြို့မှာ ရှိနေသေးတယ်။

ရွှေဦးချို သိဒ္ဓိမြို့မှာ မင်းတို့ အာဏာနဲ့ဆို ချင်ယန်ကို ရှာဖွေဖို့ ပြဿနာ မရှိနိုင်ဘူး။ ဟုတ်တယ် မဟုတ်လား.....”

ဝေ့ကျင့်ဝူက လေးနက်စွာ ပြောလိုက်သည်။

သွေးဘုရင်တို့က ခေါင်းညိတ် ပြလိုက်သည်။

သွေးဘုရင်တို့ အတွက်မူ ရွှေဦးချို သိဒ္ဓိမြို့ ဆိုသည်မှာ သူတို့လက်၊ သူတို့ခြေများ ဖြစ်သည်။ ထို့ကြောင့် ယုံကြည်မှု အပြည့် ရှိနေသည်။

"အမိန့်ဖြန့်.... ချင်ယန်ကို လိုက်ရှာဖို့ လူတိုင်းကို ပြောလိုက်...."

သွေးဘုရင်က လေးနက်စွာ ပြောလိုက်သည်။

လုဘုရင်၊ လောင်းကစား ဘုရင်နှင့် ပန်းဘုရင် တို့ကလည်း အမိန့်ပေး လိုက်ကြသည်။

ဝေ့ကျင့်ဝူက.......

" သုံးရက်ဆိုရင် မင်းတို့ လေးယောက်မှာ ပြဿနာ မရှိဘူး မဟုတ်လား..."

"လုံးဝ မရှိပါဘူး.."

"အကြီးအကဲဝေ့ စိတ်မပူပါနဲ့...."

ရွှေဦးချို သိဒ္ဓိမြို့က မသေးသော်လည်း သူတို့အင်အားကြောင့် သုံးရက်အတွင်း ရှာတွေ့နိုင်မည်ဟု ယုံကြည်ဖြင့် သွေးဘုရင်က ကတိ ပေးလိုက်သည်။

........

"ချင်ယန်၊ ဘာတွေ ဖြစ်နေတာလဲ....."

လောင်လန်နာက ချင်ယန်ကို စိုက်ကြည့်ပြီး မေးလိုက်သည်။

ချင်ယန်က တွန့်ဆုတ်နေသော အမူအရာနှင့်......

"ချမ်ဂျူး အကယ်ဒမီက ကျောင်းသား တစ်ယောက်ကို ငါ သတ်ခဲ့တယ်။ အခု ကျိုးကြောင်း ဆီလျော်မှု မရှိဘဲနဲ့ အတွင်းနန်းတော်က အကြီးအကဲ တစ်ယောက်က ငါ့ကို သတ်ဖို့ လိုက်နေတယ်။ တိုက်ခိုက်တာ မအောင်မြင်တော့ သွေးထိုး လှုံ့ဆော် နေတယ်။ အခု ကောင်းကင်ဘုံ ဘုရင်လေးပါးနဲ့ ပေါင်းပြီး ငါ့ နောက်လိုက်တယ်...."

"ကောင်းကင်ဘုံ ဘုရင်လေးပါးက တစ်မြို့လုံး မြေလှန်ရှာနေတော့ မင်းဆီမှာ ရှောင်နေဖို့ကလွဲပြီး တခြား ရွေးချယ်စရာ မရှိတော့ဘူး။ အပြန်ကျရင်

မင်းအတွက်ကူညီပြီး အဆင့်ငါး ဆေးလုံးတချို့ သန့်စင် ပေးခဲ့တယ်။ ကျင့်ကြံခြင်းအဆင့် တိုးတက်စေတဲ့ ဆေးတွေ ဆိုရင်ရော ဘယ်လိုလဲ.....”

လောင်လန်နှာ က မျက်မှောင် ကြုတ်လိုက်ပြီး....

“ ဒါတွေ မလိုပါဘူး။ အရင်ကလည်း မင်း ဆေးသုံးလုံး ကူညီပြီးတော့ သန့်စင် ပေးခဲ့သေးတာပဲ။ ဒါပေမဲ့ ဒီမှာက မင်းအတွက် လုံး၀ မလုံခြုံဘူး။ ကောင်းကင်ဘုံ ဘုရင်လေးပါးက သံသယဝင်နေတဲ့ အကြောင်းကို မင်းကိုယ်တိုင် ပြောခဲ့တယ်

မဟုတ်လား။ အချိန်တန်ရင် သူတို့က သတ်ဖို့ ရောက်လာနိုင်တယ်.....”

ချင်ယန်က......

“လောင်လန်နာ..... မြို့သခင် အိမ်တော်ထဲမှာ အပြင်ထွက်နိုင်တဲ့ လျှို့ဝှက်လမ်းတွေ မရှိဘူးလား။ တကယ်လို့ ရှိတယ်ဆိုရင် မင်း အရင်ဆုံး ထွက်သွားပါလား။ မင်းရဲ့ ကျင့်ကြံခြင်း အဆင့်က နှစ်လအတွင်း ယွမ်ဟူနယ်ပယ် အဆင့် (၉) ရောက်မယ်လို့ ငါ ကတိပေးတယ်။ သွေးဘုရင်ထက် ပိုပြီး သန်မာ လာစေရမယ်လို့ ငါ အာမခံနိုင်တယ်..”

လောင်လန်နာက ခေါင်းခါလိုက်ပြီး....

"မရှိဘူး.."

"တကယ်လို့ ရှိခဲ့ရင်လည်း ငါထွက်သွားဖို့ မဖြစ်နိုင်ဘူး။ အဖေ ဆုံးသွားတယ် ဆိုပေမဲ့ မြို့သခင်အိမ်တော်မှာ အဖေ လက်ထက်က ကျန်ရစ်ခဲ့တဲ့ လူဟောင်းတွေ အများကြီး ရှိနေသေးတယ်။ သူတို့ထဲက တချို့က ငါ စုဆောင်းထားတာ။ ရွှေဦးချို သိဒ္ဓိမြို့မှာ သူတို့ရဲ့ မိသားစုတွေ ရှိသေးတယ်။ သူတို့ အားလုံးကို ထားခဲ့ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး...."

"တကယ်လို့ သူတို့ကို စွန့်ပစ်လိုက်ရင် သူတို့ သေလိမ့်မယ်.."

"ဒါက နောက်ဆုံး နည်းလမ်းပါ..... ထားလိုက်တော့.."

ချင်ယန်က မျက်မှောင်ကြုတ်ပြီး ပြောလိုက်သည်။ ကြည့်ရသည်မှာ လောင်လန်နာက သူမအဖေအတွက် လက်စားချေရန် လုံး၀ မဟုတ်ဘဲ ပုလဲလုံး ရှာဖွေရန် မြို့သခင်အဖြစ် ဟန်ဆောင်နေခြင်း ဖြစ်နိုင်သည်။

"လန်နာ... မင်းက မြို့သခင်နဲ့ တခြားလူတွေ အကြောင်းကို ပိုသိတယ်။ အခုလက်ရှိ အခြေအနေနဲ့

ဆိုရင် ဒီနေရာမှာ ဘယ်လောက်ကြာကြာ လုံလုံခြုံခြုံ နေနိုင်မယ်လို့ ထင်လဲ....”

လောင်လန်နာက ပေါ့ပေါ့ပါးပါး အမူအရာနှင့်.....

“ငါ့အဖေရဲ့ မွေးနေ့ရောက်ဖို့ ရက် (၂၀) ကျော်ပဲ လိုတော့တယ်။ ဒါက သူ့ရဲ့ အသက် (၆၀) ပြည့် မွေးနေ့။ သေွးဘုရင်နဲ့ တခြားလူတွေကို ကျင့်ကြံနေလို့ဆိုပြီး တခြားနေ့တွေကို ရှောင်လွှဲနေလို့ ရတယ်။ ဒီတစ်ခါတော့ မဖြစ်နိုင်ဘူး..”

"အခုချိန် သွေးဘုရင်တို့က သံသယဝင်နေကြတယ် ဆိုပေမဲ့ မသေချာသေးဘူး။ ဒါပေမဲ့ အဖေ့ မွေးနေ့ဆိုရင်တော့ တန်ခိုးရှင်တွေ အများကြီး ရောက်လာမှာ သေချာတယ်။ သွေးဘုရင်တို့ကလည်း ဒီလို အခွင့်ကောင်းကို လက်လွှတ်ခံမှာ မဟုတ်ဘူး..."

ချင်ယန်က......

"မင်းအဖေ မသေခင်က ယွမ်ဟိုင် နယ်ပယ်လား..."

လောင်လန်နာ အဖေ၏ ကျင့်ကြံခြင်း အဆင့်က သွေးဘုရင်ထက် အများကြီး အားကောင်း နိုင်သည်ဟု ချင်ယန်က တွေးလိုက်မိသည်။

"ဟုတ်တယ်.. ယွမ်ဟိုင် နယ်ပယ် အဆင့် (၄)"

လောင်လန်နာက ပြောလိုက်သည်။

ကြောင်ကိုကြောက်၍ ကြွက် မထရဲသည်မှာ မဆန်းတော့ပေ။ ယခုမူ ကြောင်ကို မမြင်တာကြာ၍ ကြွက်က အကဲစမ်းချင်နေသည်။

'ယွမ်ဟိုင် နယ်ပယ် အဆင့် (၄) ဆိုရင်တော့ ဝေ့ကျင့်ဝူလည်း ရှိန်နေမှာပဲ။ ပြီးတော့ အသက် (၆၀) ပြည့် မွေးနေ့လည်း နီးနေပြီး ဝေ့ကျင့်ဝူနဲ့ ကျန်တဲ့လူတွေက သံသယ ရှိနေရင်တောင် ဒီလောက်တော့ စောင့်မှာပဲ.....”

ချင်ယန်က စိတ်ထဲမှ ကြိတ် ပြောလိုက်သည်။

“ဒါဆိုရင် ရက် (၂၀) ကျော်လောက် ဘေးကင်း နေသေးတာပဲ....”

ချင်ယန်က မျက်လုံးထဲတွင် တောက်ပသော အလင်းရောင်များ ပေါ်လာသည်။ ဒီရက် (၂၀)

အတွင်း သူ၏ခွန်အားကို ပိုမို တိုးမြှင့်ရမည်။ ရှောင်ကျူဝမ်နှင့် အခြားသူများ၏ ခွန်အားကိုလည်း တိုးမြှင့် ပေးရမည်။

ထိုကဲ့သို့ မဟုတ်ပါက အချိန်တန်လျှင် အသေအပျောက် များသွားလိမ့်မည်။

သူတို့ အားလုံး သေသွားနိုင်သည့် ဖြစ်နိုင်ချေကလည်း မနည်းပေ။

## အခန်း(၁၃၉) - လူစုံတက်စုံ...

“မင်းတို့ လေးယောက် ပြောတော့ သုံးရက်ကြာရင် တွေ့ပါမယ်ဆို.... အခု သုံးရက်ပြည့်ပြီ မတွေ့သေးဘူး မဟုတ်လား.....”

ဝေ့ကျင့်ဝူက ဒေါသထွက်နေသော လေသံနှင့်......

“လုံးဝ ပြဿနာ မရှိပါဘူး။ ချင်ယန်ကို ကျိန်းသေပေါက် ရှာတွေ့ပါ့မယ် ဆိုပြီး ဘယ်ကောင့်

ပါးစပ်က ပြောခဲ့တာလဲ..... အခု မင်း ဘာပြောအုံး မလို့လဲ....”

သွေးဘုရင်က မျက်မှောင် ကြုတ်လိုက်ပြီး.......

“အကြီးအကဲဝေ့၊ ချင်ယန်တို့ ပျောက်နေတာက ငါတို့ သတိမထားမိတဲ့ နေရာတွေမှာ ပုန်းနေတာ ဖြစ်နိုင်တယ်။ ငါ့လူတွေ ပိုပြီး အသေးစိတ် ရှာနိုင်အောင် အချိန်ထပ်ပေးပါ။ ချင်ယန်နဲ့ သူ့လူတွေကို ကျိန်းသေပေါက် ရှာတွေ့မှာပါ....”

ဝေ့ကျင့်ဝူက အသက် ခပ်ပြင်းပြင်းလေး တစ်ချက် ရှူလိုက်ပြီး.....

“သွေးဘုရင်၊ ဒီအဘိုးအိုက ဒီဘက်မှာ ကြာကြာ မနေနိုင်ဘူး။ မင်းကို နောက်ထပ်သုံးရက် အချိန် ထပ်ပေးမယ်။ ချင်ယန်ကို ရှာတွေ့မယ်လို့ မျှော်လင့်တယ်။ ဒီလိုမှ မဟုတ်ရင် အဘိုးအို ကတိပေးထားတဲ့ အကျိုးအမြတ်တွေ ဆုံးရှုံး သွားလိမ့်မယ်။”

“ကောင်းပြီ....”

သွေးဘုရင်တို့က သဘောတူရုံသာ တတ်နိုင်ကြသည်။

ရွှေဦးချို သိဒ္ဒိမြို့ထဲတွင် ချင်ယန်တို့ကို လိုက်ရှာနေသော လူများက ပိုမို များပြားလာသည်။

ညစ်ပတ် နံစော်နေသော မြောင်းထဲမှာပင် လိုက်ရှာနေသော လူများ အများကြီး ရှိနေသည်။

သွေးဘုရင်နှင့် အခြားသူများ ဆုငွေ သန်း (၁၀၀) ဆိုပြီး ထုတ်ပြန် ကြေငြာ ထားခဲ့သည်။ ချင်ယန်တို့ကို သတ်စရာ မလိုပေ။ မည်သည့်နေရာတွင် ရှိနေလဲ ဆိုသည်ကိုသာ သတင်းပေးရန် လိုအပ်သည်။

သို့သော် နောက်ထပ် သုံးရက်သာ ကြာသွားခဲ့သည်။ ချင်ယန်တို့၏ အရိပ်အယောင်ကို လုံးဝ မတွေ့ရသေးပေ။

သွေးဘုရင်တို့က နောက်တစ်ကြိမ် စုဝေးနေကြသည်။

"မင်းတို့ လေးယောက်ကို တစ်ကယ် စိတ်ပျက်သွားပြီ။ ခြောက်ရက်တောင် ရှိပြီး လုံးဝ ရှာမတွေ့သေးဘူး"

ဝေ့ကျင့်ဝူက အေးစက်စွာ ပြောလိုက်သည်။

သွေးဘုရင်တို့၏ မျက်နှာ အမူအရာကလည်း မကောင်းလှပေ။

"အကြီးအကဲ ဝေ့၊ ငါတို့တွေ မရှာရသေးတဲ့ နေရာတစ်ခုတော့ ရှိတယ်။ တကယ်လို့ အကြီးအကဲဝေ့သာ စမ်းကြည့်မယ် ဆိုရင်တော့ တွေ့နိုင်ပါတယ်..."

လုထန်ဝမ်က ပြောလိုက်သည်။

ဝေ့ကျင့်ဝူက မျက်မှောင် ကြုတ်လိုက်ပြီး.....

"ဘယ်နေရာလဲ...."

"မြို့သခင် အိမ်တော်...."

လုထန်ဝမ်က မျက်လုံး မှေးလိုက်ပြီး.......

"အကြီးအကဲဝေ့၊ ပွင့်ပွင့်လင်းလင်း ပြောရရင် အခုလက်ရှိ မြို့သခင်က အရင် မြို့သခင် မဟုတ်တော့ဘူးလို့ သံသယ ရှိနေတယ်။ အရင် မြို့သခင်က သေသွားတာ ဖြစ်နိုင်တယ်။ ဒီနေ့ မြို့သခင်က မြို့သခင် အိမ်တော်မှာရှိတဲ့ တန်ခိုးရှင် တစ်ယောက်က ဟန်ဆောင်နေတာ ဖြစ်နိုင်တယ်...."

"ချင်ယန်တို့ ကိုယ်ပျောက် အဆောင်သုံးပြီး မြို့သခင် အိမ်တော်ကို သွားတာလည်း ဖြစ်နိုင်တယ်။ အခု မြို့သခင် အိမ်တော်မှာ ရှိနေနိုင်တယ်။ ကျန်တဲ့ နေရာတိုင်းကို လိုက်ရှာပြီးပြီ။ မရှာရသေးတာ ဆိုလို့ မြို့သခင် အိမ်တော်တစ်ခုပဲ ကျန်တော့တာ...."

ဝေ့ကျင့်ဝူက လေးနက်သော လေသံနှင့်.....

"မြို့သခင်ရဲ့ ခွန်အားက ဘယ်လိုလဲ...."

လုထန်ဝမ်က....

“မြို့သခင် လောင်လန်ချမ်က ယွမ်ဟိုင် နယ်ပယ် အဆင့် (၄) ကျင့်ကြံခြင်း အဆင့် ရှိခဲ့ဖူးတယ်...”

“အခုချိန်မှာ မြို့သခင်က တော်တော်လေး ပုံရိပ်ချပြီး နေ နေတယ်။ ဒါပေမယ့် အရင်ကထက် အားနည်း သွားတာ ဖြစ်ဖို့များတယ်။ ငါတို့က မြို့သခင်ရဲ့ ပိုင်ဆိုင်မှုတွေကို တိတ်တဆိတ် မြိုချနေရတာ။ ခုထိ မြို့သခင် အိမ်တော်ဘက်က လှုပ်ရှားမှု မရှိသေးဘူး။ “

“ အကြီးအကဲဝေ့ ၊ မြို့သခင် အိမ်တော်ရဲ့ အင်အားက တော်တော်းလေး အားကောင်း

နေသေးလို့ ငါတို့က မြို့သခင် အိမ်တော်ထဲ ဝင်ဖို့ အဆင်မပြေဘူး…။ အကြီးအကဲ ဝေ့ကတော့ မတူဘူးလေ…”

ဝေ့ကျင့်ဝူက တော်တော်လေး မျက်မှောင်ကြုတ်နေ၏။

လောင်လန်ချမ်သည် ယခင် ကတည်းက ယွမ်ဟိုင်နယ်ပယ် အဆင့် (၄) ကျင့်ကြံခြင်း အဆင့် ရှိနေခဲ့ပြီး ယခုအခါ ပိုမို အားကောင်း၍ ယွမ်ဟိုင်နယ်ပယ် အဆင့် (၆) ပင် ဖြစ်နေနိုင်သေးသည်။

ထိုကဲ့သို့ ပုဂ္ဂိုလ်မျိုးက ချမ်ဂျူး အကယ်ဒမီမှာပင် အတော်လေး အားကောင်းသည်ဟု သတ်မှတ်နိုင်သည်။

ဝေ့ကျင့်ဝူက ချမ်ဂျူး အကယ်ဒမီ၏ အဖွဲ့ဝင်တစ်ယောက် ဖြစ်သော်လည်း ထိုကဲ့သို့ ပုဂ္ဂိုလ်မျိုးကို အကြောင်းပြချက် မရှိ စော်ကားလိုက်ပါက ပျော်စရာ ကောင်းလိမ့်မည် မဟုတ်ချေ။

“ငါတို့အားလုံး အတူတူ သွားကြမယ်…”

ဝေ့ကျင့်ဝူက  လေးနက်စွာ ပြောလိုက်သည်။

သွေးဘုရင်က ချောင်းတစ်ချက် ဆိုးလိုက်ပြီး.....

"အကြီးအကဲဝေ့၊ အခု ကျွန်တော်က ဗိုက်သိပ်မကောင်းဘူး ...."

ယခုအခါ ဝေ့ကျင့်ဝူ ပေးမည့် အကျိုးအမြတ်များလည်း သူ့ ခေါင်းထဲတွင် မရှိတော့ချေ။

သွေးဘုရင်နှင့် အခြားလူများကလည်း စွန့်စားပြီး မြို့သခင် အိမ်တော်ဆီ သွားဖို့လား.....

သေချာပေါက် သူတို့ မလုပ်ကြပေ။

သွေးဘုရင်တို့ အဖွဲ့တွင် သံသယစိတ် အချို့ ရှိနေသော်လည်း ခိုင်မာသော သက်သေ အထောက်အထား မရှိသေးချေ။

အကယ်၍ လောင်လန်ချမ် လုံးဝ မသေပါက မည်ကဲ့သို့ ဖြစ်လာမည်နည်း......

ယခင်အချိန်တွင် သူတို့က အနည်းငယ် လှုပ်ရှား ခဲ့သော်လည်း လောင်လန်ချမ် ဂရုမစိုက်ခဲ့ချေ။ သို့သော် ထိုကိစ္စနှစ်ခု ပေါင်းလိုက်မည် ဆိုပါက လောင်လန်ချမ်က ကျိန်းသေပေါက် ဒေါသ ပေါက်ကွဲ သွားလိမ့်မည်။ မြို့သခင် အိမ်တော်တွင်

လောင်လန်ချမ်က ယွမ်ဟိုင် နယ်ပယ် ရောက်နေသည့် အပြင် ကျန်သည့် တန်ခိုးရှင်များကလည်း အများကြီး ရှိနေသေးသည်။ ထို့အပြင် သွေးဘုရင်တို့ အဖွဲ့က ဘုံရည်ရွယ်ချက် တစ်ခုနှင့် အတူတူ ပူးပေါင်း လှုပ်ရှားနေကြခြင်း ဖြစ်သည်။ သေချာသော မဟာမိတ်များ မဟုတ်ချေ။

ထို့အပြင် ကောင်းကင်ဘုံ ဘုရင်လေးပါးက ယခုအခါတွင် စည်းလုံးနေသော်လည်း မည်သည့် ဘုရင်က မြို့သခင်အား ထောက်ခံနေမလဲ ဆိုသည်ကို မသိနိုင်ပေ။

အကယ်၍ လောင်လန်ချမ်၏ ခွန်အားက ကျဆင်းသွားခြင်း မရှိပါက သို့မဟုတ် ကျဆင်းသွားသည့်တိုင် ယွမ်ဟိုင် နယ်ပယ်တွင် ရှိနေသေးပါက သူတို့ လေးယောက်လုံး မရဏာလမ်းသို့ ပျော်ပျော်ကြီး ရောက်သွားလိမ့်မည်။

ဝေ့ကျင့်ဝူက နှာခေါင်း တစ်ချက်ရှုံ့လိုက်ပြီး....

“မင်းက ဗိုက်မကောင်းဘူး။ ဗိုက်ရစ်နေတယ် ဟုတ်လား။ ဒီအကြီးအကဲက ဘာမှ မဖြစ်ရတော့ဘူးလား။ ယွမ်ဟိုင် နယ်ပယ် တန်ခိုးရှင်

ဆိုတာက မထိတထိ သွားစလို့ရတဲ့ အရာ မဟုတ်ဘူး..”

ယွမ်ဟိုင် နယ်ပယ် အဆင့် (၁) မှ အဆင့် (၃) အထိသည် အဆင့်နိမ့်ဖြစ်ပြီး ယွမ်ဟိုင် နယ်ပယ် အဆင့် (၄) သည် အလယ်အဆင့် ဖြစ်နေသည်။

“အကြီးအကဲဝေ့၊ ငါတို့ ဆက်ရှာနေတဲ့ အချိန်မှာ ခဏလောက် စောင့်ပေးပါ။ ရယ် (၂၀) ပြီးရင် မြို့သခင်ရဲ့ အသက် (၆၀) ပြည့် မွေးနေ့ရှိတယ်။ အခုချိန် ငါတို့ သွားရင်လည်း မြို့သခင်က လေ့ကျင့်နေလို့ ဆိုပြီး ထွက်တွေ့မှာ မဟုတ်ဘူး။

အဲ့အချိန် ရောက်ရင်တော့ ဘာပြဿနာမှ ရှိလာနိုင်မှာ မဟုတ်ပါဘူး...”

ဝေ့ကျင်ဝူက မျက်မှောင် ကြုတ်နေသည်။ နောက်ထပ် ရက် (၂၀) ဆိုသည့်မှာ တော်တော်လေး ကြာလွန်းသည်။

သို့သော် ချင်ယန်တို့ကို ရှာဖွေရန် မြို့သခင် အိမ်တော်ထဲသို့ စွန့်စား ဝင်ရောက် ရခြင်းထက်စာလျှင် ရက် (၂၀) စောင့်ရခြင်း ပို ကောင်းမွန်နေသည်။

"မင်းတို့ လေးယောက်၊ သေသေချာချာ လုပ်ကြ။ အချိန်တန်ရင် အဘိုးအိုက ကတိပေးထားအတိုင်း လက်ဆောင်တွေ ပေးမယ်..."

ဝေ့ကျင့်ဝူက လေးနက်စွာ ပြောလိုက်သည်။

"ရက် (၂၀) က အရမ်းကြာတယ်။ ဒီအဘိုးကြီးက ဒီမှာနေလို့ မရဘူး။ ဒါပေမဲ့ မင်းတို့ဘက်က အောင်မြင်တာနဲ့ ဒီအဘိုးကြီး သိမှာပဲ..."

သွေးဘုရင်က....

"အကြီးအကဲဝေ့၊ ဒီလောက် အမြန်ကြီး ထွက်သွားတော့မှာလား..."

ဝေ့ကျင့်ဝူက မျက်မှောင် ကြုတ်လိုက်ပြီ........

"အသွားအပြန်က ဆယ်ရက်ကျော် လောက်ပဲ ကြာမှာ။ ဒါကြောင့် နောက်ကျမှာ မဟုတ်ဘူး အချိန်မီ ပြန်ရောက်မှာ။ မင်းတို့ လေးယောက်ကို ပြောချင်တာ တစ်ခု ရှိသေးတယ်"

"ချင်ယန်ရဲ့ ပင်ကိုယ် ပါရမီက အရမ်း ကောင်းတယ်။ အခု မင်းတို့က လုံးဝ စော်ကားလိုက်ပြီ ဆိုတော့ သူ့ကို တစ်ခါတည်း

ကိစ္စပြတ်အောင် သတ်ရင်သတ် ၊ မဟုတ်လို့ကတော့ သူ ကြီးပြင်းလာတာနဲ့ မင်းတို့ရဲ့ ဒုက္ခက ပေါ့သေးသေးလေး မဟုတ်တော့ဘူး.....”

သွေးဘုရင် နှင့် အခြားလူများက တိတ်တဆိတ် မျက်မှောင် ကြုတ်သွားကြသည်။

“အကြီအကဲဝေ့၊ စိတ်ချစမ်းပါ။ ချင်ယန်တို့ အဖွဲ့ကို သေချာပေါက် သတ်ပစ်မှာပါ”

သွေးဘုရင်က လေးနက်စွာ ပြောလိုက်သည်။

ထိုအချိန်တွင် အမှန်တကယ် နောက်ဆုတ်၍ မရတော့ကြောင့် သွေးဘုရင် သိသွားသည်။

ယခုလက်ရှိ ချင်ယန်ကို မကြောက်သော်လည်း ချင်ယန်၏ ကြီးထွားမှုနှုန်းက မြန်ဆန်လွန်းလှသည်။ ထို့အပြင် သူ့အနားတွင် ရှိနေသော ကျားဘုရင်ကလည်း ယွမ်ဟူနယ်ပယ် ရောက်နေပြီ....

“ဒီအဘိုးအို နောက်တစ်ကြိမ် ပြန်လာတဲ့အချိန်ကျရင် မင်းတို့ဆီက သတင်းကောင်း ကြားရမယ်လို့ မျှော်လင့်တယ်...”

မကြာခင် ဝေ့ကျင့်ဝူက ပြန်လည် ထွက်ခွာသွားသည်။ ချင်ယန်ကို သတ်ဖြတ်ရန် အချိန်ယူပြီး လာခဲ့ရသဖြင့် ချမ်ဂျူး အကယ်ဒမီဘက်မှ သူ့ကိစ္စများ လစ်ဟင်းနေခဲ့တာ ကြာပြီ။

သွေးဘုရင်က လေးနက်သော အမူအရာနှင့်.....

“လူတိုင်းပဲ.. အကြီးအကဲဝေ့ ပြောသွားတာကို ကြားတယ် မဟုတ်လား....။ သူ ပြောတာမှန်တယ်။ ဒီအခြေအနေ ရောက်မှတော့ ငါတို့က နောက်ဆုတ်စရာ မရှိတော့ဘူး။ ချင်ယန်ကို နောက်ထပ် သုံးရက် ထပ်ရှာကြမယ်။ ရှာမတွေ့ဘူး

ဆိုရင်တော့ ချင်ယန်က မြို့သခင် အိမ်တော်မှာ ရှိနေဖို့ ဖြစ်နိုင်ချေ များသွားပြီ။ အဲ့ဘက်ကို စောင့်ကြည့် နေရမယ်...”

“အင်း..”

လုမိသားစု ခေါင်းဆောင် လုဝမ်ရီနှင့် အခြားလူများကလည်း ခေါင်းညိတ် လိုက်ကြသည်။

.....

အပြင်ဘက်တွင် လေများ၊ မိုးများ ပြင်းထန်နေသော်လည်း မြို့သခင် အိမ်တော်ထဲတွင်

အေးချမ်း သာယာ နေခဲ့သည်။ ချင်ယန်တို့ အားလုံးက အပြင်းအထန် လေ့ကျင့် နေခဲ့ကြသည်။

"ယွမ်ဟူ နယ်ပယ် အဆင့် (၇)"

လောင်လန်နာ၏ မျက်လုံးထဲတွင် စိတ်လှုပ်ရှားသော အမူအရာများ ပေါ်လာသည်။ ချင်ယန် ပေးခဲ့သော ဆေးလုံးကို စား၍ မကုန်သေးခင် သူမ၏ ကျင့်ကြံခြင်း အဆင့်က တိုးတက် လာခဲ့ပြီ။

လောင်လန်နာတွင် သူမအဖေ ပေးခဲ့သော ရတနာများ ရှိနေပြီး သူမ၏ နတ်သူငယ်

သွေးမျိုးဆက်ကိုပါ ထည့်ပေါင်းလိုက် မည်ဆိုပါက သူမ၏ ယွမ်ဟူနယ်ပယ် အဆင့် (၇) က လောင်းကစား ဘုရင်ထက် အားနည်းခြင်း မရှိတော့ပေ။

ထို့အပြင် ချင်ယန်၏ ဆေးကိုစားပြီး လေ့ကျင့်ခဲ့သည်မှာ ဆယ်ရက်ကျော်သာ ရှိသေးသည်။ ထို့ကြောင့် ချင်ယန် ပေးခဲ့သော ဆေးသုံးလုံးကို ကုန်အောင် သောက်သုံးပြီးပါက ယွမ်ဟူနယ်ပယ် အဆင့် (၈) သို့ ရောက်ရန် ပြဿနာ မရှိနိုင်ဘူးဟု ခန့်မှန်းထားသည်။

အချိန်တန်ပါက သွေးဘုရင်ထက်ပင် အနည်းငယ် ပိုအားကောင်း နိုင်သည်ဟု လောင်လန်နာက ခန့်မှန်းထားသည်။

အချိန်များက တစ်ရက်ပြီး တစ်ရက် ကုန်ဆုံးလာပြီး အခြားနေရာမှ တန်ခိုးရှင်များက ရွှေဦးချို သိဒ္ဓိမြို့သို့ တဖွဲဖွဲ ရောက်ရှိလာကြသည်။

တန်ထန် အင်ပါယာမှ တန်ခိုးရှင် များစွာ ရောက်လာသည်။

အနီးအနားနိုင်ငံများမှ တန်ခိုးရှင် များစွာလည်း ရောက်လာကြသည်။

ရွှေဦးချို သိဒ္ဓိမြို့သခင်က အမြဲတမ်း ထူးခြား ဆန်းကြယ် နေခဲ့သည်။ ဤတစ်ကြိမ်သည် မြို့သခင်၏ အသက် (၆၀) ပြည့်မွေးနေ့ ဖြစ်သဖြင့် လူသိရှင်ကြား လူရှေ့ ထွက်လာမည်ဟု သတင်း ကြားထားကြသည်။

ထိုတန်ခိုးရှင်များက အစွမ်း ထက်သော်လည်း ရွှေဦးချို သိဒ္ဓိမြို့သခင်က ယှမ်ဟိုင်နယ်ပယ် တန်ခိုးရှင် ဖြစ်နေသည် မဟုတ်ပါလား.......

“သွေးဘုရင်၊ ချင်ယန် သတင်း မရသေးဘူးလား....”

သွေးဘုရင် ရှေ့တွင် တန်ခိုးရှင် နှစ်ယောက် ထိုင်နေသည်။ တစ်ယောက်က ကျန်းနန်ဘုရင်ခံ ဟန်ရှီပောင် ဖြစ်ပြီး နောက်တစ်ယောက်က ရှီမိသားစု အဖွဲ့ဝင် တစ်ယောက်ဖြစ်သည်။ သို့သော် အပေါ်ယံ အဖွဲ့ဝင် မဟုတ်ပေ။

ဟန်ရှီပောင်နှင့် ရှီမိသားစု တန်ခိုးရှင်တို့ နှစ်ယောက်လုံးက ယွမ်ဟူ နယ်ပယ် ကျင့်ကြံခြင်း အဆင့်တွင် ရှိနေကြသည်။

ထိုအချိန်တွင် ဟန်ရှီပောင်က ငွေအမြောက်အများ ဆုံးရှုံးပြီး စိတ်ဓါတ်

ကျနေသော်လည်း ကျန်းနန် လုပ်ငန်းစုက ဖန်ယန် လုပ်ငန်းစုထက် ပိုအားကောင်း နေသေးသည်။ ချင်ယန် ပြန်လည် မမွေးဖွားခင်က ဆိုလျှင် ဖန်ယန် လုပ်ငန်းစုက ပျက်စီးပြီး မင် မိသားစုက ဘဝပျက်ခဲ့ရသည်။

ဟန်ရှီဟောင်က အချိန် အတော်ကြာပြီးနောက် ရွှေဦးချို သိဒ္ဓိမြို့ဘက်တွင် သွေးဘုရင်နှင့် အခြားသူများက ချင်ယန်အား ကိုင်တွယ်နေသည်ကို ကြားလိုက်မှ ရင်ထဲမှ အပူလုံးကြီး ကျပြီး သက်ပြင်း ချနိုင်ခဲ့သည်။ ဒီတစ်ကြိမ်တွင်

ဟန်ရှီပြောင်က သူကိုယ်တိုင် ရောက်လာသည့် အပြင် အစွမ်းထက်သော လက်အောက်ငယ်သား အချို့လည်း ခေါ်ဆောင် လာခဲ့သည်။

ရှီမိသားစုဘက်တွင် လူ အနည်းငယ်သာ ပါသော်လည်း သူတို့ အားလုံးက ကျွမ်းကျင်သူများ ဖြစ်ကြပြီး တစ်ယောက်ချင်းစီက မူလ အစစ်အမှန် နယ်ပယ် ကျင့်ကြံခြင်း အဆင့်တွင် ရှိနေကြသည်။

သွေးဘုရင်က လေးနက်သော လေသံနှင့်.....

"ချင်ယန်က မြို့သခင် အိမ်တော်မှာ ရှိနေဖို့ (၉၀) ရာခိုင်နှုန်းလောက် သေချာနေတယ်။ ကျန်တဲ့

နေရာတွေမှာတော့ မြေတူးပြီးတော့တောင် ရှာပြီး သွားပြီ....”

လူသတ်ချင်စိတ်နှင့် ဟန်ရှီဟောင်၏ မျက်လုံးက တလက်လက် တောက်ပလာပြီး.....

“မြို့သခင် မွေးနေ့က သုံးရက်ပဲ လိုတော့တယ်.... နောက်ထပ် သုံးရက်လောက် ထပ် စောင့်လိုက်တာပေါ့....”

“ချင်ယန်တို့ အဖွဲ့ သေကို သေရမယ်....”

## အခန်း(၁၄၀) - တော်လွန်းသော ဆေးဆရာကြီး....

ဘုန်း.... ဝုန်း....

ချင်ယန်၏ ခန္ဓာကိုယ်ထဲတွင် သွေးချီများက အရှိန်အဟုန် ပြင်းထန်စွာ စီးဆင်းနေပြီး ချီနှင့် သွေးများက စွမ်းအင်များကို သယ်ဆောင်ကာ ခန္ဓာကိုယ်အနှံ့ ဖြန့်ဝေနေသည်။

ဆဲလ်တိုင်းက တက်ကြွလှုပ်ရှားကာ အောင်ပွဲခံနေသလို ဖြစ်နေသည်။

"မူလ အစစ်အမှန် နယ်ပယ် အဆင့် (၉)"

ချင်ယန်က မျက်လုံးများကို ဖွင့်လိုက်ရာ သူ့မျက်လုံးများက တလက်လက် တောက်ပနေသည်။

အကယ်၍ မမျှော်လင့်ထားသော အဖြစ်အပျက်သာ မရှိခဲ့ပါက မူလ အစစ်အမှန် နယ်ပယ် အဆင့် (၈) ထိ မြင့်တင်ရန်သာ ချင်ယန်က ကြံရွယ် ထားခဲ့သည်။ ယခုလက်ရှိ အခြေအနေတွင်

မူလအစစ်အမှန် နယ်ပယ် အဆင့် (၉) အထိ အဆင့်မြှင့်တင်ထားမှ ပိုမို လုံခြုံ၍ ဘေးကင်း လိမ့်မည်။

ချင်ယန်၏ သိုင်းကျင့်စဉ်၊ သိုင်းဝိညာဉ်နှင့် တိုက်ပွဲ စွမ်းရည်တို့ကို ပေါင်းစပ်လိုက်မည် ဆိုပါက သူ၏ မူလ အစစ်အမှန် နယ်ပယ် အဆင့် (၉) သည် သွေးဘုရင်ထက် အားနည်းခြင်း မရှိနိုင်တော့ပေ။

"အခုလက်ရှိ လန်နာရဲ့ ကျင့်ကြံခြင်းအဆင့်က ယွမ်ဟူနယ်ပယ် အဆင့် (၇) ဖြစ်နေလောက်ပြီ။ လုထန်ဝမ်ထက် အားမနည်း နိုင်တော့ဘူး။ စီနီယာ

အစ်မကလည်း ယွမ်ဟူ နယ်ပယ် အဆင့် (၁) ရောက်နေပြီ။ အချိန်တန်ရင် သွေးဘုရင် လုထန်ဝမ်ထက် အားနည်းမှာ မဟုတ်တော့ဘူး။ ဟွာဝမ်ရှိုကလည်း ကူညီပေးနိုင်တယ်။ ငါတို့ လေးယောက်လုံးက ကောင်းကင်ဘုံ ဘုရင် လေးပါးလောက် အစွမ်းထက်နေပြီ.....”

“ယုလင်း၊ ကျူယင်၊ ကျားဘုရင်နဲ့ ရှန်ကွမ်ယင်တို့ရဲ့ ခွန်အားကလည်း ယွမ်ဟူနယ်ပယ် လောက် ရှိနေပြီး ယွမ်ဟူနယ်ပယ် ထဲမှာတောင် အားနည်းတယ်လို့ ပြောလို့ မရတော့ဘူး...”

ပြင်းပြင်းထန်ထန် လေ့ကျင့်ခဲ့သော တံခါးပိတ်ကျင့်ကြံမှု ကာလအတွင်း၌ သူတို့ အားလုံး၏ ခွန်အားက သိသိသာသာ အားကောင်းလာနိုင်သည်ဟု ချင်ယန်က သုံးသပ်လိုက်သည်။

ဟုတ်သည်။ ကုန်ဆုံးမှုကလည်း မနည်းပေ။

ပျမ်းမျှအားဖြင့် တစ်ယောက်ကို ကြယ် (၅) ပွင့် ဆေးလုံး သုံးလုံးမှ လေးလုံး အထိ သောက်သုံးခဲ့ကြရသည်။

ချင်ယန်သည် သန့်စင်ထားသည့် ကြယ် (၅ ) ပွင့် ဆေးလုံးများကို သန်း (၃၀) ကျော်နှင့်

ရောင်းချနိုင်ကြောင်း သိထားရမည်။ ထို့ကြောင့် လူတိုင်းက ငွေတုံး သန်း (၁၀၀) ကျော်တန်သည့် ဆေးလုံးများကို သောက်သုံးခဲ့ကြသည်။

ချင်ယန်က ဆေးလုံး ဆယ်လုံးကျော် သောက်သုံးခဲ့သည်။

ချင်ယန်၏ ဆေးသန့်စင်ခြင်း အောင်မြင်မှု ရာခိုင်နှုန်း (၁၀၀) ရာခိုင်နှုန်း ဖြစ်နေသော်လည်း ကုန်ကြမ်း ကုန်ကျစရိတ်က သန်းတစ်ရာ ကျော်နေသေးသည်။

"လောင်လန်နာ... အခုလက်ရှိ အခြေအနေက ဘယ်လိုလဲ...."

ချင်ယန်က လောင်လန်နာ အနားသို့ ရောက်သည်နှင့် မေးလိုက်သည်။

လောင်လန်နာက မျက်မှောင် ကြုတ်လိုက်ပြီး......

"ချင်ယန်၊ အခြေအနေက တော်တော် မကောင်းဘူး...."

"တခြားနေရာက တန်ခိုးရှင် တွေလည်း ရွှေဦးချို သိဒ္ဓိမြို့ကို ရောက်နေကြပြီ။ သူတို့ထဲက တချို့ကို ကောင်းကင်ဘုံ ဘုရင်လေးပါးက ဖိတ်လိုက်တာ....."

"သူတို့က ဒီပွဲမှာ ပြဿနာရှာဖို့ များတယ်...."

ချင်ယန်၏ မျက်လုံးထဲတွင် သွေးအေး ရက်စက်သော အလင်းရောင်တစ်ခု ဖြတ်ခနဲ လက်သွားပြီး.....

"ဒီည စ လှုပ်ရှားကြရအောင်....။ သွေးဘုရင် လုထန်ဝမ်ကို အရင်ဆုံး သတ်မယ်...."

လောင်လန်နာက စိတ်တိုသွားသော အမူအရာနှင့်.....

"ချင်ယန်၊ မင်း ဘာတွေ ပြောနေတာလဲ.... လုထန်ဝမ်က ယွမ်ဟူနယ်ပယ် အဆင့် (၉) ရှိတယ်။ သူတို့ထဲမှာ အစွမ်း အထက်ဆုံးပဲ။ ရတနာတွေလည်း ရှိနေသေးတယ်။ ပြီးတော့ သူ့လက်အောက်ငယ်သား တော်တော် များများကလည်း သူ့ကို ကယ်တင်ဖို့ ချက်ချင်း ရောက်လာကြလိမ့်မယ်။ တခြား အင်းအားစုက တပ်ဖွဲ့တွေလည်း ရောက်လာလိမ့်မယ်...."

"ငါ့မှာ ကိုယ်ပိုင်နည်းလမ်း ရှိတယ်...."

ချင်ယန်က.....

"လုထန်ဝမ်ကို သတ်ဖို့က ဘာပြဿနာမှ မရှိဘူး။ ဒီကောင် မနက်ဖြန် မျက်နှာ မသစ်ရတော့မှာ သေချာတယ်...."

လောင်လန်နာက မျက်မှောင် ကြုတ်လိုက်ပြီး....

"ချင်ယန်၊ ဘာဖြစ်လို့ လုထန်ဝမ်ကို သတ်ဖို့ အရမ်း လောနေတာလဲ။ သူ့ကို သတ်ပစ်လိုက်လို့လဲ ဒီအခြေအနေက နောက်ပြန် ဆုတ်သွားမှာ

မဟုတ်ဘူး။ ငါတို့ရဲ့ ခွန်အားကလည်း မြန်မြန်ဆန်ဆန် တိုးတက်နေတာပဲ ဘာဖြစ်လို့ နောက်ထပ် သုံးရက်လောက် ထပ် မစောင့်နိုင်ရတာလဲ"

လောင်လန်နာ၏ အမြင်တွင် သုံးရက်ဆိုသော အချိန်က သူတို့တိုးတက်ရန် လုံလောက်နေသည်။

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်......

"အချိန်တန်ရင် မင်း သိလိမ့်မယ်..."

"လောင်လန်နာ.. မင်းကို တစ်ခု ပြောရအုံးမယ်.... လုထန်ဝမ် သေဆုံးသွားရင်တောင် လုဝမ်ရှီနဲ့ ကျန်တဲ့လူတွေက လှုပ်ရှားအုံးမှာပဲ"

လောင်လန်နာက ချင်ယန်ကို စိုက်ကြည့်လိုက်သည်။ ချင်ယန်၏ အစီအစဉ်ကို သူမ မသိသော်လည်း သူမ၏ စိတ်ထဲတွင် ချင်ယန်ကို ယုံကြည် နေမိသည်။

ချင်ယန်က သူမကို ဆေးလုံးများ ပေးခဲ့သည်။ ယခုမူ သူမ၏ ကျင့်ကြံခြင်း အဆင့်က ယွမ်ဟူ

နယ်ပယ် အဆင့် (၈) သာ ရှိသေးသော်လည်း သွေးဘုရင်ထက် အားနည်းခြင်း မရှိတော့ပေ။

"သတိထား..."

လောင်လန်နာက ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

ချင်ယန်က ခေါင်းညိတ်လိုက်သည်။

မကြာခင် ချင်ယန်က အဆင့် (၅) ကိုယ်ပျောက် အဆောင်သုံးပြီး မြို့သခင် အိမ်တော်မှ ခပ်မြန်မြန် ထွက်ခွာသွားသည်။

ယခုလက်ရှိ မြို့သခင် အိမ်တော်ကို စောင့်ကြည့်နေသော တန်ခိုးရှင်များ ရှိသော်လည်း ချင်ယန်က ကိုယ်ပျောက်အဆောင် သုံးပြီး ထွက်သွားသဖြင့် မသိလိုက်ကြပေ။

ဆယ်မိနစ်ခန့် ကြာသောအခါ ချင်ယန်က သွေးဘုရင် လုထန်ဝမ်၏ အိမ်သို့ ရောက်ရှိလာသည်။

ယခုလက်ရှိတွင် လုထန်ဝမ်၏ အိမ်တော်က ကာကွယ်ရေး သတိကို တပ်လှန့်ထားသည်။

သို့သော် ချင်ယန်နှင့် တွေ့သောအခါ အသုံးမဝင်တော့ပေ။

"ဆရာကြီး.. မင်းက တော်တော်ဆိုး....'

"မင်း ကောင်းလွန်းလို့ပါကွာ..."

လုထန်ဝမ် အိမ်တော်၏ အနောက်ဘက် ခြံဝန်းထဲတွင် အမျိုးသမီး တစ်ယောက်၏ ညည်းညူသံက အဆက်မပြတ် ထွက်ပေါ်နေသည်။

အခန်း အပြင်ဘက်ရှိ အိမ်ဖော်များ၏ မျက်နှာကလည်း ခရမ်းသီးကဲ့သို့ နီရဲနေသည်။

"အရမ်း နောက်ကျနေပြီ... ဒီခွေးသားကလည်း ပြီးကို မပြီးနိုင်ဘူး....."

ချင်ယန်က စိတ်ထဲမှ ရေရွတ်လိုက်သည်။ ထို့နောက် အခန်းနားသို့ တိတ်တဆိတ် ချဉ်းကပ်ပြီး ပြတင်းပေါက်နားတွင် အမှုန့်အချို့ ဖြူးလိုက်ရာ မွှေးရနံ့ သင်းသင်းလေးက အခန်းထဲသို့ ပျံ့နှံ့သွားသည်။

အခန်းထဲတွင် ရှိနေသော လုထန်ဝမ်က အမွှေးနံ့ကို ရှူလိုက်မိသည်။

"မကောင်းတော့ဘူး...."

လုထန်ဝမ်က အလွန် သတိ ကြီးလွန်းလှသည်။ ထိုရနံ့ ခပ်ဖျော့ဖျော့ကို အခြားလူများက

သတိမထားမိ နိုင်သော်လည်း ချွေးတလုံးလုံး၊ သံတလုံးလုံး ဒိုက်ထိုးနေသော လုထန်ဝမ်က သတိထား လိုက်မိသည်။

သို့သော်လည်း အလွန် နောက်ကျသွားခဲ့ပြီ......

"မဟုတ်ဘူး.. မဟုတ်ဘူး..."

လုထန်ဝမ်က မျက်လုံးပြူးလာပြီး ခန္ဓာကိုယ် တောင့်တင်းလာကာ ခန္ဓာကိုယ်ထဲမှ စွမ်းအားများကို မထိန်းချုပ် နိုင်တော့ပေ။

ချင်ယန်သည် ယခင်က လုထန်ဝမ်၏ ကိုယ်ပေါ်တွင် စည်းတံဆိပ်များ ရေးဆွဲထားခဲ့သည်။

ထိုစည်းတံဆိပ်က လုထန်ဝမ်၏ စွမ်းအားကို ရက်ပေါင်း (၂၀) ကျော် စုပ်ယူခဲ့ပြီး ဖြစ်သဖြင့် အလွန် ကြောက်စရာ ကောင်းနေသည်။

ဖောက် ဖောက်.....

လုထန်ဝမ်၏ သွေးကြောများ ပေါက်ထွက်လာသည်။ မကြာခင် ပိုမို ပြင်းထန်လာသည်။ ဒန်တယ်လည်း ထိခိုက်သွားပြီး ပါးစပ်မှသွေးများ စီးကျလာနေသည်။

"သခင်... ဆရာကြီး.... ဘာဖြစ်တာလဲ...."

"လာကြပါအုံး.. လာကြပါအုံး...."

လုထန်ဝမ်၏ ခန္ဓာကိုယ်အောက်တွင် ရှိနေသော အမျိုးသမီးက စူးစူးဝါးဝါး ထအော် လိုက်သည်။ ကြောက်စရာ ကောင်းသော မြင်ကွင်းကို ရုတ်တရုတ် မြင်လိုက်ရသောကြောင့် သူမက အလွန် ကြောက်လန့်ပြီး မျက်နှာက သွေးမရှိတော့သလို ဖြူဖျော့နေသည်။

"ပြီးပြီ....."

မကြာခင် ချင်ယန်သည် သူ့ခန္ဓာကိုယ်ထဲသို့ ကုသိုလ် စွမ်းအားများ တိုးဝင်လာသည်ကို ခံစားလိုက်ရသည်။ ထိုကုသိုလ်များက ကောင်းမှု လုပ်ခြင်းထက်ပင် သာလွန် နေသေးသည်။

ရွှတ်.. ရှီ....

လုထန်ဝမ် အိမ်တော်မှ တန်ခိုးရှင်များက လျှင်မြန်စွာ ရောက်ရှိလာကြသည်။

ချင်ယန်ကလည်း ကိုယ်ပျောက်အဆောင် အသုံးပြုပြီး ခပ်သုတ်သုတ် ပြန်လည် ထွက်ခွာသွားသည်။

"ဘာ....."

မကြာခင် လုဝမ်ရီ၊ လောင်းကစား ဘုရင်နှင့် ပန်းဘုရင် ဟွာတန်တို့က ထိုသတင်းကို ရရှိသွားကြသည်။

သူတို့ထဲမှ အသန်မာဆုံးနှင့် အရက်စက်ဆုံး သွေးဘုရင်က အိပ်ယာထဲတွင် ဒီအတိုင်း သေဆုံးသွားသည် လော........

"လုထန်ဝမ်ရဲ့ အိမ်တော်ကို သွားမယ်...."

လုထန်ဝမ် သေဆုံးပြီး နာရီဝက်ခန့် ကြာသောအခါ လုဝမ်ရီ၊ ရှို့ခန်း၊ ဟန်ရှီဟောင်နှင့် အခြား အစွမ်းထက် တန်ခိုးရှင်များ ရောက်ရှိ လာကြသည်။

"ဦးလေး လုဝမ်ရီ၊ ငါ့ အဖေအတွက် လက်စား ချေပေးရမယ်....."

"အဖေက အသတ်ခံရတာပဲ ဖြစ်မယ်...."

လုထန်ဝမ်၏ သားက ငိုယိုပြီး ပြောနေသည်။ သူက ကောင်းကင်ကြီး ပြိုကျသွားသလို ခံစားနေရသည်။

လုဝမ်ရီနှင့် အခြားလူများက လုထန်ဝမ်၏ ခန္ဓာကိုယ်ကို လျင်မြန်စွာ စစ်ဆေး လိုက်ကြသည်။ လုထန်ဝမ်က ပါးစပ် တင်းတင်းစေ့နေပြီး ခန္ဓာကိုယ်ထဲ၌ အသက်စွမ်းအား လုံးဝ မရှိတော့သည်ကို သိလိုက်ရသည်။

သွေးကြောရော၊ ဒန်တယ်ပါ ပျက်စီးနေခဲ့ပြီ။ ယခုလက်ရှိ အခြေအနေကို ကြည့်ရသည်မှာ လုထန်ဝမ်က အရေးကောင်းတုန်း စွမ်းအားကို မထိန်းချုပ်နိုင်ဘဲ ချီသွေဖယ်သွားပုံ ရသည်။

"အစ်ကိုလု ဘယ်လိုထင်လဲ..."

လောင်းကစား ဘုရင်က မေးလိုက်သည်။

လုဝမ်ရီက မျက်မှောင် ကြုတ်နေပြီး....

“အစ်ကိုလုထန်ရဲ့ ခန္ဓာကိုယ်ထဲမှာ စွမ်းအားတွေက ကြမ်းတမ်း နေတယ်။ အဆင့်တက်တော့မလို ဖြစ်သွားပြီး စွမ်းအားတွေကို မထိန်းချုပ်နိုင်ခဲ့ဘူး.....”

“ဦးလေး လုဝမ်ရီ မဖြစ်နိုင်ဘူး။ အဖေက ဒီကာလအတွင်းမှာ အဆင့် တက်နိုင်တယ်လို့ တခါမှ မပြောခဲ့ဖူးဘူး။ ဒီလို ဖြစ်ခဲ့မယ်

ဆိုရင်တောင် အဖေက တံခါးပိတ် ကျင့်ကြံနေမှာပေါ့။ အဖေ အသတ်ခံခဲ့ရတာ သေချာပါတယ်....”

လုဝမ်ရီက လေးနက်သော အမူအရာနှင့်.....

“စိတ်မပူနဲ့။ မင်းအဖေသာ အသတ်ခံရရိုး မှန်ရင် ကျောက်တုံးသာ ရေထဲ နစ်ချင်နစ်သွားမယ်။ ဒီကိစ္စက အမှန်တရား ပေါ်လာစေရမယ်....”

လောင်းကစား ဘုရင်က......

"မဟာသခင်ကို သွားဖိတ်ဖို့ လူတစ်ယောက် လွှတ်လိုက်ပြီ။ သိပ်မကြာခင် မဟာသခင် ရောက်လာလိမ့်မယ်..."

"မဟာသခင်လီက ကျွမ်းကျင် ပညာရှင်ပဲ။ အစ်ကိုလုထန် ဘာဖြစ်သွားလဲဆိုတာ သူ သိလိမ့်မယ်..."

လုဝမ်ရီက ခေါင်းညိတ်လိုက်သည်။

မဟာသခင် လီက ဆေးဆရာကြီး တစ်ယောက် ဖြစ်သည်။

ဆယ်မိနစ်ကျော် ကြာပြီးနောက် မဟာသခင်လွှီနှင့် အခြား တန်ခိုးရှင်များ ရောက်လာကြသည်။

"မဟာသခင်လွှီ၊ ဘယ်လိုလဲ...."

မဟာသခင်လွှီက လုထန်ဝမ်၏ ခန္ဓာကိုယ်ကို စစ်ဆေးပြီးနောက် လုဝမ်ရီက မေးလိုက်ခြင်းပင်။ သူက ကောင်းကင်ဘုံ ဘုရင်လေးပါးထဲမှ တစ်ယောက် ဖြစ်သော်လည်း မဟာသခင်လွှီကို မလေးမစား မလုပ်ရဲပေ။

မဟာသခင် လှီကြ သက်ပြင်းတစ်ချက် ချလိုက်ပြီး....

"ဒဏ်ရာ သဲလွန်စ မရှိဘူး။ အဆိပ်မိထားတဲ့ လက္ခဏာလည်း မရှိဘူး။ သွေးဘုရင်က ကျင့်စဉ် ဖောက်သွားတာပဲ ဖြစ်လိမ့်မယ်။ ကျွတ်ကျွတ် သနားစရာ ကောင်းလိုက်တာ.... အဆင့်တက်တာ အချိန်မကိုက်တော့ စွမ်းအား မထိန်းချုပ်နိုင်ဘဲ ချီသွေဖယ်သွား ရှာတယ်။ ဒီလိုမှ မဟုတ်ရင် သွေးဘုရင်က ယွမ်ဟိုင် နယ်ပယ် တန်ခိုးရှင် တစ်ယောက် ဖြစ်လာနိုင်တယ်...."

"မဖြစ်နိုင်ဘူး..."

"မဟာသခင် လွီ၊ အဓိပ္ပါယ် မရှိတဲ့စကားတွေ မပြောနဲ့...."

သွေးဘုရင်၏ မိန်းမက ဒေါသတကြီး အော်ဟစ်လိုက်သည်။ သွေးဘုရင် ချီသွေးဖယ် သွားသည်ကို သူမ လက်မခံနိုင်ပေ။

မဟာသခင်လွီ၏ မျက်နှာက မည်းမှောင်း၍ အေးစက်သွားကာ.....

"ဒီမဟာသခင်ကို မယုံရင် တခြား မဟာသခင်တွေ သွားရှာလို့ ရတယ်..."

"အမေ၊ မပြောပါနဲ့တော့..."

သွေးဘုရင်၏ သားက ခါးသီးနေသော စိတ်နှလုံးနှင့် ကမန်းကတန်း တားလိုက်သည်။ လုထန်ဝမ် သေဆုံးသွားပြီ ဖြစ်သဖြင့် သူတို့ လုထန်မိသားစုက မဟာသခင် တစ်ယောက်ရှေ့တွင် မောက်မာရန် မည်ကဲ့သို့ အရည်အချင်း ပြည့်မီတော့မည်နည်း......

## အခန်း(၁၄၁) - တိုက်ပွဲ အစ....

“ကောင်းလိုက်တာ....”

ချင်ယန်၏ မျက်နှာပေါ်တွင် ပျော်ရွှင်မှုများ အတိုင်းသား ပေါ်လွင်နေသည်။ သူ ရရှိထားသော ကုသိုလ်နှင့် စွမ်းအားများက သူ့ခန္ဓာကိုယ်နှင့် ပေါင်းစည်းသွားပြီး ချင်ယန်၏ ကျင့်ကြံခြင်း အခြေခံက လျင်မြန်စွာ အခြေခိုင် သွားခဲ့သောကြောင့်ပင်။

ပုံမှန် အတိုင်းဆိုလျှင် ချင်ယန်က မူလအစစ်အမှန် နယ်ပယ် (၅) မှ မူလအစစ်အမှန် အဆင့် (၉) အထိ အချိန်တိုလေး အတွင်း တက်လှမ်း လာခဲ့သဖြင့် အနည်းဆုံး နှစ်လခန့်ကြာမှ ကျင့်ကြံခြင်း အခြေခိုင်လိမ့်မည်။

ယခုအခါ ကုသိုလ်စွမ်းအားများနှင့် ပေါင်းစည်းထားသောကြောင့် ကျင့်ကြံခြင်း အခြေခိုင်ရန် ကြာချိန် စောင့်စရာ မလိုတော့ဘဲ ကျင့်ကြံခြင်း အဆင့်ကို ဆက်လက် မြှင့်တင်နိုင်တော့မည် ဖြစ်သည်။

"တန်ခိုးရှင် တော်တော် များများက မူလအစစ်အမှန် နယ်ပယ်မှာ တစ်ဆို့ပြီး ယွမ်ဟူ နယ်ပယ်ကို မတက်လှမ်း နိုင်ကြဘူး။ ခု ငါကတော့ မိနစ်ပိုင်းလေးအတွင် အဆင့်တက်နိုင် တော့မယ်...."

ချင်ယန်၏ မျက်လုံးက မျှော်လင့်ချက်ကြောင့် တလက်လက် တောက်ပနေသည်။ အဆင့် မြင့်တက်လာခြင်းနှင့် အတူ သူ့ခွန်အားများလည်း မြင့်တက် လာတော့မည်။

"ဒီကိစ္စတွေ ဖြေရှင်းပြီးသွားရင် အင်ပါယာမြို့တော်ကို သွားဖို့ အချိန်တန်ပြီ...."

ချင်ယန်က စိတ်ထဲမှ တိတ်တဆိတ် ပြောလိုက်သည်။

.........

"သွေးဘုရင် လုထန်ဝမ် သေဆုံးတဲ့ကိစ္စက လူသတ်မှု မဖြစ်နိုင်ဘူး..."

မဟာသခင်လို့က သွေးဘုရင်၏ အလောင်းကို နာရီပေါင်းများစွာ ကြာအောင် သေသေချာချာ

စစ်ဆေးပြီးနောက် ထိုစကားကို လေးလေးနက်နက် ပြောလိုက်ခြင်း ဖြစ်သည်။

လောင်ကစား ဘုရင်တို့အဖွဲ့ ဆက်လက် စောင့်ကြည့် နေကြသည်။

သို့သော် သူတို့စိတ်ထဲ၌ သိပ် အလေး မထားတော့ပေ။

နေ့ခင်းဘက် အချိန်က လောင်းကစား ဘုရင်နှင့် အခြားလူများသည် သွေးဘုရင် လုထန်ဝမ်နှင့် အတူတူ အရက်သောက် ခဲ့ကြသေးသည်။ နေ့မြင်

ညပျောက် ဆိုသကဲ့သို့ ညဘက်တွင် သွေးဘုရင် လုထန်ဝမ်က ရုတ်တရုတ် သေဆုံး သွားခဲ့သည်။

"မဟာသခင် လွီကတော့ ပြဿနာ မရှိဘူးလို့ ပြောနေတယ်...."

လုဝမ်ရီက လေးနက်သော အမူအရာနှင့်......

"လောင်းကစားဘုရင်၊ ပန်းဘုရင်၊ လုထန်ဝမ် သေသွားတဲ့ ကိစ္စက လူသတ်မှု ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ ငါတို့က နောက်ဆုတ်လို့ မရတော့ဘူး။ သဘက်ခါမှာ မြို့သခင်ဆီသွားပြီး အတူတူ ဂုဏ်ပြုကြရအောင်..."

လောင်းကစား ဘုရင်နှင့် ပန်းဘုရင်တို့လည်းက ခေါင်းညိတ် လိုက်ကြသည်။

........

ဘုန်း.......

ချင်ယန်၏ ခန္ဓာကိုယ်ထဲမှ ပြင်းထန်သော အငွေ့အသက်များ ပေါက်ကွဲ ထွက်လာပြီး ခန္ဓာကိုယ်ထဲမှ ယွမ်ချီများက လျင်မြန်စွာ မြင့်တက်လာနေသည်။ ချင်ယန်က ကုသိုလ် စွမ်းအားနှင့်အတူ ဆေးလုံးများကို သောက်သုံး ခဲ့သောကြောင့် နာရီ အနည်းငယ် အတွင်းမှာပင်

ကျင့်ကြံခြင်း အဆင့်ကို မြှင့်တင်ပြီး ယွမ်ဟူ နယ်ပယ်သို့ ရောက်ရှိအောင် လုပ်နိုင်ခဲ့သည်။

ချင်ယန်၏ ကျင့်ကြံခြင်း အဆင့်က ကျားဘုရင်ထက် နိမ့်ပြီး ယွမ်ဟူနယ်ပယ် အဆင့် (၁) တွင်သာ ရှိသော်လည်း ချင်ယန်၏ ယခုလက်ရှိ တိုက်ခိုက်ရေး အစွမ်းက ကျားဘုရင် ချမ်ဟိုင်ထက် အပြတ်အသတ် သာလွန်နေသည်။

ယခုအခါ ချင်ယန်သည် ယွမ်ဟူ နယ်ပယ်ကို ရောက်ရှိသွားပြီ ဖြစ်သောကြောင့် မူလ အစစ်အမှန်

နယ်ပယ်တွင် အသုံးမပြုနိုင်သော ကျင့်စဉ်အချို့ကို အသုံးပြု နိုင်လာသည်။

"နောက်ဆုံးတော့ အဆင့် တက်သွားပြီ...."

ချင်ယန်၏ မျက်နှာပေါ်တွင် အပြုံးတစ်ခု ရှိနေပြီး သူ့ခန္ဓာကိုယ်မှ စိမ့်ထွက်နေသော အော်ရာက လျင်မြန်စွာ ပျောက်ကွယ် သွားသည်။ ချင်ယန်အတွက်မူ ဒါသည် ကျင့်ကြံခြင်း အဆင့်ကြီး တစ်ခု တက်ရုံမျှလောက် မရိုးရှင်းပေ။ ခွန်အားကို ထိန်းချုပ်ရာ၌ပင် ပြဿနာ မရှိနိုင်တော့င်ချေ။

"ချင်ယန် မင်းက ကြယ်လေးပွင့် ယွမ်ဟူ နယ်ပယ်လား...."

ရှောင်ကျူဝမ်က ချင်ယန်၏ အခန်းထဲသို့ ပျော်ရွှင်နေသော အမူအရာနှင့် ဝင်လာပြီး မေးလိုက်သည်။ သူမက ဘေးအခန်းတွင် ရှိနေသဖြင့် ချင်ယန်၏ အဆင့် တက်လှမ်းမှုကို အာရုံ ခံမိလိုက်ခြင်းပင်။

"အင်း..."

ချင်ယန်က ဖြည်းဖြည်းခြင်း ခေါင်းညိတ် လိုက်သည်။

ရှောင်ကျူဝမ်၏ စိတ်ထဲတွင် အံ့အောစိတ်များ ပေါ်လာသည်။ ချင်ယန်က အသက် (၁၆ )နှစ် မပြည့်သေးဘဲ ယွမ်ဟူ နယ်ပယ်သို့ ရောက်နေပြီ မဟုတ်ပါလော.....

ယွမ်ဟူနယ်ပယ် တန်ခိုးရှင် ဆိုသည်မှာ တန်ထန် အင်ပါယာထဲတွင် ထိပ်တန်း တန်းခိုရှင် တစ်ယောက် ဖြစ်နေပြီ။

ထို့ပြင် ချင်ယန်၏ ဆေးတာအိုနှင့် စည်းတံဆိပ် တာအို အကြောင်းကို တွေးမိလိုက်သောအခါ ရှောင်ကျူဝမ်က အာမေဋိတ် အသံပင်

ထွက်တော့မလို ဖြစ်သွားခဲ့သည်။ ချင်ယန်က ထိုနယ်ပယ် နှစ်ခုတွင် ပို၍ ကြောက်စရာ ကောင်းနေသည် မဟုတ်ပါလော......

"ချင်ယန်၊ အခု နင်က အဆင့်တက်သွားပြီး ဆိုတော့ ငါတို့တွေ ဘယ်လို လှုပ်ရှားကြမလဲ။ လုဝမ်ရီနဲ့ တခြားသူတွေကို တခါတည်း သွားသတ်ကြမလား။ ဒါမှမဟုတ် ပွဲတော်အချိန် သူတို့လာတာကို စောင့်မလား...."

ရှောက်ကျူဝမ်က ဖြည်းဖြည်းခြင်း ပြောလိုက်သည်။

ချင်ယန်က......

"သွေးဘုရင် သေသွားလို့ သူတို့အားလုံး ပြင်ဆင်ထားလောက်ပြီ။ သူတို့အိမ်မှာ သွားသတ်ဖို့ မလွယ်နိုင်တော့ဘူး။ သွေးဘုရင် လုထန်ဝမ်ကို သတ်ရတာ လွယ်တယ်ဆိုတာက သူ့ခန္ဓာကိုယ်ထဲမှာ ငါက စည်းတံဆိပ် ဝှက်ထားခဲ့လို့"

"စီနီယာအစ်မ၊ မင်းရဲ့ ခွန်အားကရော ဘယ်လိုလဲ..."

ရှောင်ကျူဝမ်က.....

“အဆင်ပြေပါတယ်။ ခွန်အား အားလုံး ထုတ်သုံးမယ်ဆိုရင် သွေးဘုရင်လိုမျိုး တစ်ယောက်လောက်တော့ ကိုင်တွယ်နိုင်တယ်”

ရှောင်ကျူဝမ်၏ တိုက်ခိုက်ရေး အစွမ်းက လောင်းကစား ဘုရင်ထက် သာလွန်ပြီး သွေးဘုရင်ထက် အားမနည်းနိုင်ပေ။ သို့သော် ရှိရှိသမျှ ထုတ်သုံးရမည် ဖြစ်ပြီး ရေခဲဖီးနစ် သိုင်းဝိညာဉ်ကို ဖုံးကွယ်ထားနိုင်မည် မဟုတ်တော့ပေ။ ချင်ယန်ကလည်း သူ၏

အမှောင်ထု နဂါး နတ်ဆိုး သိုင်းဝိညာဉ်ကို ဖုံးကွယ်ထားနိုင်မည် မဟုတ်တော့ချေ။

တန်ထန် အင်ပါယာဘက်တွင် ချင်ယန်တို့ကို ခြိမ်းခြောက်နိုင်သော တန်ခိုးရှင်က အနည်းနှင့်အများ ရှိသော်လည်း ချင်ယန်တို့ ကဲ့သို့ သိုင်းဝိညာဉ်မျိုး ပိုင်ဆိုင်သည့်လူက အလွန် နည်းပါးသည်။ သို့မဟုတ် လုံးဝ မရှိခြင်းပင် ဖြစ်နိုင်သည်။

"ငါတို့ သိုင်းဝိညာဉ်ကို ထုတ်မပြသင့်ဘူး...."

ချင်ယန်က တစ်ချက်ပြုံးပြီး ပြောလိုက်သည်။

"သူတို့ လာတာပဲ စောင့်ရအောင်....."

"အခု ငါက ယွမ်ဟူနယ်ပယ် ရောက်နေပြီ ဆိုတော့ ကြယ် (၅ ) ပွင့် စည်းတံဆိပ်တွေ ဆွဲရတာ ပိုလွယ်သွားပြီ။ ဒီနေရာမှာ စည်းတံဆိပ်တွေ ခင်းကျင်း ထားလိုက်မယ်..."

"အချိန်တန်လို့ လုဝမ်ရှီနဲ့ တခြားလူတွေ ရောက်လာရင် စည်းတံဆိပ်တွေနဲ့ တခါတည်း ဖမ်းထားလိုက်လို့ ရပြီ...."

ထိုစဉ် လောင်လန်နာက အခန်းထဲသို့ အလျင်စလို အမူအရာနှင့် ဝင်လာသည်။

“ချင်ယန်… တစ်ခုခု ဖြစ်နေပြီ….”

လောင်လန်နာက တော်တော်လေး မျက်မှောင်ကြုတ်နေသော အမူအရာနှင့်…..

“ရှန်းယုလင်းရဲ့ အဖေ နာမည်က ရှန်းချမ်ရှန် ဟုတ်တယ်မလား….။ အခု ရှန်းချမ်ရှန်နဲ့ ရှန်းမိသားစု တော်တော်များများကို ဖမ်းပြီးတော့ ရှေ့ဦးချို သိဒ္ဓိမြို့ထဲ ခေါ်လာတာကို တွေ့လိုက်ရတယ်။ သွေးမြေကျ ကွင်းထဲ ခေါ်သွားပြီ။ လုထန် မိသားစုက လုပ်ခဲ့တာ….”

ချက်ယန် မျက်နှာ ပျက်သွား၏။

"လုထန် မိသားစု အဖွဲ့ဝင်လား...."

"လုထန်ဝမ် သေသွားရင် လုထန် မိသားစုက အားနည်းသွားပြီ။ သူတို့ကို မင်း ဘာလုပ်မလဲ..."

"အချိန် မရှိတော့ဘူး...."

ချင်ယန်က တော်တော်လေး မျက်မှောင်ကြုတ်နေသည်။

'ရှန်းယုလင်းက သူ့အဖေဆီ စာမရေးဘူးလား။ ဘာဖြစ်လို့ အဖမ်းခံရတာလဲ...'

လောင်လန်နာက.....

"သူတို့ကို လုထန် မိသားစုက ဖမ်းခဲ့တာ မဖြစ်နိုင်ဘူး။ တစ်ယောက်ယောက်က လုထန် မိသားစု လက်ထဲ ထည့်ပေးပြီး ကိုင်တွယ် ခိုင်းလိုက်တာပဲ ဖြစ်ရမယ်။ သွေးဘုရင် လုထန်ဝမ် သေသွားလို့ လုထန်မိသားစုရဲ့ အင်အားက ကျဆင်းသွားပြီ။ လုထန် မိသားစုက လောင်းကစား ဘုရင်နဲ့ သဘောတူညီမှု လုပ်ထားတယ်လို့ ယူဆလို့ ရတယ်....."

ချင်ယန်ကလည်း ထို အခြေအနေမျိုး ဖြစ်နိုင်သည်ဟု တွေးလိုက်မိသည်။

ယခုလက်ရှိ အချိန်တွင် လုထန်မိသားစုက သူ့နောက် လိုက်လိမ့်မည်ဟု လောင်းကစားဘုရင်ကလည်း ကျိန်းသေပေါက် မျှော်လင့်ထားလိမ့်မည်။ လုထန် မိသားစုကလည်း လောင်းကစား ဘုရင်၏ ညာတာမှုကို သေချာပေါက် မျှော်လင့် နေလိမ့်မည်။ အချိန်တစ်ခုသို့ ရောက်ပါက လုထန် မိသားစုက အကျိုးအမြတ် အချို့ ပြန်ရလိမ့်မည်။

လုထန် မိသားစုက သူတို့၏ စိတ်ရင်းကို ပြသနိုင်ရန် ဤကဲ့သို့ ပြုလုပ်ခဲ့ခြင်း ဖြစ်နိုင်သည်။

"ဟောင် မိသားစုလား၊ ကျန်းနန် ဘုရင်လား ဒါမှမဟုတ် သချိုင်းဘုရင် ရှခွန်လား...."

ချင်ယန်၏ မျက်လုံးထဲတွင် သွေးအေး ရက်စက်သော အလင်းက ဖြတ်ခနဲ လက်သွား၏။

"ချင်ယန်၊ လုထန် မိသားစုက ကြေငြာ ထားသေးတယ်။ တစ်နာရီအတွင်း ရှန်းယုလင်း မပေါ်လာရင် ရှန်းချမ်ရှန်ကို သတ်မယ်။ နှစ်နာရီ ပြည့်လို့မှ မပေါ်လာရင် ရှန်းမိသားစု နောက်တစ်ယောက်ကို ထပ် သတ်မယ်။ ဒီအတိုင်း

တစ်နာရီ တစ်ယောက်နှုန်း သတ်မယ်လို့ ကြေငြာထားတယ်…”

ထိုအချိန်တွင် ရှန်းယုလင်းက တံခါးပေါက်သို့ ရောက်လာပြီး လောင်လန်နာ ပြောလိုက်သော စကားကို ကြားလိုက်သောကြောင့် သူမမျက်နှာက အနည်းငယ် ဖြူဖျော့သွားသည်။

“သခင်လေး.. ငါ စားရေးခဲ့တယ်။ အီး ….ဟီး… ဟီး……”

ရှန်းယုလင်းက စကားပြောနေရင်း မျက်လုံးထဲမှ မျက်ရည်များ စီးကျလာသည်။ ယခုလက်ရှိ သူမ၏

ကျင့်ကြံခြင်း အဆင့်က မူလအစစ်အမှန် နယ်ပယ် အဆင့် (၆) သို့ ရောက်နေပြီး တိုက်ခိုက်ရေး အစွမ်းက ယွမ်ဟူ နယ်ပယ် အလယ်အဆင့်သို့ ရောက်ရှိသော်လည်း သူမက အသက် (၁၅)၊ (၁၆) နှစ် မိန်းကလေး တစ်ယောက်သာ ဖြစ်နေသေးသည်။

ထို့ကြောင့် သူမ၏ မိဘနှင့် မိသားစုများ အဖမ်းခံထားရသည်ကို ကြားသောအခါ ခေါင်းများ ထူပူပြီး ခြေကိုင်မမိ၊ လက်ကိုင်မမိ ဖြစ်လာသည်။

ရှန်းယုလင်း၏ အဖေ ရှန်းချမ်ရှန်က သူမအပေါ် အလွန် ကောင်းမွန်ခဲ့သည်။

"ယုလင်း စိတ်မပူနဲ့.... ဘာမှ မဖြစ်ဘူး...."

ချင်ယန်က နှစ်သိမ့်လိုက်သည်။

"ဟုတ်တယ်။ ယုလင်း၊ နင်က သခင်လေးကို မယုံဘူးလား။ အခုဆို ငါတို့အားလုံးက အရမ်း သန်မာပြီး ယွမ်ဟူနယ်ပယ် တိုက်ခိုက်ရေး အစွမ်းတွေ ရှိနေပြီ...."

ရှောင်ကျူဝမ်ကလည်း ပြောလိုက်သည်။

ရှန်းယုလင်းက မျက်ရည်များ စီးကျနေသော မျက်နှာငယ်လေးနှင့်.....

“ဒါပေမဲ့ ငါတို့က လူရှေ့ထွက်ပြီး လှုပ်ရှားဖို့ အဆင်မပြေဘူး မဟုတ်လား....”

ယခုလက်ရှိတွင် ရှန်းယုလင်းက တော်တော်လေး ခေါင်းပူနေပြီး မည်သည့် အရာကိုမှ မစဉ်းစားနိုင်တော့ပေ။ ချင်ယန်တို့က သူမ၏ မိဘများနှင့် သူမ ချစ်ရသည့်လူများကို ကယ်တင်ပေးရန် မျှော်လင့် နေသော်လည်း

တစ်ဖက်တွင် ချင်ယန်တို့ အတွက်လည်း စိတ်ပူနေမိသည်။

ချင်ယန်က တစ်ချက် ပြုံးလိုက်ပြီး ပေါ့ပေါ့ပါးပါး အမူအရာနှင့်......

"ယုလင်း၊ ငါတို့ရဲ့ ခွန်အားကို ထုတ်မပြရင်တော့ အကောင်းဆုံးပဲ။ နောက်ဆုံး ထုတ်ပြရမယ်ဆိုလည်း သိပ်ပြီးတော့ အရေးမကြီးပါဘူး။ ရွှေဦးချို သိဒ္ဓိမြို့ပဲ ဖြစ်ဖြစ်၊ အင်ပါယာ မြို့တော်မှာပဲ ဖြစ်ဖြစ် ငါတို့က ထိပ်သီး

တန်ခိုးရှင်တွေ ဖြစ်နေပြီ။ ဘယ်သူမှ ငါတို့ကို အနိုင်မယူနိုင်တော့ဘူး...

"လန်နာ.. ရထားလုံး နည်းနည်းလောက်ပြင်ထားလိုက်. . သွေးမြေကျကွင်းကို သွားရအောင်..."

"မြို့သခင် စစ်တပ်ကလည်း အဲ့ဘက်ကို သွားပြီး ဝိုင်းထားလိုက်..."

လောင်လန်နာက.......

"ချင်ယန်၊ လောင်းကစား ဘုရင်ရဲ့ လက်အောက်မှာ လူတွေ အများကြီး ရှိတယ်။ မြို့သခင် အိမ်တော်ရဲ့တပ်တွေ လှုပ်ရှားလိုက်ရင် သူတို့လည်း လှုပ်ရှား လာ လိမ့်မယ်...."

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်.....

"လောက်ကစား ဘုရင်မှာ ကြီးကြီးမားမား တိုက်ခိုက်ချင်စိတ် သေချာပေါက် မရှိလောက်ဘူး။ ငါတို့ကို သတ်လိုက်ရင်လည်း ရွှေဦးချို သိဒ္ဓိမြို့က သူ့အင်အား တော်တော်လေး ပြုန်းတီး သွားလိမ့်မယ်။ အချိန်တန်ရင် မင်းက ငါတို့ကို

သွေးမြေကျကွင်းထဲ ဝင်လို့ရအောင် လုပ်ပေး။ ငါတို့ မကျေနပ်မှုတွေကို လုထန် မိသားစုနဲ့ ဖြေရှင်း လိုက်မယ်....”

“လုထန်ဝမ် သေသွားတယ် ဆိုရင်တောင် လုထန် မိသားစုက အင်အား အရမ်း ကောင်းနေသေးတယ်။ ပြီးတော့ မင်းတို့နဲ့ လုထန် မိသားစုတို့ သူသေ၊ ကိုယ်သေ တိုက်ခိုက်မှာကို လောင်းကစား ဘုရင်က ခွင့်ပြုမယ် ထင်နေလား...”

“ဒါပေါ့... သူတို့ သဘောမတူလို့ တိုက်ခိုက် ရမယ်ဆိုလည်း မကြောက်ပါဘူး....”

လောင်လန်နာက ခဏမျှ စဉ်းစားပြီးနောက် ခေါင်းညိတ်လိုက်သည်။

"အမိန့် ပို့လိုက်စမ်း... ရွှေဦးချို တပ်သား ငါးထောင် သွေးမြကျ တိုက်ပွဲကွင်းကို သွားမယ်။ ကျန်တဲ့ တပ်တွေက အသင့် အနေအထားနဲ့ အချိန်မရွေး တိုက်ခိုက်ဖို့ ပြင်ထား..."

လောင်လန်နာက လျင်မြန်စွာ အမိန့် ထုတ်လိုက်သည်။

ရွှေဦးချို သိဒ္ဓိမြို့တွင် ရွှေဦးချို တပ်သား စုစုပေါင်း အယောက် (၈,၀၀၀) ရှိပြီး သူတို့က

မြို့သခင် အိမ်တော်၏ ထိန်းချုပ်မှု အောက်တွင် ရှိနေသည်။ ထိုတပ်သားများ၏ ပျှမ်းမျှ အင်အားက မမြင့်မားသော်လည်း ရွှေဦးချို သိဒ္ဓိမြို့က ချမ်းသာကြွယ်ဝသည်။ ထို့ကြောင့် ရွှေဦးချို တပ်သား တစ်ယောက် ချင်းစီတိုင်းကို လက်နက် အပြည့်အစုံ တပ်ဆင် ပေးထားနိုင်သည်။

ပြင်းထန်သော အတွဲလိုက်ပစ် ဒူးလေးများ၊ အခြား အသုံးအဆောင် ပစ္စည်းများနှင့် ဆိုလျှင် ယွမ်ဟိုင်နယ်ပယ်မှ တန်ခိုးရှင် တစ်ယောက်ကို

သတ်ပစ်ဖို့ ဆိုသည်မှာ မဖြစ်နိုင်သော ကိစ္စ မဟုတ်ပေ။

“သွား...”

မကြာခင် မြို့သခင် အိမ်တော်ထဲမှ ရထားလုံးများ တလကြမ်း မောင်းထွက်လာကြသည်။ ထို့အတူ ရထားလုံး မစီးဘဲ မြင်းစီးရင်း လိုက်ပါလာသည့် တန်ခိုးရှင်များကလည်း အများကြီး ပါလာသေးသည်။

“မြို့သခင်ရဲ့ ရထားလုံးပဲ...”

တိတ်တိတ်လေး စောင့်ကြည့်နေသော တန်ခိုးရှုများ၏ မျက်နှာပေါ်တွင် ကြောက်လန့်နေသော အမူအရာများ ပေါ်လာကြသည်။

ရထားလုံးများထဲမှ ရထားလုံး တစ်စင်းကို နဂါးမြင်း သုံးကောင်က ဆွဲနေပြီး ထိုမြင်းများက မူလ အစစ်အမှန် နယ်ပယ် အဆင့် (၉) များ ဖြစ်ကြသည်။

ရှေးဦးချို သိဒ္ဓိမြို့တွင် ထိုရထားလုံးကို တန်ခိုးရှင် အနည်းငယ်ကသာ မြင်ဖူးကြသော်လည်း လူတိုင်းက ထိုရထားလုံးကို သိကြသည်။

## အခန်း(၁၄၂) - ခြသေ့်ကို အိမ်ထဲ ခေါ်သွင်းခြင်း....

“မြို့သခင် ကိုယ်တိုင် ထွက်လာပြီ ဟုတ်လား.....”

“ရွှေဦးချို တပ်သား ငါးထောင် လှုပ်ရှားနေပြီ။ ကျန်တဲ့ တပ်သားတွေကလည်း အသင့် အနေအထား ပြင်ထားတယ်.. “

ထိုသတင်းက လောင်းကစား ဘုရင်ထံ လျင်မြန်စွာ ရောက်ရှိလာသည်။ ထိုသတင်းကို ကြားလိုက်သည့် လူတိုင်း ထိတ်လန့် သွားကြသည်။

လောင်းကစား ဘုရင်က မြို့သခင် အိမ်တော်ကို မကိုင်တွယ်နိုင်ခင်၊ လက်ဦးမှု ရယူပြီး ချင်ယန်တို့ကို သတ်ပစ်ရမည်။

ကျားဘုရင်၏ ကျင့်ကြံခြင်းအဆင့် ယွမ်ဟူ နယ်ပယ်တွင် ရှိနေသလို ချင်ယန်တို့ အဖွဲ့၏ ခွန်အားကလည်း ကောင်းမွန်နေသည်။ အကယ်၍ လက်ဦးမှု ရယူပြီး ချင်ယန်တို့ကို မသတ်ပစ်ခဲ့ပါက နောင်တစ်ချိန်တွင် ဒုက္ခ လှလှကြီး တွေ့ရလိမ့်မည်။

"အမိန့်ထုတ်စမ်း.... အနက်ရောင် သံချပ်ကာ တပ်သား အားလုံးကို အမိန့်ပေးလိုက်..... သွေးမြကျကွင်းကို အခုချက်ချင်း သွား...."

"မီးလျှံနီ အစောင့် အားလုံးလည်း သွေးမြေကျကွင်းကိုသွား..."

လောင်းကစား ဘုရင်က လျင်မြန်စွာ အမိန့်ထုတ်လိုက်သည်။ မြို့စောင့်တပ်က သူ ထိန်းချုပ်မှု အောက်တွင် မရှိသော်လည်း သူ့ဘက်တွင် တန်ခိုးရှင်များစွာ ရှိနေသေးသည်။

ဒါသည် ကျန်းဂျင် မြို့ဘက်ခြမ်း၌ ရန်မိသားစုက တန်ခိုးရှင်များစွာကို ထိန်းချုပ်ထားသော ပုံစံမျိုး ဖြစ်သည်။

ရွှေဦးချို သိဒ္ဓိမြို့တစ်ခုလုံး ဝရုန်းသုန်းကား ဖြစ်နေသည်။ လူပေါင်းများစွာက သွေးမြေကျ ကွင်းဘက်သို့ ပြေး သွားကြသည်။ တစ်ချိန်တည်းမှာပင် လူတော်တော် များများကလည်း အူယားဖားယား ထွက်ပြေး သွားကြသည်။

အကယ်၍ အခြေအနေ မကောင်းပါက ဤနေရာ တစ်ခုလုံး စစ်မြေပြင်ကြီး ဖြစ်သွားနိုင်သည်။ ပို၍ ကံဆိုးပါက အသူရာ သတ်ကွင်းကြီးပင် ဖြစ်သွားနိုင်သေးသည်။

"အရှင် မြို့သခင်၊ ငါတို့က ဒီမှာပါ..."

နာရီဝက်ခန့် ကြာပြီးနောက် ချင်ယန်နှင့် အခြားသူများက ပြုံးနေသော ဗုဒ္ဓ ရှို့ခန်း ထိန်းချုပ်ထားသည့် နံပါတ်တစ် သွေးမြေကျ ကွင်းသို့ ရောက်ရှိ လာကြသည်။

ထိုနေရာတွင် လူပေါင်းများစွာ စုဝေး နေကြသည်။

ရွှေဦးချိုတပ်သား ငါးထောင်လည်း ရောက်ရှိလာသည်။ တပ်သားအားလုံးက အနီရောင် သံချပ်ကာ ဝတ်ဆင်ထားပြီး သူတို့ထဲမှ အများစုက ကြောက်စရာ ကောင်းအောင် အစွမ်းထက်သည့် ဒူးလေးများကို ကိုင်ဆောင် ထားကြသည်။

လုထန် မိသားစု၊ လောင်းကစား ဘုရင်၊ လုဘုရင်နှင့် ပန်းဘုရင်တို့၏ အင်အားစုလည်း ရောက်ရှိလာကြပြီး သူတို့ အင်းအားက ရွှေဦးချို တပ်ထက် အားနည်းခြင်း မရှိပေ။ ထို့အပြင် ချင်းမိသားစုနှင့် အခြား မိသားစုများလည်း ရောက်ရှိ

နေကြသည်။ အချိန်တန်၍ မြို့သခင် အိမ်တော်ပြုတ်ကျသွားပါက သူတို့လည်း အကျိုးအမြတ် ခံစားခွင့်ရမည် ဖြစ်သဖြင့် လောင်းကစား ဘုရင်၏ သွေးဆောင်မှုကို ခံနေရသည်။

တန်ခိုးရှင်များက နဂါးမြင်းများ ဆွဲသည့် တန်ဖိုးကြီး ရထားလုံးကို ကြည့်နေကြသည်။

"အရှင် မြို့သခင်၊ ဘာတွေ ဖြစ်နေတာလဲ မသိဘူး။ ဒီလောက် ကြီးမားတဲ့ တိုက်ပွဲကြီး လုပ်စရာ လိုလို့လား.."

လောင်းကစား ဘုရင်က တင်းမာသော အမူအရာနှင့် ပြောလိုက်သည်။ သူ့ဘေးနားတွင် ယွမ်ဟူနယ်ပယ် တန်ခိုးရှင်းများ ဝိုင်းနေသည်။

“လောင်းကစား ဘုရင်... မင်းက ဒီလောက် လူအများကြီး စုထားတယ်ဆိုတော့ ဘာလဲ ပုန်ကန် ချင်လို့လား...”

ရထားလုံးပေါ်မှ လောင်လန်နာ၏ အေးစက်သော အသံက ထွက်ပေါ်လာသည်။ သူမ၏ အသံက လောင်လန်ချမ်၏ အသံနှင့် တထပ်တည်း တူညီနေသည်။

ရွှေဦးချို တပ်သား ငါးထောင်ကလည်း လောင်လန်နာ အမိန့်ပေးလိုက်သည်နှင့် လှုပ်ရှားရန် အသင့် ဖြစ်နေကြသည်။

လူတော်တော် များများက ကြောက်လန့် နေကြသည်။

အကယ်၍ အခြေအနေ ဆိုးသွားပါက လူသတ်ပွဲကြီး ဖြစ်လာလိမ့်မည်။

လောင်းကြေး ထပ်ထားသော လောင်းကစား ဘုရင်လည်း ထပ်တူထပ်မျှ စိုးရိမ်နေသည်။

သူတို့ဘက်မှ အင်အား ကောင်းသော်လည်း မြို့သခင် အိမ်တော်ဘက်မှ အင်းအားကလည်း အားမနည်းပေ။

လောင်လန်ချမ်တွင် ယွမ်ဟိုင် နယ်ပယ် ကျင့်ကြံခြင်း မရှိတော့လျှင် အဆင်ပြေသေးသည်။ အကယ်၍ လောင်လန်ချမ်၏ ကျင့်ကြံခြင်း အဆင့်က ယွမ်ဟိုင် နယ်ပယ်တွင် ရှိနေအုံးမည် ဆိုပါက ဒီနေ့တွင် ဆုံးရှုံးမှု များသွားလိမ့်မည်။

"မြို့သခင်က ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ။ ရွှေဦးချို တပ်သားတွေကို တွေ့လိုက်လို့ မြို့သခင်ကို ကူညီနိုင်မလားဆိုပြီး လာကြည့်တာပါ.."

လုဝမ်ရီကလည်း အနည်းငယ် ပြုံးပြီး ပြောလိုက်သည်။

လောင်လန်နာက......

"လုဝမ်ရီ၊ ဒီနှစ်ထဲမှာ မင်းက ရွှေဦးချို သိဒ္ဓိမြို့ စည်ပင် သာယာ ဝပြောလာအောင် အများကြီး ပံ့ပိုးခဲ့တယ်။ မင်းကိုယ်မင်း လမ်းမှားလျှောက်အောင် မလုပ်မိစေနဲ့...."

"အခု ချင်ယန်နဲ့ တခြားလူတွေက မြို့သခင် အိမ်တော်နဲ့ ပူးပေါင်းထားတယ်။ အရင်တုန်းက မင်းတို့က လှည့်ပတ်ရှုံ့ပဲမို့ လွှတ်ပေးထားတာ။ အခုတော့ လုထန် မိသားစုက လူတွေကို ပြန်ပေးဆွဲတာမျိုးပါ လုပ်လာပြီလား..."

ထိုစဉ် လုထန် မိသားစုမှ တန်ခိုးရှင် တစ်ယောက်က ကျယ်လောင်သော အသံနှင့်.....

"မြို့သခင်၊ လူအများ ကြည့်လို့ရအောင် ဘာဖြစ်လို့ ရထားလုံးထဲက မထွက်လာတာလဲ...။ ရွှေဦးချို သိဒ္ဓိမြို့က မြို့သူ၊ မြို့သားတွေကလည်း

မြို့သခင်ကို မြင်ဖူး ချင်နေကြတယ်။ အခုလက်ရှိ မြို့သခင်က လူပြောင်း သွားပြီလား ဆိုတာလည်း သိချင်မိတယ်…”

“မိုက်ရိုင်းလှချည်လား ….”

မြို့သခင် အိမ်တော်ဘက်မှ တန်ခိုးရှင် တစ်ယောက်က ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

လုထန် မိသားစု၏ နောက်ထပ် အဖွဲ့ဝင် တစ်ယောက်ကလည်း လှောင်ပြောင်သော လေသံနှင့်……

“မကြာသေးခင် နှစ်ပိုင်း အတွင်းမှာ မြို့သခင်က ခွန်အား မပြခဲ့ဘူး။ ဒါကြောင့် လူတိုင်းက ယုန်ထင်ကြောင်ထင် ထင်နေကြပြီ။ တကယ်လို့ မြို့သခင်က ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်သာ ဆိုရင် မကြာခဏ ခွန်အား ထုတ်ပြသင့်တယ်။ ဒါမှ ရွှေဦးချို သိဒ္ဓိမြို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုက ပိုကောင်းလာမှာ.....”

လုထန် မိသားစုက အဆုံးထိ လျှောက်ချင်နေသည်။

လုထန်ဝမ် သေဆုံးသွားသဖြင့် လုထန် မိသားစုက အရင်းအနှီး ပိုစိုက်ရန် လိုအပ်နေသည်။

လောင်းကစားဘုရင် ရောက်လာ ကတည်းက သူတို့က မကြောက်လန့်တော့ဘဲ အလွန် သတိထားခြင်း မရှိတော့ပေ။

"လုထန် မိသားစုက အရမ်း ရဲရင့်တာပဲ...."

ချင်ယန်က ရယ်မောပြီး ပြောလိုက်သည်။

အခြား ရထားလုံး တစ်စင်းထဲမှ ချင်ယန်က ထွက်လာသည်။ ကျားဘုရင်၊ ရှောင်ကျုံဝမ်၊ ရှန်းယုလင်းနှင့် အခြားလူ များကလည်း တစ်ယောက်ပြီး တစ်ယောက် ထွက်လာကြသည်။

အဝေး လှမ်းကြည့်နေသည့် ဟန်ရှိဟောင်သည် ချင်ယန်ကို မြင်လိုက်သည်နှင့် လူသတ်ချင်စိတ်များ တဟုန်ထိုး မြင့်တက်လာသည်။

သူ့သား ဟန်ဟောင်က ဒီခွေးကောင် ချင်ယန် လက်ထဲတွင် သေဆုံးခဲ့ရသည်။

ကလေးတစ်ယောက် ဆုံးရှုံးရသော နာကျင်မှုကို မည်သို့မှ မမေ့နိုင်ပေ။

"အစ်ကိုဟန်၊ ငါတို့ လှုပ်ရှားစရာ မလိုသေးဘူး ခုချိန် ဝင်မလှုပ်တာ ပိုကောင်းတယ်...."

ဟန်ရှီဟောင် ဘေးတွင် ရပ်နေသော ရှီမိသားစုမှ တန်ခိုးရှင်တစ်ယောက်က လေသံ တိုးတိုးလေးနှင့် သတိပေးလိုက်သည်။ အကယ်၍ မြို့သခင်၏ ခွန်အားက အလွန်သန်မာ နေမည်ဆိုလျှင် သူတို့က အချောင် သေသွားလိမ့်မည်။

“ငါ သိတယ်….”

ဟန်ရှီဟောင်က ဖြည်းဖြည်းခြင်း ခေါင်းညိတ်လိုက်သည်။

လောင်ကစား ဘုရင်ဘက်မှ အသားစီး ရသွားမည် ဆိုပါက ဟန်ရှီဟောင်နှင့် ရှီမိသားစုမှ

တန်ခိုးရှင်တို့က ဝင်ရောက် လှုပ်ရှားကြလိမ့်မည်။ သို့မဟုတ်ပါက အသွားမတော် တစ်လှမ်း ဆိုသကဲ့ နောက်ပြန်ဆုတ်ရန် ခက်သွားလိမ့်မည်။

"ချင်ယန်၊ ငါ့အဖေ သေဆုံးမှုက မင်းလက်ချက် မဟုတ်လား...."

လုထန် မိသားစုထဲမှ လူတစ်ယောက်က ဒေါသတကြီး အော်ဟစ်လိုက်သည်။

တစ်ချိန်တုန်းက လုထန်ဝမ်နှင့် ချင်ယန်တို့က နှစ်ယောက်တည်း သီသန့် တွေ့ဆုံခဲ့သည်ကို

လုထန်မိသားစုမှ လူများက ထုံးစံအတိုင်း သိနေကြသည်။

လုထန်ဝမ်ကလည်း ချင်ယန်၏ စည်းတံဆိပ်များက ကိုင်တွယ်ရန် အလွန် ခက်ခဲကြောင်း သူ့မိသားစုကို ပြန် ပြောခဲ့ဖူးသည်။

"ဟုတ်တယ်"

ချင်ယန်က စိတ်ပါလက်ပါ ရယ်မောပြီး ပြန် ဖြေလိုက်သည်။

လုထန် မိသားစုမှ လူတော်တော် များများက သူ့ကို စိုက်ကြည့် နေကြသော်လည်း အများစုက မယုံကြည်နိုင် ဖြစ်နေကြသေးသည်။

ယခုမူ ချင်ယန်က အလွယ်တကူ ဝန်ခံခဲ့သည်။ သွေးဘုရင်၏ သေဆုံးမှုကို ဟာသတစ်ခုဟု ထင်နေသည်လော.....

"လုထန် မိသားစု၊ ရှန်းမိသားစုကို ချက်ချင်း လွှတ်လိုက်..."

လောင်လန်နာ၏ အရေးမစိုက်သော အသံက ရထားလုံးထဲမှ ထွက်ပေါ်လာသည်။

လူတစ်ယောက်က ကျယ်လောင်သော လေသံနှင့်.....

"မြို့သခင်၊ လုထန်ဝမ်က ရွှေဦးချို သိဒ္ဓိမြို့ရဲ့ အဖွဲ့ဝင် တစ်ယောက်ပါ။ ချင်ယန်တို့က အပြင်လူတွေပါ။ ချင်ယန်တို့က မြို့သခင်နဲ့ ပူးပေါင်းခဲ့တယ် ဆိုပေမဲ့ ချင်ယန်တို့ စိတ်ဓါတ်က ယုံကြည်လို့ ရနိုင်ပါ့မလား.."

"မိုက်ရိုင်းလိုက်တာ... တောက်... ပေါက်ကရတွေ...."

လုဝမ်ရီက နှာခေါင်းတစ်ချက် ရှုံ့လိုက်ပြီး....

"မြို့သခင်မှာလည်း မြို့သခင်ရဲ့ အတွေး ရှိမှာပဲ။ မြို့သခင်နဲ့ ချင်ယန်တို့က ပူပေါင်း ဆောင်ရွက်နေတယ် ဆိုတာကို ငါတို့ မသိခဲ့ဘူး။ အခုတော့ ငါတို့က ချင်ယန်တို့ကို လိုချင်နေတယ်။ မြို့သခင် စိတ် အနှောက်အယှက် မဖြစ်ဖို့ မျှော်လင့်ပါတယ်။ မြို့သခင်ရဲ့ အဆင့်အတန်းနဲ့ ဆိုရင် ချင်ယန်က မြို့သခင်နဲ့ ပူပေါင်းဆောင်ရွက်ဖို့ အရည်အချင်း ရှိပါ့မလား...."

"ချင်ယန်က စည်းသခင် တစ်ယောက် ဆိုပေမဲ့ မြို့သခင်က ယွမ်ဟိုင် နယ်ပယ် တန်ခိုးရှင် တစ်ယောက်ပါ...."

"ပြီးတော့ ချင်ယန်က ပြသနာပေါင်း သောင်းခြောက်ထောင် ရှာထားသေးတယ်.."

လောင်းကစား ဘုရင်က တစ်ချက် ပြုံးလိုက်ပြီး.....

"မြို့သခင်၊ ချင်ယန်က မြို့သခင်နဲ့ ပူးပေါင်း ဆောင်ရွက်ဖို့ အရည်အချင်း ပြည့်မီတယ်ဆိုရင် ငါတို့က အပြည့်အဝ ထောက်ခံမှာပါ။ ခုတော့ ချင်ယန်တို့ အရည်အချင်းလောက်နဲ့က မြို့သခင်ကို

လှည့်စားနေတာပဲ ဖြစ်လိမ့်မယ်။ လုထန်ဝမ်လည်း သေသွားပြီ။ မြို့သခင်က လုထန် မိသားစုကို မထောက်ခံဘဲနဲ့ ချင်ယန်တို့ဘက်က ထောက်ခံနေတာ သိပ်ပြီး အဓိပ္ပါယ် မရှိဘူးနော်....”

“မြို့သခင်၊ ငါ့မှာ နည်းလမ်း တစ်ခုရှိတယ်။ အရင်ဆုံး အပြင် ထွက်လာပါ။ ချင်ယန်တို့နဲ့ လုထန် မိသားစုတို့ကို နံပါတ် (၁) သွေးမြေကျွ ကွင်းထဲ အရင် ဝင်ခိုင်းလိုက်မယ်။ သူတို့ပြဿနာ သူတို့ဘာသာ သူတို့ ဖြေရှင်းကြပါစေ...”

လုထန်ဝမ် သေဆုံး သွားသော်လည်း လုထန်မိသားစု၏ အင်အားက အား မနည်းသေးပေ။ လုထန်မိသားစုက ချင်ယန်တို့ကို ကိုင်တွယ်နိုင်လိမ့်မည်ဟု လောင်းကစား ဘုရင်က ယုံကြည်နေသည်။

ထို့အပြင် ယခုလက်ရှိ အချိန်၌ သဏ္ဍိုင်းဘုရင် ရှခွန်ကလည်း အနီးအနားတွင် ပုန်းအောင်းနေသေးသည်။

"ဒီမြို့သခင်ရဲ့ စကားက အရေးမပါတော့ဘူးလား..."

လောင်လန်နာ၏ အသံက အေးစက်လာပြီး ခါးဆွဲထုတ်လိုက်သည့် အသံ ထွက်ပေါ်လာသည်။ မြို့သခင် အိမ်တော်ဘက်မှ အင်အားစုများတွင်လည်း ခါးဆွဲထုတ်သည့် လူက ဆွဲထုတ်၊ ဒူးလေးကြိုး တင်သည့်လူက တင်နှင့် ဆူညံသွားကြသည်။

ချင်ယန်က ချောင်းတစ်ချက် ဟန့်လိုက်ပြီး....

"မြို့သခင်၊ လောင်းကစားဘုရင် ပြောတဲ့ စကားကလည်း မဆိုးပါဘူး။ ပူပေါင်းဆောင်ရွက်ပြီး ငါတို့ရဲ့ ခွန်အားကို ပြသလိုက်ပါမယ်..."

"ငါတို့ သွေးမြေကျကွင်းထဲ ဝင်သွားပြီး လုထန်မိသားစုနဲ့ ပြဿနာကို အရင် ဖြေရှင်းလိုက်ပါမယ်...."

"လူဘယ်လောက်များလဲ...။ အချိန်တန်လို့ ရွှေဦးချို သိဒ္ဓိမြို့က လူအများကြီး သေသွားရင် ရွှေဦးချို သိဒ္ဓိမြို့အတွက် သိပ်မကောင်းဘူး..."

လုထန် မိသားစုဘက်မှ တန်ခိုးရှင်က အေးစက်သော လေသံနှင့်.....

"ချင်ယန် ၊ အထဲမှာ လူသိပ်မရှိဘူး. ငါတို့ လုထန်မိသားစုရဲ့ အဓိက အဖွဲ့ဝင်တွေပဲ ရှိတယ်..."

“မင်း အရည်အချင်း ရှိတယ်ဆိုရင် သတ္တိရှိရှိ ဝင်သွားလို့ ရတယ်”

ချင်ယန်က တစ်ချက် ပြုံးလိုက်ပြီး ရယ်မောနေသော လေသံနှင့်……

“ဘာဖြစ်လို့ လူသတ်ချင်တဲ့ ပုံစံနဲ့ တချိန်လုံး အော်နေတာလဲ။ ငြိမ်ချမ်းတဲ့ နည်းလမ်းသုံးပြီး ပြဿနာ ဖြေရှင်းလို့လည်း ရပါတယ်…”

“မြို့သခင်၊ အပြင်ဘက်မှာ ခဏစောင့်နေပေးဖို့ အကူအညီ တောင်းပါတယ်။ ပြဿနာ ဖြေရှင်းဖို့ အချိန်သိပ် မကြာနိုင်ပါဘူး…”

လောင်လန်နာ၏ အသံအတုက ထွက်ပေါ်လာပြီး…

"ယုံကြည်မှု ရှိတာ ကောင်းတယ်။ ဒီမြို့သခင်က မင်းလို ယုံကြည်မှုရှိတဲ့ လူငယ်လေးတွေကို သဘောကျတယ်.."

ချင်ယန်က စိတ်ထဲမှ ရယ်ချင်နေသည်။

'လန်နာရဲ့ အသက်က ဘယ်လောက် ရှိသေးလို့လဲ..'

"ချင်ယန်၊ ကျေးဇူးပြုပြီး…."

လုထန်မိသားစုမှ လူတစ်ယောက် ရှဲ့စောင့်သော လေသံနှင့် ပြောလိုက်သည်။ သူ့မျက်လုံးထဲတွင် ချင်ယန်က သေလူတစ်ယောက် ဖြစ်နေခဲ့ပြီ........

အပြင်ဘက်၌ မြို့သခင်၏ ခြိမ်းခြောက်မှု ရှိနေလျှင်ပင် လုထန်မိသားစုက ချင်ယန်ကို ဒီနေ့ သေချာပေါက် သတ်ရမည်။

"သွားရအောင်....."

ချင်ယန်တို့အဖွဲ့က ရှေ့ဆက် လျှောက်သွားပြီး လုထန်မိသားစုက နောက်မှနေ၍ သွေးမြေကျွင်းထဲ လိုက်ပါသွားသည်။

ဘုန်း.......

မကြာခင် သွေးမြေကျကွင်း၏ တံခါးပေါက်က ပိတ်သွား၏။

ထို့အပြင် အတွင်းဘက်မှ နေ၍ သော့ပါ ခတ်လိုက်သေးသည်။

## အခန်း(၁၄၃) - ယုန်လေးလို့ ထင်မိပါတယ်...

"အရမ်း ကောင်းတယ်..."

ချင်ယန်တို့ အဖွဲ့က သွေးမြေကျက်ကွင်းထဲ ဝင်သွားသည်နှင့် ဟန်ရှီဟောင်၏ မျက်နှာပေါ်တွင် အပြုံးတစ်ခု ပေါ်လာသည်။

လုထန် မိသားစုတွင် တန်ခိုးရှင်များစွာ ရှိပြီး ယွမ်ဟူနယ်ပယ် တန်ခိုးရှင် နှစ်ယောက် ရှိနေသည်။

သချိုင်းဘုရင် ရှခွန်လည်း ရှိနေသေးသည်။

"ချင်ယန်တို့ အဖွဲ့က အသက်ရှင်ရက် ပြန်ထွက်လာဖို့ မဖြစ်နိုင်ဘူး...."

ရှီမိသားစုမှ တန်ခိုးရှင်က ပေါ့ပေါ့ပါးပါး အမူအရာနှင့် ပြောလိုက်သည်။

ရယ်နေသော ဗုဒ္ဓ ရှို့ခန်းကလည်း အလွန် အင်မတန် ရက်စက်သော လူတစ်ယောက်ပင်။ ကျားဘုရင်က ယွမ်ဟူနယ်ပယ် ရောက်သွားလျှင်ပင် ရှို့ခန်း၏ ပြိုင်ဘက် မဟုတ်သေးပေ။

ထို့အပြင် လုထန် မိသားစု၏ ခွန်အားကလည်း ရှို့ခန်းထက် အများကြီး အားနည်းခြင်း မရှိပေ။

ကျန်းဂျင်မြို့ဘက်တွင် ချင်ယန်တို့ အဖွဲ့က မူလ အစစ်အမှန်နယ်ပယ် တန်ခိုးရှင်များကိုသာ သတ်ဖြတ်ခဲ့ပြီး ယွမ်ဟူနယ်ပယ် တန်ခိုးရှင်ကို မသတ်ဖြတ်ခဲ့ ဖူးပေ။

ချင်ယန် လက်ထဲတွင် ကောင်းမွန်သော အဆောင်တစ်ခု ရှိချင် ရှိနေနိုင်သည်။ သို့သော် လုထန် မိသားစုက ဒီဘက်ဒေသကို ကာလကြာရှည်စွာ အုပ်စိုးခဲ့သော မိသားစုတစ်ခု ဖြစ်သဖြင့် သူတို့ လက်ထဲတွင်လည်း ပစ္စည်းကောင်းများစွာ ရှိနေနိုင်သည်။

တိုက်ပွဲထဲတွင် တရားမျှတမှု ဟူသော စကားလုံးက နားထောင်ကောင်းရုံ သက်သက်သာ ဖြစ်ပြီး မည်သည့် နည်းလမ်းကို အသုံးပြုပါစေ နောက်ဆုံး အောင်နိုင်သူသာ ရယ်မောနိုင်သူ ဖြစ်သည်။

“ဒါတော့ သေချာတယ်...”

ဟန်ရှီဟောင်ကလည်း လုထန် မိသားစု၏ ခွန်အားနှင့် ဆိုလျှင် ချင်ယန်တို့အား မသတ်ဖြတ်နိုင်ဘူး ဆိုသည်ကို မယုံကြည်ပေ။

"သူတို့ထဲမှာ ခြိမ်းခြောက်မှု အရှိဆုံးက ကျားဘုရင် ချမ်ဟိုင်ပဲ။ ဒါပေမဲ့ သူကလည်း ယွမ်ဟူ နယ်ပယ် ရောက်ရုံလေးပဲ ရှိသေးတာပါ။ နန်ရွှမ်နဲ့ ရှန်ကွမ်ယင်တို့လည်း မဆိုးပေမဲ့ ချင်ယန်က လုထန် မိသားစုကို အနိုင်ယူနိုင်မယ် ထင်နေရင် အိပ်မက် မက်မှပဲ ရမယ်...."

ရှီမိသားစုမှ တန်ခိုးရှင်က မျက်မှောင် ကြုတ်လိုက်ပြီး.....

"ချင်ယန်က ယုံကြည်မှု တော်တော်လေး ရှိနေတယ်။ လုထန်မိသားစု စိတ်ပြေသွားအောင် စည်းရုံးနိုင်မလား မသိဘူးနော်..."

ဟန်ရှီဟောင်က ခေါင်းခါလိုက်ပြီး......

"လုထန်မိသားစုက ခွင့်လွှတ်ဖို့ ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး..."

"အခုချိန်မှာ လုထန် မိသားစုက လောင်းကစားဘုရင်၊ လုဘုရင်နဲ့ ပန်းဘုရင်တို့ရဲ့ နောက်လိုက် ဖြစ်နေပြီ။ သူတို့ခါးကသာ ထက်နေသေးရင် အသုံးဝင် အုံးမယ်။ တကယ်လို့

အသုံးမဝင်တော့ဘူး ဆိုရင်တော့ လောင်းကစားဘုရင်က ဖင်ကနေ ကန်ထုတ်လိမ့်မယ်..”

ရှီမိသားစုမှ တန်ခိုးရှင်က.....

“ရွှေဦးချို သိဒ္ဓိမြို့သခင်က ဘာတွေ တွေးနေလဲ မသိဘူး...”

ဟန်ရှီဟောင်က...

“ကျားခွစီးပြီး ပြန်ဆင်းရ ခက်နေတာလည်း ဖြစ်နိုင်တာပဲ။ ချင်ယန်တို့ ရောက်လာတဲ့ အချိန်မှာ ချင်ယန်တို့ အကြောင်းကို မသိခဲ့တာလည်း

ဖြစ်နိုင်တယ်။ အခု ကောင်းကင်ဘုံ ဘုရင်လေးပါးက ပူးပေါင်း ပစ်မှတ်ထားနေလို့ ရှောင်လွှဲဖို့ မဖြစ်နိုင်တော့ဘူး။ ချင်ယန်တို့ကို ကယ်တင်ချင်ရင် မြို့သခင်က သူ့ခွန်အားကို ထုတ်ပြရလိမ့်မယ်။ သူ့အတွက်ကတော့ ချင်ယန်တို့ နိုင်သွားရင် အကောင်းဆုံးပဲ။ တကယ်လို့ အနိုင်မရလည်း ဝန်ထုပ်ဝန်ပိုး တစ်ခု စွန့်ပစ်လိုက်တာပဲ ရှိမယ်”

“ကံဆိုးတာက သွေးဘုရင် သေသွားတဲ့ ကိစ္စပဲ။ ဒီလိုမှမဟုတ်ရင် မြို့သခင်က ထွက်လာရဲမှာ မဟုတ်ဘူး..”

ရှီမိသားစုမှ တန်ခိုးရှင်က ဖြည်းဖြည်းခြင်း ခေါင်းညိတ်လိုက်သည်။

.......

နံပါတ်(၁) သွေးမြေကျ ကွင်းထဲတွင်.....

ချင်ယန်နှင့် အခြားသူများ အထဲ ရောက်လာသော်လည်း လုထန် မိသားစုက ချက်ချင်း မလှုပ်ရှားသေးပေ။

"အဖေ၊ အမေ...."

ရှန်းယုလင်းသည် သူမ၏ မိဘများနှင့် ရှန်းမိသားစု တစ်ဒါဇင်ကျော်ကို မြင်လိုက်လျှင် မျက်နှာပျက်သွားပြီး လှမ်းအော်လိုက်သည်။

"ယုလင်း၊ ဘာဖြစ်လို့ ဒီကို လာတာလဲ...."

ရှန်းချမ်ရှန်က တော်တော်လေး မျက်နှာပျက်သွားပြီး.......

"သွား... ငါတို့ကို ထားခဲ့..."

"သွားရမယ် ဟုတ်လား.. သူ သွားရဲတာနဲ့ မင်းခေါင်းကို ဖြတ်ပစ်မယ်...."

လုထန်မိသားစုမှ တန်ခိုးရှင် တစ်ယောက်က ရက်စက်စွာ ပြုံးပြီး ပြောလိုက်သည်။

ရှန်းမိသားစု တစ်ဒါဇင်ကျော်က တန်ခိုးရှင်များ ဖြစ်သော်လည်း မျက်နှာများက ဖြူဖျော့ နေကြသည်။ ရှန်းမိသားစုက သန်မာသော်လည်း အလွန်သန်မာခြင်း မရှိပေ။ သူတို့ကို ကြိုးနှင့် ချည်ထားပြီး သူတို့နောက်တွင် လုထန်မိသားစုမှ တန်ခိုးရှင်များ မတ်တပ် ရပ်နေကြသည်။ ဓါးကိုင်ထားသော တန်ခိုးရှင် တစ်ယောက်က ခြိမ်းခြောက်မှု အား အကောင်းဆုံးပင်......

"ရှို့သူငွေး၊ အရင်တုန်းက ငါတို့ရဲ့ တွေ့ဆုံမှုက ကောင်းမွန်ခဲ့တယ်။ အခုလည်း မဆိုးသေးဘူး မဟုတ်လား..."

ချင်ယန်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။ သူနှင့် ရှောင်ကျူဝမ်တို့က သွေးမြေကျကွင်းထဲ ရောက်နေကြသည်။

လုထန် မိသားစုမှ လူများကလည်း သွေးမြေကျကွင်းထဲတွင် ရှိနေကြသည်။

လူ သိပ်မများပေ။ နှစ်ဆယ်ကျော် သုံးဆယ်ကြားသာ ရှိပြီး လူတိုင်းက မူလ အစစ်အမှန် နယ်ပယ်တွင် ရှိနေကြသည်။

ရှို့ခန်းက ပြုံးလိုက်ပြီး.....

“ချင်ယန်၊ အရင် မင်းလာတုန်းက ငါတို့ တကယ်ပျော်ခဲ့ပါတယ်။ မင်းက ကြင်နာမှုကို တန်ဖိုး မထားခဲ့ဘူး။ ကျားဘုရင်တို့ရဲ့ ခွန်အားကလည်း အရင်ကထက် ပိုကောင်းလာတဲ့ ပုံပဲ။ မင်းက သူတို့နဲ့ တိတ်တိတ်လေး ဆက်သွယ်ပြီးမှ

ရွေးထုတ်ခဲ့တာ မဟုတ်လား။ ဟုတ်တယ် ငွေနည်းနည်းလေးနဲ့ ရွေးထုတ်သွားတာပဲ…”

“မင်း သန်း (၂၅၀) ရခဲ့သေးတယ် မဟုတ်လား။ ပိုင်ရှင်ဆီကို သန်း (၂၅၀) အရင်လွှဲပေးလိုက်… ပြီးမှ စကား ဆက်ပြောမယ်..”

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်…..

“သဘော မတူရင် ဘာလုပ်မလဲ..”

ရှို့ခန်းက ရယ်မောလိုက်ပြီး….

"ချင်ယန်၊ တကယ်လို့ မင်း သဘောမတူရင် ဖြစ်လာမယ့် ကိစ္စတွေအတွက် မင်း စိတ်ချမ်းသာမှာ မဟုတ်ဘူး။ ရှန်းမိသားစုက သုံး၊ လေး ယောက်လောက်ကို ကြုံသလို သတ်လိုက်မယ်... မင်း ဘယ်လိုထင်လဲ..."

ချင်ယန်က မျက်မှောင် ကြုတ်လိုက်ပြီး.....

"ရှို့သူငွေး၊ ငါက ရိုးသားမှုနဲ့ ဒီလာခဲ့တာ မင်းဘက်က ရိုးသားလို့ မရဘူးလား..."

"ရှန်းမိသားစုက လူတွေကို အရင်လွှတ်ပြီးမှ စကား ဆက်ပြောရအောင်.... ငါတို့အားလုံးလည်း ဒီရောက်နေပြီ ဘာကို စိတ်ပူနေတာလဲ.."

လုထန် မိသားစုမှ လူတစ်ယောက်က ကျယ်လောင်သော လေသံနှင့်.....

"ရှို့တာဝန်ခံ၊ ပေါက်ကရ စကားတွေ မပြောနဲ့တော့။ တစ်ခါတည်း လွှပ်ရှားပါ"

ရှို့ခန်းက ထိုလူကို တစ်ချက် စိုက်ကြည့်လိုက်သည်။

ထိုလူ ကြောက်သွား၏။

အကယ်၍ လုထန်ဝမ်သာ အသက်ရှင်နေအုံးမည် ဆိုပါက ထိုလူက ရှို့ခန်းကို မကြောက်ပေ။ ယခုမူ လုထန် မိသားစုက ရှို့ခန်းအပေါ်တွင် အများကြီး မူတည်နေသည်။ ထို့အပြင် ရှို့ခန်း ကိုယ်တိုင်က ယွမ်ဟူနယ်ပယ် တန်ခိုးရှင် တစ်ယောက် ဖြစ်နေသဖြင့် နောက်လိုက် အများကြီး ရှိနေသေးသည်။

"ချင်ယန်၊ ငါပြောသလိုသာ လုပ်စမ်းပါ။ ဒီလိုမှ မဟုတ်ရင် ရှန်းမိသားစုက တချို့လူတွေ သေသွားလိမ့်မယ်... ဟား..ဟား...."

ရှို့ခန်းက ပြုံးဖြီးဖြီး အမူအရာနှင့် ပြောလိုက်သည်။

ရှို့ခန်းက ချင်ယန်တို့ အဖွဲ့ကို တိုက်ရိုက် သတ်လိုက်၍ ရသော်လည်း မလုပ်နိုင်သေးပေ။

ထိုကဲ့သို့ လုပ်လိုက်ပါက ချင်ယန်၏ ရွှမ်ကျင့် ကတ်ထဲမှ ပိုက်ဆံများကို ရတော့မည် မဟုတ်ချေ။

ချင်ယန်က ကြိတ်ပြီး မျက်မှောင်ကြုတ်နေသည်။ သူတို့၏ ခွန်အားဖြင့် ရှို့ခန်းနှင့် အခြားသူများကို သတ်ဖြတ်ရန် ပြဿနာ မရှိပေ။ သို့သော် ရှန်းမိသားစုထဲမှ ကံဆိုးမောင်ရှင်များက သေသွားနိုင်သည်။

"ရှို့သူဌေး၊ မင်းရဲ့ ရွှမ်ကျင့်ကတ် ငါ့ဆီပေး။ သန်း (၂၀၀) လွှဲပေးမယ်"

ချင်ယန်က လေးနက်စွာ ပြောလိုက်သည်။

"သဘောမတူဘူး ဆိုရင် မေ့လိုက်တော့..."

"ရှန်းယုလင်းက ငါ့ အိမ်ဖော်လေး သက်သက်ပဲ...."

"ရှန်းယုလင်းက မင်းလို ပိုင်ရှင်မျိုး ရထားတာ တော်တော်လေး စိတ်မကောင်း စရာပဲ..."

ရှို့ခန်းက ကြိတ်ပြီး မျက်မှောင်ကြုတ်နေသည်။ ရှန်ယုလင်းက ချင်ယန်၏ အစေခံ တစ်ယောက်သာ ဖြစ်နေသည်။ ချင်ယန် စိတ်ထဲတွင် မည်မျှ အရေးပါလဲ ဆိုသည်က ခန့်မှန်းရန် ခက်ခဲနေသည်။

"တကယ်လား...."

ရှို့ခန်းက တစ်ချက် ပြုံးလိုက်ပြီး......

“ဒီလို ဆိုရင်တော့ လူသုံးယောက်ကို သနားစရာ ကောင်းအောင် လုပ်ရမှာပဲ။ သူတို့ရဲ့ လက်ကို အရင်ဖြတ်လိုက်။ ချက်ချင်း မသေစေနဲ့နော်... အချိန်ယူပြီး ဇိမ်ကလေးနဲ့ လုပ်..... ဟီးဟီး....”

မီတာ နှစ်ဆယ်ကျော် အကွာတွင် လုထန် မိသားစုမှ တန်ခိုးရှင် သုံးယောက်က သူတို့၏ ဓါးများကို ဆွဲထုတ် လိုက်ကြသည်။ လှုပ်ရှားလိုက်သည်နှင့် ရှန်းမိသားစုဝင်များက ချက်ချင်း သေသွားလိမ့်မည်။

ရှန်းမိသားစုဝင် အားလုံးက ကြောက်လန့်ပြီး တဆတ်ဆတ် တုန်နေကြသည်။

"နေအုံး..."

ရှန်းယုလင်းက အော်ဟစ်လိုက်သည်။

"ရှို့သူဌေး၊ ငါ့အဖေ နေရာကို ငါနဲ့ အစားထိုးမယ် ဘယ်လိုလဲ..."

"အို..."

ရှို့ခန်းက ရှန်းယုလင်းကို စိတ်ဝင်တစား ကြည့်လိုက်သည်။ ချင်ယန်က ရှန်းမိသားစုကို

ဂရုမစိုက်သော်လည်း ရှန်းယုလင်းက အလွန် ဂရုစိုက်နိုင်သည်။

“ယုလင်း၊ မလုပ်ရဘူး..”

ချင်ယန်က တင်းမာစွာ ပြောလိုက်သည်။

“သခင်လေး… ငါ့ရဲ့ ရိုင်းစိုင်းမှုအတွက် ခွင့်လွှတ်ပါ…”

ရှန်းယုလင်းက မျက်ရည်များကို သုတ်ပြီး ရှန်းချမ်ရှန်နှင့် အခြားလူများအား ဖမ်းထားသည့် နေရာသို့ ရုတ်တရက် ပြေးထွက်သွားကာ….

"ငါ့ကိုဖမ်းပြီး ငါ့မိဘတွေကို လွှတ်ပေး..."

"ယုလင်း....."

ရှောင်ကျူယင်နှင့် အခြားလူများက မမျှော်လင့်ထားသဖြင့် စိုးရိမ်တကြီး အော်ဟစ်လိုက်ကြသည်။

လုထန်မိသားစု၏ တန်ခိုးရှင် နှစ်ယောက်က ရှန်းယုလင်းကို လျင်မြန်စွာ ဖမ်းချုပ်လိုက်ကြသည်။ ယခုလက်ရှိတွင် ရှန်းယုလင်းက ချီဖွဲ့စည်းခြင်း ကျင့်ကြံခြင်း အဆင့်ကိုသာ ထုတ်ပြ ထားသေးသည်။

မိုးကြိုးမီး ဓါးဂိုဏ်းတွင် ရှန်းယုလင်းက ကြီးမားသော လှုပ်ရှားမှုကို ပြုလုပ်ပြီး လူများကို သတ်ခဲ့သည့်အချိန်က ချီဖွဲ့စည်းခြင်း အဆင့်သာ ရှိသေးသည်။ ဤကလေးမလေးက ဘာများ လုပ်နိုင်မလဲ ဆိုသည်ကို လူတိုင်း စဉ်းစားကြည့်နိုင်သည်။

"ငါ့ မိဘတွေကို လွှတ်လိုက်။ ငါ့ကို ဖမ်းတာက ပိုအသုံးဝင်တယ်..."

ရှန်းယုလင်းက မျက်ရည်များ စီးကျနေသော မျက်နှာငယ်လေးနှင့် ပြောလိုက်သည်။

"နှံအတဲ့ မိန်းကလေးပဲ.. ဟားဟား.."

ရှို့ခန်းက ရယ်မောလိုက်ပြီး.....

"ချင်ယန်၊ ရှန်းယုလင်းပါ ထည့်ပေါင်းလိုက်ရင် သန်း (၂၅၀) တန်ရဲ့လား...."

ရှို့ခန်း၏ မျက်နှာပေါ်တွင် အောင်နိုင်သူအပြုံး ရှိနေသည်။

ချင်ယန်က စိတ်ထဲမှ လှောင်ရယ်နေသည်။ ရှန်းယုလင်းကို အထင်သေးသည့်အတွက် တန်ဖိုး တစ်ခုတော့ ပေးဆပ် ရတော့မည်။

ထိုအချိန်တွင် အဖမ်းခံလိုက်ရသော ရှန်းယုလင်းက ရှန်းချမ်ရှန်တို့ အနားသို့ ရောက်သွားသည်။

ရှန်ယုလင်း အနားတွင် လုထန် မိသားစုမှ တန်ခိုးရှင် (၇) ယောက်သာ ရှိပြီး တန်ခိုးရှင် အများစုက ချင်ယန်တို့နှင့် အနီးဆုံး နေရာသို့ ရောက်နေကြသည်။

"သေလိုက်တော့…"

မကြာခင် ရှန်းယုလင်း၏ ခန္ဓာကိုယ်မှ ကြောက်စရာ ကောင်းသော စွမ်းအားများ ပေါက်ကွဲ

ထွက်လာပြီး သူမကို ချုပ်ထားသည့် တန်ခိုးရှင်က လွင့်ထွက်သွားသည်။

ရှန်းယုလင်းကို ချုပ်ထားသော တန်ခိုးရှင် နှစ်ယောက်ထဲတွင် တစ်ယောက်က မူလ အစစ်အမှန် နယ်ပယ် အဆင့် (၃) ရှိပြီး နောက်တစ်ယောက်က အဆင့် (၄) တွင် ရှိနေသဖြင့် မဆိုးဘူးဟု ပြောနိုင်သည်။

သို့သော် ရှန်းယုလင်းက မူလအစစ်အမှန် နယ်ပယ် အဆင့် (၆) တွင် ရှိနေသည်။ ထို့အပြင် သူမ လေ့ကျင့်ထားသော ကျင့်စဉ်နှင့် အစွမ်းထက်

သိုင်းဝိညာဉ်တို့ကြောင့် သူမ ဒေါသ ထွက်လာသည့် အခိုက်အတန့်၌ သူမ၏ ခွန်အားက ယွမ်ဟူနယ်ပယ် အလယ်အဆင့်သို့ ရောက်ရှိသွားသည်။

မူလ အစစ်အမှန် နယ်ပယ် အဆင့် (၃)၊ အဆင့် (၄) တန်ခိုးရှင်လေးများက သူမ၏ တိုက်ခိုက်မှုကို မည်ကဲ့သို့ ခံနိုင်မည်နည်း။ လုထန် မိသားစုမှ တန်ခိုးရှင် နှစ်ယောက်က ချက်ချင်း အသတ် ခံလိုက်ရသည်။

"မကောင်းတော့ဘူး..."

ကျန်ရှိသည့် လုထန် မိသားစုမှ တန်ခိုးရှင်များက တော်တော်လေး မျက်နှာ ပျက်သွားပြီး ရှန်းချမ်ရှန် နောက်မှ တန်ခိုးရှင်များက စတင် လှူပ်ရှားရန် လုပ်လိုက်ကြသည်။

“တိတ်ဆိတ်ဝိညာဉ် သံစဉ်..”

“သတ်...”

ချက်ချင်းပင် ရှန်းယုလင်း ရှေ့တွင် ရှေ့ဟောင်း ကုချင်းတစ်ခု ပေါ်လာပြီး ရှန်းယုလင်းက အစစ်အမှန်ချီနှင့် ထိန်းချုပ်၍ လေထဲ

လွင့်မျောစေကာ အချိန်တိုလေး အတွင်းမှာပင် သူမ လက်ချောင်းများက ကုချင်းကြိုးပေါ် ရောက်သွား၏။

တိတ်ဆိတ်ဝိညာဉ် သံစဉ်ဆိုသည်မှာ ရှန်းယုလင်း သင်ယူထားသည့် ထူးခြားသော စိတ်ဝိညာဉ် တိုက်ခိုက်မှု နည်းစနစ် ဖြစ်သည်။

တီးခတ်လိုက်သည်နှင့် ကြောက်စရာ ကောင်းသော သေခြင်းတရားက ဆင်းသက် လာလိမ့်မည်။

ရှန်ယုလင်း၏ ခွန်အားကြောင့် ဒဏ်ရာမရဘဲ သူမအနား ကပ်သွားရန် မဖြစ်နိုင်ပေ။

## အခန်း(၁၄၄) - အိပ်မက်ဆိုးကြီး...

ကုချင်း သံစဉ် ထွက်ပေါ်လာသည်နှင့် မမြင်နိုင်သော စွမ်းအားများသည် ရှန်းယုလင်း အနားမှနေ ဆယ်မီတာ ပတ်လည်သို့ ချက်ချင်း ဖုံးလွှမ်းသွားသည်။

ထိုအကွာအဝေး အတွင်း ရှိနေသော လုထန်မိသားစုမှ တန်ခိုးရှင်များက ချက်ချင်း တောင့်တင်းပြီး အသိစိတ် ကင်းလွတ် သွားကြသည်။

"ဝေါင်း...."

လုထန် မိသားစုမှ တန်ခိုးရှင်များ၏ စိတ်ထဲတွင် ကြောက်စရာကောင်းသော ကျားဟိန်းသံ တစ်ခု ပေါ်လာပြီး ကြောက်စရာ ကောင်းသော ကျားဖြူတစ်ကောင်က သူတို့၏ ဝိညာဉ်များကို ဝါးမြိုနေသလို ခံစားနေရသည်။

ရှန်းယုလင်းက ဒေါသတကြီး တိုက်ခိုက်နေသဖြင့် မူလအစစ်အမှန် နယ်ပယ် တန်ခိုးရှင် မဆိုထားနှင့် ဆယ်မီတာအတွင်း ရှိနေသော ယွမ်ဟူနယ်ပယ် တန်ခိုးရှင်ပင် တောင့်မခံနိုင်ချေ။

ရှန်းချမ်ရှန်နှင့် ရှန်းမိသားစုဝင်များ၏ မျက်နှာပေါ်တွင်လည်း နာကျင်သော အမူအရာများ ရှိနေသည်။ ရှန်းယုလင်း၏ ထိန်းချုပ်နိုင်စွမ်းက အားနည်းသေးသဖြင့် သူတို့ အပေါ်မှာလည်း သက်ရောက်မှု ရှိနေသည်။

"ဒီကောင်မကို သတ်...."

လုထန် မိသားစုမှ ယွမ်ဟူ နယ်ပယ် တန်ခိုးရှင်က ရင်ခေါင်းသံကြီး အော်ဟစ်လိုက်သည်။ ရှန်းယုလင်းက လုထန် မိသားစုမှ မူလ အစစ်အမှန်နယ်ပယ် တန်ခိုးရှင် နှစ်ယောက်အား

သတ်လိုက်သည်ကို သူ တွေ့လိုက်ရသည်။ ကျန်သည့်လူများက သေလား၊ ရှင်လား မသိရသေးပေ။

"သေစမ်း..."

ဓါးတစ်ချောင်း ဆွဲထုတ်ပြီး ပစ်ပေါက်လိုက်သည်။

လုထန် မိသားစုမှ ယွမ်ဟူနယ်ပယ် တန်ခိုးရှင်က ရှန်းယုလင်း အနီးသို့ ပြေးဝင်သွားသည်။

ရှန်ယုလင်းက အေးစက်နေသော မျက်နှာနှင့် ကုချင်းကို တစ်ချက် ခတ်လိုက်ရာ ကြောက်စရာ ကောင်းသော တိတ်ဆိတ်ဝိညာဉ် သံစဉ် စွမ်းအားက လုထန်မိသားစုမှ တန်ခိုးရှင်ပေါ် သက်ရောက် သွားခဲ့သည်။

"မင်း..."

လုထန် မိသားစုမှ ယွမ်ဟူနယ်ပယ် တန်ခိုးရှင်က ရှန်းယုလင်းကို ကြည့်နေရင်း မျက်လုံး ပြူးထွက်သွား၏။ ခါးနှင့် ပေါင်းစပ်သော ချီစွမ်းအားလည်း လျှင်မြန်စွာ ပြန့်ကျဲသွားပြီး

သူ့နောက်ကျောမှ ထုတ်ဖော်ထားသော သိုင်းဝိဉာဉ်လည်း ပျောက်ကွယ် သွားသည်။

လုထန် မိသားစုမှ တန်ခိုးရှင်သည် ယွမ်ဟူနယ်ပယ် အဆင့် (၅)တွင် ရှိနေသဖြင့် အားမနည်းပေ။ သို့သော် အလွန် နီးကပ်သော အကွာအဝေး အတွင်းမှ ရှန်းယုလင်း၏ တိတ်ဆိတ်ဝိဉာဉ် သံစဉ် တိုက်ခိုက်မှုကိုဖြင့် မခံနိုင်ခဲ့ချေ။

လုထန်မိသားစုမှ ယွမ်ဟူနယ်ပယ် အဆင့် (၅) တန်ခိုးရှင်ကို သတ်ဖြတ်ပြီးနောက် ရှန်းယုလင်း၏ မျက်နှာကလည်း ဖြူဖျော့သွားသည်။

ထိုသံစဉ်အတွက် စွမ်းအင် ကုန်ဆုံးမှုနှုန်းက ကြောက်စရာ ကောင်းလွန်းလှသည်။

အကယ်၍ ချင်ယန်က ရှန်းယုလင်း၏ ရှေ့ပြောင်း ကုချင်းအပေါ်တွင် အဆင့် (၅) စည်းတံဆိပ် မရေးဆွဲထားပါက ရှန်းယုလင်း၏ စွမ်းအင် ကုန်ဆုံးမှုနှုန်းက ပို၍ပင် ကြောက်စရာ ကောင်းနေအုံးမည်။

"ယုလင်း တော်လိုက်တော့..."

ရှန်းယုလင်း၏ ယခုလက်ရှိ ကျင့်ကြံခြင်း အဆင့်နှင့် ထိုသီချင်းအား ဆက်လက် တီးခတ်မည်ဆိုလျှင် ရှန်းယုလင်း အပေါ် ဝန်ထုပ်ဝန်ပိုး ဖြစ်သွားနိုင်သဖြင့် ချင်ယန်က အော်ဟစ်၍ တားဖြစ်လိုက်သည်။

ထို့အပြင် ရှန်းယုလင်း၏ အဖေ ရှန်းချမ်ရှန်မှလွဲ၍ ကျန်သည့် ရှန်းမိသားစုဝင် အားလုံးကလည်း ကုချင်းသံစဉ်၏ လွှမ်းမိုးမှုကြောင့် မူးလဲသွားကြသည်။

ရှန်းယုလင်းက အမြန်ရပ် လိုက်၏။ ကုချင်းလည်း ပြန်လည် ပျောက်ကွယ်သွားသည်။ ထိုအချိန်တွင် ရှန်းယုလင်းက ခွန်အား အလွန် ကုန်ဆုံးသွားသဖြင့် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

သူမ၏ အဖြူရောင် အဝတ်အစား၊ နူးညံ့ သိမ်မွေ့သော ပုံစံနှင့် ရှေ့ဟောင်း ကုချင်းတို့ကို တွဲဖက် ကြည့်လိုက်ပါက ရှန်းယုလင်းကို လူဆယ်ယောက်အား သတ်လိုက်သည့် တန်ခိုးရှင်

တစ်ယောက်ဟု မမြင်ဘဲ လူတိုင်း၏ အိပ်မက် နတ်သမီးလေးအဖြစ် မြင်ကြလိမ့်မည်။

ယခုမူ လုထန် မိသားစုက ထိုကဲ့သို့ မမြင်ပေ။

ရှန်းချမ်ရှန်က သူ့သမီးကို မယုံကြည်နိုင်သော မျက်လုံးများနှင့် စိုက်ကြည့်နေသည်။

မူလအစစ်အမှန် နယ်ပယ် တန်ခိုးရှင် (၇) ယောက်နှင့် ယှဉ်ဟူ နယ်ပယ် တန်ခိုးရှင် တစ်ယောက်တို့က ဒီအတိုင်း သေသွားကြသည် မဟုတ်ပါလား။

ဒါသည် ရှန်းယုလင်း၏ သီချင်း တစ်ပုဒ်ပင်။

သီချင်း မတီးခင်နှင့် သီးချင်းတီးခတ်ပြီး စက္ကန့်ပိုင်းသာ ကွားခြားသည်။

“မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး…”

လုထန် မိသားစုမှ တန်ခိုးရှင်များက လုံးဝ မယုံကြည်နိုင် ဖြစ်နေကြသည်။ ရှို့ခန်းက လုထန် မိသားစုမှ မဟုတ်ပေ။ လုထန် မိသားစု၏ ယွမ်ဟူနယ်ပယ် တန်ခိုးရှင်က သေသွားခဲ့ပြီ….

“ဘာလုပ် နေကြတာလဲ. သတ်….”

ရှို့ခန်းက အော်ဟစ်လိုက်သည်။

ယခုလက်ရှိ အခြေအနေက ရှို့ခန်းအတွက်ပင် မလွယ်ကူတော့ချေ။ သို့သော် သူ့ခန္ဓာမှန်းချက် အရ ရှန်းယုလင်း တစ်ယောက်ကသာ ဤကဲ့သို့ စွမ်းလိမ့်မည်။

"သတ်...."

လုထန် မိသားစုတွင် တန်ခိုးရှင် ရှစ်ယောက် သေဆုံးသွားသော်လည်း တန်ခိုးရှင် နှစ်ဆယ်ကျော် ကျန်နေသေးသည်။ သူတို့က အော်ဟစ်လိုက်ပြီး ချင်ယန်တို့ ရှိရာသို့ ပြေးတက် လာကြသည်။

ရှန်ယုလင်းက ထိုနေရာတွင်ပင် ခြေပစ်လက်ပစ် ထိုင်နေပြီး မျက်နှာ ဖြူဖျော့နေသော်လည်း လုထန်မိသားစုမှ တန်ခိုးရှင်များက မသွားရဲကြပေ။ ရှန်းယုလင်းက ယွမ်ဟူနယ်ပယ် တန်ခိုးရှင်ကိုပင် သတ်ခဲ့သည် မဟုတ်ပါလော.......

"ညီမလေး.. လာ..."

ရှောင်ကျူဝမ်က ပြောလိုက်သည်။

"ဟုတ်..."

ရှောင်ကျူဝမ်နှင့် ရှောင်ကျူယင်တို့က ခြေတစ်လှမ်း ရှေ့တိုး လိုက်ကြသည်။

"အေးခဲစမ်း.."

ရှောင်ကျူဝမ်က အော်ဟစ်လိုက်သည်။ ချက်ချင်းပင် အလွန် ပြင်းထန်သော အအေးဓါတ်က သူမတို့ နှစ်ယောက်ထံမှ စိမ့်ထွက်လာပြီး အတူတူ ပေါင်းစည်းသွားကာ ယွမ်ဟိုင်နယ်ပယ် ခွန်အားအထိ ရောက်ရှိ သွားကြသည်။

အပြောရောင် ဖျော့ဖျော့လေး သမ်းနေသော ရေခဲချီက လျင်မြန်စွာ ပြေးတက်လာသော လုထန်မိသားစုမှ တန်ခိုးရှင်များထံ ပျံနှံ့သွားသည်။

"မဟုတ်ဘူး၊ မဟုတ်ဘူး..."

လုထန်မိသားစုမှ တန်ခိုးရှင်က ခက်ခက်ခဲခဲ အော်ဟစ်လိုက်၏။ သို့သော် လျင်မြန်စွာ အေးခဲသွားကြသည်။

အားနည်းသည့် လူများက အော်ချိန်ပင် မရလိုက်ချေ။

အသက်ရှူချိန် တစ်ကြိမ် အတွင်းမှာပင် ပြေးတက်လာသော တန်ခိုးရှင် နှစ်ဆယ်ကျော်က အေးခဲ သွားကြသည်။ ခုခံနိုင်ခြင်း လုံး၀ မရှိခဲ့ပေ။

ရှောင်ကျူ၀မ် ( သို့မဟုတ်) ရှောင်ကျူယင် တစ်ယောက်တည်း ဆိုပါက သူတို့အားလုံးကို အေးခဲထားရန် မဖြစ်နိုင်ပေ။ ယခုကဲ့သို့ သူမတို့ နှစ်ယောက် ပေါင်းလိုက်သောအခါ ဤကဲ့သို့ လုပ်ဆောင်ရန် ပြဿနာ မရှိတော့ချေ။

"အား...."

ရှို့ခန်းက ကြောက်လန့်သွားပြီး အားခန် အော်ကာ ထွက်ပြေးတော့သည်။

သူ အမှန်တကယ် ကြောက်လန့်နေသည်။

ကြောက်စရာ ကောင်းသော အိပ်မက်ဆိုးကြီးပင်.....

ဒါတွေ အားလုံးက အိပ်မက် မက်နေသလို ရှို့ခန်းက ခံစားနေရသည်။

"ထွက်ပြေးချင်လို့လား...."

ချင်ယန်က ပေါ့ပေါ့ပါးပါး ပြောပြီး ခန္ဓာကိုယ်ကို တစ်ချက် လှုပ်လိုက်ရာ နေရာခုန်ကူးသွား သကဲ့သို့ ရှို့ခန်းရှေ့တွင် ဖြတ်ခနဲ ပြန်ပေါ်လာသည်။

ရှောင်ကျူဝမ်တို့ ညီအစ်မ နှစ်ယောက်က သူမတို့ နှစ်ယောက်ပေါင်းမှ ယွမ်ဟိုင်နယ်ပယ် ခွန်အားမျိုး ရရှိနိုင်သည်။ ချင်ယန်ကမူ ယွမ်ဟိုင်နယ်ပယ် ခွန်အားမျိုး ရှိနေသည်။

ပြိုးနေသော ဗုဒ္ဓ ရှို့ခန်းက ယွမ်ဟူနယ်ပယ် အဆင့် (၆) တွင် ရှိနေသည်။ သူ့

ကျင့်ကြံခြင်းအဆင့်က မဆိုးသော်လည်း ယခု လက်ရှိ ချင်ယန်ရှေ့တွင် နိမ့်ကျ လွန်းနေသေးသည်။

"ချင်... ချင်ယန်.. ငါတို့ ပြောစရာ ရှိတယ်..."

ရှို့ခန်းက နတ်ပူးသကဲ့သို့ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်နေပြီး သူ့မျက်နှာပေါ်တွင် ကြောက်လန့်မှုများ ပြည့်နှက်နေသည်။ ချင်ယန်၏ အရှိန်အဟုန်ကို မြင်လိုက်သည်နှင့် ရှောင်ကျူဝမ်တို့ ညီအစ်မ နှစ်ယောက်ထက် ပိုကြောက်စရာ ကောင်းကြောင်း သိလိုက်သည်။

ဘုန်း.....

ချင်ယန်က ရှို့ခန်း၏ဗိုက်ကို လက်သီးနှင့် ပိတ်ထိုးလိုက်ရာ ရှို့ခန်းက ခါးကုန်းပြီး ပါစပ်ဟ သွားသည်။ ချင်ယန်က ရှို့ခန်း၏ ပါးစပ်ထဲကို ဆေးတစ်လုံး ပစ်ထည့်လိုက်သည်။

ဆေးလုံးက ပါးစပ်ထဲတွင် အရည်ပျော် သွားသည်။

"ဒါက ဘာလဲ..."

ရှို့ခန်းက အမှန်တကယ် ကြောက်လန့် နေသည်။

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်....

"ပစ္စည်းကောင်းလေးပါ။ မင်းသာ နာခံမှုရှိရင် မင်းကျင့်ကြံခြင်းအဆင့် တိုးတက်တာ ပို မြန်လိမ့်မယ်။ ကလန်ကဆန် လုပ်ရင်တော့ နာခံမှု ရှိလာအောင် သင်ပေးလိမ့်မယ်..."

"ငါ နာခံပါ့မယ်.."

ပြုံးနေသော ဗုဒ္ဓက ကြက်အစာ ကောက်သကဲ့သို့ အကြိမ်ကြိမ် ခေါင်းညိတ်နေသည်။ သူ၏ စိတ် အခြေအနေက အလွန် ရှုပ်ထွေးနေသည်။

သူ့စိတ်ထဲတွင် ဝမ်းနည်းခြင်း၊ ကြောက်လန့်ခြင်း၊ ကံကောင်းခြင်း၊ ဒေါသထွက်ခြင်း စသည့် ခံစားချက်များ ရောထွေးနေသည်။

“ဒီလိုပဲ ပြီးသွားတာလား...”

ကျားဘုရင် ချမ်ဟိုင်၊ စာသင်သား နန်ရှမ်၊ သွေးအလှ ရှန်ကွမ်ယင်နှင့် ကျွမ်းစစ်တို့က မျက်လုံးကြီးပြူးပြီး ပါးစပ် အဟောင်းသားဖြင့် ငေးကြည့် နေကြသည်။

ရှောင်ကျူဝမ်နှင့် အခြား ကောင်မလေးများက အလွန် တော်ကြသည်ဟု ချင်ယန်က

ပြောခဲ့သော်လည်း ချမ်ဟိုင်တို့၏ စိတ်ထဲတွင် ထိုမိန်းကလေးများက သူတို့နှင့် မည်ကဲ့သို့ ယှဉ်နိုင်မည်နည်း……

အထူးသဖြင့် ရှောင်ကျူယင်နှင့် ရှန်းယုလင်းက အသက် (၁၅)နှစ်၊ (၁၆)နှစ်သာ ရှိကြသေးသည်။

ဒီအထဲကို ဝင်လာခဲ့သည့် အချိန်က ချမ်ဟိုင်နှင့် အခြားလူများသည် သွေးမြေကျအောင် အသည်းအသန် တိုက်ခိုက် ရတော့မည်ဟု တွေးလာခဲ့ကြသည်။ လူကို ကယ်တင်နိုင်လျှင်ပင် ရှန်းမိသားစုဝင် အချို့တော့ သေဆုံးရလိမ့်မည်။

တိုက်ပွဲက ရိုးရှင်ပြီး စိတ်လှုပ်ရှားစရာ မရှိဘဲ မြန်မြန်ဆန်ဆန် ပြီးဆုံး သွားလိမ့်မည်ဟု လုံးဝ မမျှော်လင့် ထားခဲ့ပေ။

“ကျွားဘုရင်၊ ဒီကောင်တွေမှာ ပစ္စည်းကောင်းတွေ တွေ့ရင် အကုန် ချွတ်သိမ်းလိုက်…”

ချင်ယန်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

“ဟုတ်ကဲ့ သူဌေး…”

ကျားဘုရင်နှင့် အခြားလူများက တပြိုင်နက်တည်း အော်ဟစ် လိုက်ကြသည်။

ကျားဘုရင်က စိတ်ထဲ အနည်းငယ် ခံရခက်ပြီး မချိပြုံး ပြုံးလိုက်သည်။ သူက ယွမ်ဟူနယ်ပယ် တန်ခိုးရှင် ဖြစ်သော်လည်း စစ်မြေပြင် သန့်ရှင်းရေးသာ လုပ်နိုင်ခဲ့သည်။

ရိုးသားစွာ ပြောရလျှင် သူကိုယ်တိုင် လှုပ်ရှားလျှင်ပင် ရှန်းယုလင်းနှင့် ရှောင်ကျူဝမ်တို့ ညီအစ်မ နှစ်ယောက်ထက် ပိုကောင်းအောင် လုပ်နိုင်မည်ဟု ကျားဘုရင်က မထင်မိပေ။

"သူဌေးက လူမဆန်ဘူး။ သူဌေးရဲ့ အိမ်ဖော်တွေကလည်း လူ မဆန်ဘူး.."

"ပြောရမယ်ဆို ဆန်းတော့ မဆန်းဘူး။ ငါတို့တောင် သူဌေးနောက် လိုက်တာ ဘယ်လောက်မှ မရှိသေးဘဲနဲ့ ခွန်အားတွေ အများကြီး တိုးတက်လာတာ။ ရှောင်ကျူဝမ်နဲ့ အခြားသူတွေနဲ့ဆိုရင် အများကြီး ကွာမှာပေါ့.."

ကျားဘုရင်က ခံစားချက်များနှင့် သက်ပြင်း ချလိုက်သည်။ နန်ရွှမ်နှင့် အခြားလူများကလည်း အလားတူ ခံစားနေရသည်။

ချင်ယန်က ရှို့ခန်းကို ကြည့်လိုက်ပြီး......

"သန်းချိုင်းဘုရင် ဘယ်မှာလဲ..... သူလည်း ဒီမှာ ရှိနေတယ်လို့ ကြားတယ်။ ဘာဖြစ်လို့ မတွေ့တာလဲ...."

ရှို့ခန်းက ခေါင်းငုံ့လိုက်ပြီး......

"သခင်လေးချင်၊ ရှခွန်က ဝင်လာခဲ့ပေမယ့် ဒီကောင်က ငပါး....။ မြို့သခင် ကိုယ်တိုင် ထွက်လာတာနဲ့ တစ်ခုခု ပြဿနာ ရှိလာမှာ စိုးရိမ်ပြီး ကြိုပုန်းနေတာ။ အခုချိန် လောက်ဆို ထွက်သွားလောက်ပြီ...."

ချင်ယန်က ကြိတ်ပြီး မျက်မှောင် ကြုတ်သွား၏။ အကယ်၍ ရှခွန်သာ ထွက်ပါက လိုက်ရှာသတ်ရန် မလွယ်ပေ။

"ချင်ယန်၊ အခုချိန်က စပြီး ငါတို့အားလုံး ကိုယ်အလုပ်ပဲ ကိုယ်လုပ်ကြမယ်..."

"မင်းအကြောင်း ဘာမှ ပြန် မပြောဘူး..."

ရှခွန်၏အသံက ချင်ယန်တို့ ဘက်သို့ ပျံ့နှံ့လာ၏။ သို့သော် ထိုလူက အစစ်အမှန်ချီကို အသုံးပြုပြီး ပြောနေသဖြင့် အသံက အရပ်မျက်နှာ

အသီးသီးသို့ ပျံ့နှံ့နေပြီး အသံထွက်ပေါ်လာရာ ဦးတည်ချက်ကို ဆုံးဖြတ်ရန် ခက်နေသည်။

"ရှခွန်၊ ငါ့ကို အကြွေး သန်း (၃၀၀) ပြန်ဆပ်ရအုံးမယ်.."

"ကောင်းပြီ...."

ရှခွန်၏ မျက်နှာက ကြက်ဟင်းခါးသီး ကဲ့သို့ ခါးသီးနေသည်။ ယခုအခါ နောင်တစိတ်နှင့် သေချင်စိတ်ပင် ပေါက်နေသည်။ ချင်ယန်၏ ခေါင်းကို ဖြတ်ရန် အဘယ်ကြောင့် လက်ခံခဲ့မိသနည်း.....။

'ခွေးမသား ဟန်ရှီဟောင်..... ဘယ်လို လူမဆန်တဲ့ကောင်ကို သွားပြီး ရန်စတာလဲ....'

သနျှိုင်းဘုရင် ရှုခွန်က စိတ်ထဲမှ အော်ဆဲနေသည်။ သူက မိုးနှင့်မြေကို မကြောက်ဘူးဟု ပြောရဲသည်။ အင်ပါယာ မိသားစုက သူ့အား သတ်ဖြတ်မည့် အရေးကိုလည်း မကြောက်ပေ။ ယခုမူ ချင်ယန်ကိုတော့ ကြောက်လန့် နေမိသည်။

ယခုလက်ရှိ ချင်ယန်၏ ခွန်အားကို ရှုခွန်က မကြောက်သေးပေ။ ချင်ယန်က အသက် (၁၈) နှစ်ပင် မပြည့်သေးဘဲ ငယ်ရွယ်နေသေးသည်။

အကယ်၍ သူသာ ပုန်းမနေဘဲ ရှို့ခန်တို့နှင့် အတူတူ မတ်တပ်ရပ်နေမည် ဆိုပါက ယခုအချိန် သေသွားနိုင်သည်ဟု ခန့်မှန်းလိုက်မိသည်။

‘ရှုခွန်၊ ငါတို့ရဲ့ ခွန်အားကို လုံးဝ ထုတ်မပြောရဘူး..”

“သေချာတာပေါ့…”

ရှခွန်က ထိုစကား ပြောပြီးနောက် လျင်မြန်စွာ ထွက်ခွာသွားသည်။

ချင်ယန်က စိတ်ထဲမှ ကြိတ်ပြီး သက်ပြင်းချလိုက်သည်။ အနာဂါတ်တွင် ရှခွန်ကို သတ်ဖြတ်ရန် နည်းလမ်း ရှာရမည်။ ဒီကောင်က တိုက်ခိုက်ရာတွင် အခရာ မကျသော်လည်း ထွက်ပြေးရာတွင် ဆရာ ကျလွန်းသည်။

## အခန်း(၁၄၅) - ကြိုးစိုးခြင်း...

“အဖေ၊ အဆင်ပြေရဲ့လား...”

လုထန် မိသားစုမှ တန်ခိုးရှင် အားလုံး သေဆုံးခဲ့ပြီး ရှို့ခန်းကလည်း အညံ့ခံသွားခဲ့သည်။

ရှန်းယုလင်းက သက်ပြင်းချလိုက်ပြီး သူမ အဖေအနားသို့ အမြန်သွားကာ ဆွဲထူ ပေးလိုက်သည်။

“အဆင် ပြေပါတယ်....”

ရှန်းချမ်ရှန်က သူ့သမီးကို စိတ်လှုပ်ရှားစွာ ကြည့်လိုက်သည်။

ရှန်းယုလင်း သိုင်းဝိညာဉ် နိုးထလာခဲ့သည့် အချိန်ကတည်းက ရှန်းယုလင်း မသေဆုံးခဲ့လျှင် အနာဂါတ်တွင် တန်ခိုးရှင် တစ်ယောက် ဖြစ်လာလိမ့်မည်ဟု ယုံကြည် ထားခဲ့သည်။ သို့သော် နှစ်ဝက်အတွင်း ရှန်းယုလင်းက ဤမျှ မြန်မြန်ဆန်ဆန် ကြီးထွားလာ လိမ့်မည်ဟု လုံးဝ မမျှော်လင့် ထားခဲ့ပေ။

မူလ အစစ်အမှန် နယ်ပယ် တန်ခိုးရှင်များကို အလွယ်တကူ သတ်ပစ်ခဲ့ရုံသာမက ယွမ်ဟူနယ်ပယ် တန်ခိုးရှင်ကိုပင် သတ်ဖြတ် ခဲ့သေးသည်။

တိမ်းကင်စင် မြို့ဘက်တွင် မူလ အစစ်အမှန် နယ်ပယ် အဆင့် (၄) ဖန်ယွမ်ဟွမ်က အုပ်စိုးသူအဆင့် ပုဂ္ဂိုလ်ကြီး တစ်ယောက် ဖြစ်နေခဲ့သည့် အကြောင်းကို သိထားရမည်။

"အမေ နိုးပြီလား..."

ရှန်းယုလင်းက သတိမေ့နေသည် ရှန်းမိသားစုဝင်များကို အမြန် ပြန်နိုးလိုက်သည်။

သူမ၏ ကုချင်း သံစဉ်ကြောင့် မေ့မျော သွားကြသော်လည်း ပြဿနာ ကြီးကြီးမားမား မရှိခဲ့ပေ။

"ရှန်းမိသားစု ခေါင်းဆောင်...."

ချင်ယန်လည်း လျှောက်လာသည်။

"သခင်လေး ချင်"

ရှန်းချမ်ရှန်က ကမန်းကတန်း ခါးကွေးပြီး လေးစားစွာ အရိုအသေ ပေးလိုက်သည်။ သူက ချင်ယန် လှုပ်ရှားသည်ကို မြင်ခဲ့ရပြီး

ယွမ်ဟူနယ်ပယ် တန်ခိုးရှင်က ချင်ယန်ရှေ့တွင် မည်သည့်ရုပ်မှ မပေါက်ပေ။

"အင်း...."

ချင်ယန်က ခေါင်းညိတ်လိုက်ပြီး.....

"ရှန်းမိသားစု ခေါင်းဆောင်၊ ဒီတစ်ကြိမ်တော့ မင်းတို့ကို နာကျင်စေခဲ့ပြီ။ မင်းတို့အားလုံး ဒီမှာ အဖမ်းခံရတဲ့အတွက် တကယ် တောင်းပန်ပါတယ်..."

"သခင်လေးချင်၊ ဒီလို မပြောပါနဲ့။ သခင်လေးချင် နောက်ကို ယုလင်း

လိုက်နိုင်တာကိုက ယုလင်းအတွက် တကယ့်ကံကောင်းမှုကြီးပါ။ သခင်လေး ချင်ကို ဘယ်လိုလုပ်ပြီး အပြစ်တင် ရမှာလဲ။ ယုလင်းသာ ထိပ်သီးတန်ခိုးရှင် တစ်ယောက် ဖြစ်လာမယ်ဆိုရင် ပျော်ပျော်ကြီး သေပေး ရဲပါတယ်။ ထိုက်တန်တယ်လို့လည်း ထင်မိပါတယ်....”

ရှန်းချမ်ရှန်က ကမန်းကတန်း ပြန်ပြောလိုက်သည်။

ကျန်သည့် ရှန်းမိသားစုဝင်များ၏ စိတ်ထဲတွင် ထိုကဲ့သို့ မတွေးနိုင်ပေ။ ယခုလက်ရှိတွင် ခေါင်းညိတ်ရုံသာ တတ်နိုင်ကြသည်။

လုထန် မိသားစု၏ အလောင်း နှစ်ဆယ်ကျော် သုံးဆယ်နီးပါးက သူတို့ မျက်လုံးရှေ့တွင် ရှိနေသေးသည်။ ချင်ယန်ကို မည်ကဲ့သို့ စော်ကား ရဲမည်နည်း.....

"အဖေ၊ မင်းကို ရှောင်ဖို့ စာရေးခဲ့တယ်လေ...."

ရှန်းယုလင်းက ပြောလိုက်သည်။

ရှန်းချမ်ရှန်က မချိပြုံး ပြုံးလိုက်ပြီး.....

“တစ်ယောက်ယောက်က အဖေတို့ကို စောင့်ကြည့်နေတာ ဖြစ်လိမ့်မယ်။ ထွက်သွား ခါနီးမှာပဲ အဖမ်း ခံလိုက်ရတာ..”

ရှန်းယုလင်းက ဒေါသ ထွက်နေသော အမူအရာနှင့်.....

“အဖေ၊ ဘယ်အင်အားစုက ဖမ်းတယ်ဆိုတာ သိလား....”

“မသိဘူး..”

ရှန်းချမ်ရှန်က ခေါင်းခါလိုက်သည်။

ချင်ယန်က ရှို့ခန်းကို ကြည့်လိုက်သည်။

ရှို့ခန်းက....

“သခင်လေးချင်၊ ကျန်းဂျင်မြို့ဘက်က ကျန်းနန်ဘုရင်ရဲ့ လက်ချက်ပဲ။ ဒါပေမဲ့ အပေါ်ယံမှာတော့ ကျန်းနန်နန်းတော် မဟုတ်ဘူး။ ကျန်းနန်ဘုရင် ဟန်ရှီပောင်လည်း ရွှေဦးချို သိဒ္ဓိမြို့မှာ ရှိနေတယ်...”

ချင်ယန်၏ မျက်လုံးထဲတွင် ရက်စက်သော အလင်းရောင် တစ်ခု ဖြတ်ခနဲ လက်သွား၏။

'ကျန်းနန် နန်းတော်လား..... သေချင်နေတာပဲ...'

"ရှို့ခန်း၊ အလောင်းတွေ အားလုံး သိမ်းလိုက်..."

ချင်ယန်က ပြောလိုက်သည်။

"ဟုတ်"

ရှို့ခန်းက ခေါင်းညိတ်လိုက်သည်။ သူ့ သိုလှောင် လက်စွပ်က (၁၀) ကုဗမီတာကျော် ကျယ်ဝန်းသဖြင့်

အလောင်း နှစ်ဆယ်ကျော် သုံးဆယ်နီးပါး ထည့်သိမ်းရန် လုံးဝ အဆင်ပြေသည်။

လုထန် မိသားစု၏ အလောင်းများက သွေးမထွက်ခဲ့သဖြင့် အလောင်းများကို သိမ်းလိုက်သည်နှင့် မြေပြင်က သန့်ရှင်းနေသည်။

တိုက်ပွဲ ဖြစ်ပွားထားသော သဲလွန်စများ မရှိတော့ပေ။

“အမေ၊ အမေနဲ့ ချူရန်တို့ မောင်နှမ၊ ရှန်းမိသားစု ခေါင်းဆောင်နဲ့ ရှန်းမိသားစုဝင်တွေက

ဒီမှာ အရင်ကျန်ခဲ့ပါ။ ကျန်တဲ့လူတွေက ငါနဲ့ လိုက်ခဲ့..”

ရှီယန်တို့က ခေါင်းညိတ် လိုက်ကြသည်။

ချူရန်က အပြင်သို့လိုက်ပြီး ကူညီချင်သော်လည်း သူ့တိုက်ခိုက်ရေး အစွမ်းက အားနည်း နေသေးသည်။

မကြာခင် သွေးမြကျ ကွင်းတံခါး ပြန်ပွင့်လာပြီး ချင်ယန်တို့နှင့် ရှို့ခန်းတို့က ပြုံးရွှင်သော မျက်နှာများနှင့် ပြန် ထွက်လာကြသည်။

“ဘာတွေ ဖြစ်နေတာလဲ....”

သွေးမြေကျ ကွင်းက တော်တော်လေး မြင့်မားသည်။ ပြင်ပ ရှိ တန်ခိုးရှင်များက အတွင်းထဲသို့ မမြင်နိုင်သလို တိုက်ပွဲစွမ်းအင် အတက်အကျများကိုလည်း မခံစားရပေ။ သို့သော် ချင်ယန်နှင့် ရှို့ခန်းတို့က ပြုံးပြုံးရွှင်ရွှင် ပြန်ထွက်လာသဖြင့် စဉ်းစားမရ ဖြစ်နေကြသည်။ မည်သို့ကြည့်ကြည့် ကြမ်းတမ်း ရက်စက်ခဲ့သည် ပုံစံမျိုး မရှိပေ။

"ရှို့တာဝန်ခံ၊ မင်းက လုထန် မိသားစုဘက်က....."

လုဝမ်ရီဘေးမှ တစ်ယောက်က ကျယ်လောင်စွာ အော်ပြောလိုက်သည်။

ရှို့ခန်းက ရွှဲ့စောင်းသော လေသံနှင့်.....

“သွေးဘုရင် သေပြီ။ ဒီပိုင်ရှင်က လုထန် မိသားစုကို ထပ်ပြီး သစ္စာ မရှိတော့ဘူး။ သခင်လေးချင်က ငါ့ကို စေတနာ မေတ္တာထားပြီး မြို့သခင်နဲ့ ပူးပေါင်းတာက မှန်ကန်တဲ့ ရွေးချယ်မှုလို့ ပြောတယ်။ အခု လုထန် မိသားစုကို ငါ ထိန်းချုပ်ထားတယ်။ ဒီနေ့ကစပြီး သွေးမြကျ ကွင်းတွေကိုလည်း ဒီပိုင်ရှင်က ထိန်းချုပ်လိုက်ပြီ။

ဒီပိုင်ရှင်နဲ့အတူ မြို့သခင် အပေါ်မှာ သစ္စာစောင့်သိရမယ်....”

သေွးဘုရင် လက်အောက်တွင် လက်နက်ကိုင်တပ်ဖွဲ့ ရှိနေသည်။ ထုံးစံအတိုင်း လုထန်မိသားစုဝင်များ ပါဝင်သလို အပြင်လူများလည်း ပါဝင်သည်။

ထို့အပြင် လုထန် မိသားစု၏ အရေးပါသော လူများက သွေးမြကျ ကွင်းထဲတွင် သေဆုံးသွားကြပြီ။

"ဒီနေ့ကစပြီး သွေးနန်းတော်က (သွေးမြေကျကွင်း အားလုံးကို ရည်ညွှန်းသည်) မြို့သခင်အပေါ် သစ္စာ စောင့်သိပါတယ်။ ဘယ်တော့မှ သစ္စာ မဖောက်ပါဘူး..."

ရှို့ခန်းက ကျယ်လောင်စွာ အော်ပြောပြီး လောင်လန်နာ၏ ရထားလုံးရှေ့တွင် ဒူးထောက်ချလိုက်သည်။

သွေးနန်းတော်တွင် တန်ခိုးရှင်များစွာ ရှိသည်။ အချို့က တွေဝေနေသော်လည်း အများစုက

ဒူးထောက်လိုက်သဖြင့် ကျန်သည့် လူများလည်း ဒူးထောက် လိုက်ကြသည်။

ရှို့ခန်း ပြန်ထွက်လာသည်။ လုထန် မိသားစုမှ တန်ခိုးရှင် တစ်ယောက်မှ ပြန်မထွက်လာခဲ့ပေ။ သူတို့အားလုံးကို ရှို့ခန်းသတ်ခဲ့တာ ဖြစ်နိုင်သည်။ ယခု အခြေအနေတွင် ရှို့ခန်းနှင့် သွေးကြွေး ရှင်းမည်လော.....

"တောက်စ်...."

လုထန် မိသားစုမှ တန်ခိုးရှင်အချို့က စိတ်ထဲ အောင့်ဆဲ လိုက်သော်လည်း အများစုက

ဒူးထောက်လိုက်သဖြင့် စိတ်ထဲ ဆဲနေသည့် လူများလည်း ဒူးထောက် လိုက်ကြရသည်။

"ဟွာဝမ် မျှော်စင်ကလည်း မြို့သခင်အပေါ် သစ္စာ စောင့်သိပါတယ်..."

ဟွာဝမ်ရိုကလည်း အော်ဟစ်ပြီး ဒူးထောက် ချလိုက်သည်။

ဟွာတန်၏ မျက်လုံးထဲတွင် အလင်းရောင် တစ်ခု ဖြတ်ခနဲ လက်သွား၏။ သူမကလည်း ဒူးထောက်လိုက်သဖြင့် ဟွာဝမ် မျှော်စင်မှ တန်ခိုးရှင်များလည်း ဒူးထောက် ချလိုက်ကြသည်။

ချင်ယန်က ဒူးထောက်နေသော ဟွာဝမ်ရှိကို လှမ်းကြည့်လိုက်သည်။

ဟွာဝမ်ရှိက ချင်ယန်ကို မျက်လုံးတစ်ဖက် မှိတ်ပြလိုက်သည်။ ပန်းဘုရင် ဟွာတန်က သူမ၏ လှည့်စားမှုကို ကြိတ်ပြီး ယုံကြည်သွားသည်။

ယခုလေးတင် ဟွာဝမ်ရှိက ဟွာတန်ထံ အသံပို့လွှတ်ပြီး သူမက ကောင်းကင်ဘုံ ဘုရင်လေးပါးထက် အားမနည်းတော့သည့် အကြောင်း၊ သူမက ချင်ယန်တို့ထက် အားနည်းနေသေးပြီး ချင်ယန်တို့၏ ခွန်အားက

ဟွာတန် ထင်ထားသည်ထက် များစွာ ပိုမို အားကောင်းကြောင်း ပြောလိုက်သောကြောင့်ပင် ။

ဟွာဝမ်ရိုက ယခုကဲ့သို့ ပြောလိုက်သဖြင့် ပန်းဘုရင် ဟွာတန်က မပုန်ကန် ရဲတော့ဘဲ မြို့သခင်ကို သစ္စာ စောင့်သိလိုက်သည်။

မြို့သခင်၏ အင်းအားက အလွန် အားကောင်းနေပြီ ဖြစ်ရာ သွေးနန်းတော်နှင့် ချင်ယန်တို့ အဖွဲ့ပါ ထပ်ပေါင်းလိုက်မည် ဆိုပါက သူမအနေဖြင့် လောင်းကစား ဘုရင်တို့နှင့် ပူးပေါင်းလျှင်ပင် အနိုင်ရတော့မည် မဟုတ်ချေ။

ထို့ကြောင့် မြို့သခင်ဘက်သို့ ကူးပြောင်းလိုက်ခြင်းက ပိုကောင်းနေသည်။

လုဝမ်ရီနှင့် လောင်းကစား ဘုရင်တို့၏ မျက်နှာအမူအရာက တော်တော် ရုပ်ဆိုး သွားကြသည်။

သွေးနန်းတော်၊ ဟွာဝမ် မျှော်စင်၊ မြို့သခင်အိမ်တော်၊ ချင်ယန်နှင့် အခြားလူများလက်တွဲနေကြပြီ ဖြစ်သဖြင့် သူတို့သာ ယခုချိန်ထပုန်ကန်လိုက်ပါက အမြန်ဆုံးနှုန်းနှင့် ပန်ကန်လုံးစီးပြီး သေရလိမ့်မည်။

“ငါတို့ သစ္စာ စောင့်သိပါတယ်”

လုဝမ်ရီနှင့် လောင်းကစား ဘုရင်တို့က အတူတူ ဒူးထောက်လိုက်ရာ သူတို့၏ နောက်လိုက်များကလည်း ဒူးထောက် လိုက်ကြသည်။

ရထားလုံးပေါ်၌ လောင်လန်နာ၏ မျက်နှာပေါ်တွင် အံ့အောသင့်နေသော အမူအရာများ ပေါ်နေသည်။ လုဝမ်ရီတို့ အားလုံး သစ္စာခံ လာလိမ့်မည်ဟု မမျှော်လင့်ထားသည်မှာ သိသာ ထင်ရှားလွန်းသည်။

လုဝမ်ရီက ပါးစပ်မှ ပြောခဲ့ခြင်းသာ ဖြစ်သဖြင့် လုဝမ်ရီ ဘာတွေ တွေးနေလဲ ဆိုသည်ကို မည်သူမျှ

မသိနိုင်ပေ။ သို့သော် ဒီ အခြေအနေတွင် လုဝမ်ရီက တစ်ခုခု လုပ်ချင်လျှင်ပင် မဖြစ်နိုင်တော့ချေ။

"Lee......."

"ဘာတွေ ဖြစ်နေတာလဲ..."

ဟန်ရှီဟောင်နှင့် ရှီမိသားစု တန်ခိုးရှင်၏ မျက်နှာပေါ်တွင် ကြောက်လန့်နေသော အမူအရာများ ပေါ်လာပြီး တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။ ထို့နောက် ခပ်မြန်မြန် ထွက်ခွာ သွားကြသည်။

လုဝမ်ရီ တို့အားလုံးက သစ္စာခံလိုက်ကြပြီ ဖြစ်သောကြောင့် ရွှေဦးချို သိဒ္ဓိမြို့တွင် ဆက်လက်ရန် မည်သို့မျှ မဖြစ်နိုင်တော့ပေ။

"မင်းတို့က ငါ့ဆီ သစ္စာခံလာကြတာ ဆိုတော့ မင်းတို့ကို ယွမ်ဟိုင်နယ်ပယ် အမြန်ဆုံး တက်လှမ်းနိုင်အောင် ဆေးလုံး တစ်လုံး ချီးမြှင့်မယ်..."

လောင်လန်နာ၏ အသံက ရထားလုံးထဲမှ ထွက်ပေါ်လာပြီး ကျောက်စိမ်း ပုလင်းလေး သုံးပုလင်းက ရထားလုံးထဲမှ လွင့်ထွက်လာကာ

လုဝမ်ရီ၊ ဟွာတန်နှင့် လောင်ကစား ဘုရင်တို့၏ ရှေ့သို့ ပြုတ်ကျသွားသည်။

လုဝမ်ရီတို့ သုံးယောက်က အနည်းငယ် မျက်နှာ ပျက်သွားကြသည်။ ဆေးလုံးက ဘာဆေးလုံးလဲ ဆိုသည်ကို မည်သူက သိမည်နည်း….။

သို့သော် ကျားခွစီးမိပြီ ဖြစ်သဖြင့် ပြန်ဆင်းရန် ခက်နေသည်။

ပန်းဘုရင်က ခေတ္တမျှ တုံ့ဆိုင်း သွားပြီးနောက် ဆေးပုလင်းထဲမှ ဆေးကို ထုတ်ကြည့်လိုက်သည်။

အဆင့် (၅) ဆေးလုံး ဖြစ်နေသည်။

လုဝမ်ရီနှင့် အခြားလူများက မည်သည့် ဆေးအမျိုးအစားလဲ ဆိုသည်ကို မသိကြပေ။

"ဆုအတွက် ကျေးဇူး အများကြီး တင်ပါတယ်။ မြို့သခင်..."

ဟွာဝမ်ရိုက ပြဿနာ မရှိနိုင်ဘူးဟု ပြောသဖြင့် ဟွာတန်က ဆေးလုံးကို တစ်ခါတည်း စားလိုက်သည်။

"ဆုပေးတဲ့ အတွက် ကျေးဇူးအများကြီး တင်ပါတယ်။ မြို့ သခင်..."

လောင်းကစား ဘုရင်တို့ကလည်း ဆေးသောက်လိုက် ကြသည်။ သူတို့က သစ္စာစောင့်သိရန် ပါးစပ်မှ ပြောခဲ့ရုံသာ ပြောခဲ့ခြင်း ဖြစ်သည်။ ယခုမူ ဆေးကို မသောက်လိုက်ပါက အကျိုးဆက် ပြင်းထန် သွားလိမ့်မည်။

အသက်ကို ကြိုးတန်းပေါ်တင်ပြီး ကံစမ်းသည်ထက် စာလျှင် ဆေးသောက် လိုက်ခြင်းက ပိုကောင်းလိမ့်မည်။

အဆင့် (၅) ဆေးလုံးက အလွန် တန်ဖိုးကြီးသဖြင့် ထိုဆေးများက သူတို့ကို သတ်ခြင်းထက်စာလျှင် သူတို့ကို ထိန်းချုပ်ရန် ပိုမို ဖြစ်နိုင်သည်။

"အရမ်း ကောင်းတယ်..."

လောင်လန်နာက ပုံမှန်အသံနှင့် ပြောပြီးနောက် ရထားလုံးပေါ်မှ ဆင်းလာသည်။ မျက်နှာကို ဖုံးအုပ်ထားသောကြောင့် မမြင်ရပေ။

"အမျိုးသမီးလား..."

လောင်းကစား ဘုရင်က မမြင်နိုင်သော်လည်း အသံနှင့် ခန္ဓာကိုယ်ကို ကြည့်ပြီးနောက် အမျိုးသမီး တစ်ယောက် ဖြစ်ကြောင်း သိရှိသွားသည်။

ဝုန်း……

လောင်လန်နာ၏ ခန္ဓာကိုယ်မှ အစွမ်းထက်သော အော်ရာက ပေါက်ကွဲ ထွက်လာသည်။ သူမ၏ ကျင့်ကြံခြင်းအဆင့်က ယွမ်ဟူနယ်ပယ် အဆင့် (၇) သာ ရှိသေးသော်လည်း ပေါက်ကွဲ ထွက်လာသော အော်ရာက သွေးဘုရင်၊ လောင်းကစား ဘုရင်၊

လုဘုရင်နှင့် ပန်းဘုရင်တို့ထက်ပင် ပိုမို ပြင်းထန်နေသေးသည်။

လောင်လန်နာ လက်ထဲတွင် တံဆိပ်တစ်ခုပေါ်လာသည်။ ဒါသည် ရွှေဦးချို သိဒ္ဓိမြို့၏ မြို့သခင် အမိန့်ပြား ပင်…

"လူတိုင်းပဲ…. ငါ့အဖေ လောင်လန်ချမ်ကယွမ်ဟိုင် နယ်ပယ်ကနေ အဆင့်တက်သွားလို့ထွက်သွားပြီ။ ငါ လောင်လန်နာက ဒီရွှေဦးချို သိဒ္ဓိမြို့ကို လွှဲပြောင်း ရယူလိုက်တယ်။ ဒါကို လက်မခံတဲ့လူ ဘယ်သူရှိလဲ….."

လောင်လန်နာက အမှန်တကယ်ကို လွှမ်းမိုးချုပ်ကိုင်လွှန်းနေသည်။

လောင်လန်နာတွင် အမှန်တကယ် လွှမ်းမိုးချုပ်ကိုင်နိုင်သော ဘက်ခြမ်း ရှိနေသဖြင့် ရှောင်ကျူဝမ်နှင့် အခြားသူများ၏ မျက်လုံးထဲတွင် အံ့အောသင့်နေသော အမူအရာများ ပေါ်လာသည်။

ချင်ယန်အတွက်တော့ အံ့အောစရာ မဟုတ်ပေ။

လောင်လန်နာက သူ၏ အချစ်ဦး ဖြစ်ခဲ့သဖြင့် သူမအကြောင်းကို ကကြီးမှ အအထိ သိနေသည်။

လောင်လန်နာက မြို့သခင် ဖြစ်နေခဲ့သည်မှာ နှစ်ပေါင်း အနည်းငယ် ကြာနေခဲ့ပြီ။ အစပိုင်းတွင် သူမ မသိခဲ့လျှင်ပင် လေ့ကျင့် ထားလိမ့်မည်။

"ငါတို့ သွေးနန်းတော်က သစ္စာခံပါတယ်"

"ဟွာဝမ် မျှော်စင်က သစ္စာခံပါတယ်"

ရှို့ခန်း၊ လောင်ကစားဘုရင်၊ ပန်းဘုရင်၊ လုဘုရင်နှင့် သူတို့၏ နောက်လိုက် ငယ်သားများက တပြိုက်နက်တည်း အော်ဟစ်လိုက်ရာ ကောင်ကင်နှင့် မြေကြီးပင် တုန်ဟီးသွားသည်။

လောင်လန်ချမ် အသက် ရှင်နေသေးလား...

ယွမ်ဒန် နယ်ပယ်ကို ရောက်သွားတာလား.....

စသည့် အကြောင်းကို လူတော်တော်များများ သိလည်း မသိကြသလို ယုံလည်း မယုံကြပေ။ သို့သော် လောင်လန်နာတွင် ကြီးမားသော ခွန်အား ရှိနေသည်။

ထို့အပြင် ဘုရင် သုံးပါးလုံးက ဆေးများ စားခဲ့ကြပြီး မည်သည့် ဆေးမှန်းလည်း မသိခဲ့ကြပေ။ ဒီအချိန်မှ နောက်ပြန်လှည့်မည် ဆိုလျှင် သေတွင်း တူးထားရုံသာ ရှိတော့သည်။

## အခန်း(၁၄၆) - တွေ့ဆုံကြုံကြဲ..

"ချင်ယန်၊ မကြာခင် ထွက်သွား တော့မှာလား...."

လောင်လန်နာက အနည်းငယ် ဝန်လေး နေမိသည်။

ရှို့ခန်း၊ ကောင်းကင်ဘုံ ဘုရင်သုံးပါးနှင့် သူတို့၏ နောက်လိုက်များ သစ္စာခံခဲ့သည်မှာ (၄) ရက်ကြာသွားခဲ့ပြီး ရွှေဦးချို သိဒ္ဓိမြို့၏ အခြေအနေကလည်း လုံးဝ တည်ငြိမ် လာခဲ့သည်။

သို့သော် လောင်လန်ချမ်ကို မည်သူ သတ်ခဲ့သနည်း....

သိဒ္ဓိပုလဲက မည်သည့် နေရာမှာနည်း...... စသည်တို့ကို မသိရသေးပေ။

လောင်းကစား ဘုရင်၊ လုဘုရင်နှင့် ပန်ဘုရင်တို့က ယခုလက်ရှိ အချိန်တွင် သစ္စာခံခဲ့ကြပြီး သစ္စာဖောက်နိုင်စွမ်း မရှိတော့သော်လည်း လောင်လန်ချမ်ကို လုပ်ကြံခဲ့သည့်လူက သူတို့ထဲက တစ်ယောက်သာ ဖြစ်လိမ့်မည်။ သူတို့ဘက်မှ ထုတ်မပြောပါက

ချင်ယန်ကလည်း သူတို့ကို စိတ်ညှို့ပြီး မေးနိုင်စွမ်း မရှိပေ။

ထို့အပြင် ရွှေးဦးချို သိဒ္ဓိမြို့တွင် လူသန်းပေါင်းများစွာ ရှိပြီး လွှမ်းမိုးနိုင်သော လူများကလည်း အများကြီး ရှိနေသည်။ သူတို့ထဲမှ တစ်ယောက်ယောက်က လှူပ်ရှားခဲ့တာလည်း ဖြစ်နိုင်သည်။

ကံကောင်းသည်မှာ ယခု လက်ရှိတွင် လောင်လန်နာက အများ လက်ခံထားသော မြို့သခင်တစ်ယောက် ဖြစ်နေပြီး သူမ

ခွန်အားကလည်း လျှင်မြန်စွာ တိုးတက်လျက်ရှိနေသည်။ လအနည်းငယ် အတွင်း ယွမ်ဟိုင်နယ်ပယ်သို့ ရောက်လိမ့်မည်ဟု ခန့်မှန်းရသည်။ အချိန်တစ်ခုသို့ ရောက်ပါက သဲလွန်စရှာတွေ့သွားနိုင်မည့် ဖြစ်နိုင်ခြေက အလွန်များနေသည်။

"အင်း...."

ချင်ယန်က ဖြည်းဖြည်းခြင်း ခေါင်းညိတ်လိုက်သည်။

ပြတင်းပေါက်မှ ကျော်၍ အပြင်သို့ လှမ်းကြည့်လိုက်သောအခါ အဖြူရောင် ဖြစ်နေသည်။

နှင်းများ ကျနေပြီ.......

ထိုနေ့က ချင်ယန်သည် အသက် (၈) နှစ်သာ ရှိသေးသည်။ သူနှင့် သူ့အမေ ရှီယန်ကို အိမ်မှ နှင်ထုတ်ပြီး အင်ပါယာ မြို့တော်က မောင်းထုတ်ခဲ့သည့်နေ့တွင်လည်း နှင်းများ ကျနေသည်။

တောင်ဘက်သို့ လာခဲ့သည့် လမ်းတလျှောက်တွင် ရေခဲများ၊ နှင်းများ ဖုံးလွှမ်းနေသဖြင့် ချင်ယန်က လမ်းပေါ်တွင် သေမလို ဖြစ်ခဲ့ရသည်။

"မင်... ပြန်လာမှာလား.."

လောင်လန်နာက မေးလိုက်သည်။

ချင်ယန်ကို လောင်လန်နာကို တစ်ချက်ကြည့်ပြီးနောက် သူမ၏ အကြည့်များကို အနည်းငယ်ရှောင်လိုက်သည်။

ချင်ယန်က လောင်လန်နာ၏ ကျင့်ကြံခြင်းအဆင့်ကို တိုးတက်လာအောင် ကူညီပေးခဲ့ပြီး မြို့သခင် ထိုင်ခုံကိုလည်း ခိုင်မာစွာ ထိုင်ခွင့်ရအောင် လုပ်ပေးခဲ့သဖြင့် လောင်လန်နာ၏ နှလုံးသားထဲတွင် သူ့အတွက် နေရာတစ်ခု ရှိလာခဲ့သည်။

"မလာဖြစ်လောက်ဘူး..."

ချင်ယန်က အနည်းငယ် ခေါင်းခါလိုက်သည်။ အင်ပါယာမြို့တော်မှ ကိစ္စများကို ကိုင်တွယ်ဖြေရှင်းပြီးသည်နှင့် အဝေးထွက်သွားပြီး ချမ်ဂျူးအကယ်ဒမီသို့ သွားရန် ချင်ယန်က စီစဉ်ထားသည်။

ထို့ကြောင့် ရွှေဦးချို သိဒ္ဓိမြို့သို့ နောက်တစ်ကြိမ် ပြန်ရောက်လာနိုင်မည့် ဖြစ်နိုင်ခြေက တော်တော်လေး နည်းပါးနေသည်။

ချင်ယန်ကလည်း သူသာ ဒီနေရာမှာ အချိန်အကြာကြီး ဆက်နေလျှင် လောင်လန်နာအပေါ်

ထားသည့် သူ့စိတ်ထဲမှ ခံစားချက်များ မြင့်တက်လာမည်ကို စိုးရိမ် နေမိသည်။

"အင်း...."

လောင်လင်နာ၏ မျက်နှာလေးက ညှိုးကျ သွားသည်။

"ချင်ယန်၊ မင်းအတွက် အရာအားလုံး အကောင်းဆုံး ဖြစ်ပါစေလို့ ဆုတောင်း ပေးလိုက်တယ်....."

လောင်လန်နာက ပြောလိုက်သည်။

“ဂရုစိုက်ပါ....”

ချင်ယန်က လောင်လန်နာကို လေးလေးနက်နက် စိုက်ကြည့်ပြီး ပြောလိုက်သည်။

“နှုတ်ဆက်ပါတယ်....”

လောင်လန်နာက တိုးတိုးလေး ပြောလိုက်သည်။

ချင်ယန်က အပြင် ထွက်လာသည်။ လောင်လန်နာကလည်း မြို့သခင် အိမ်တော် အပြင်ဘက်အထိ လိုက်ပို့ ပေးခဲ့သည်။

ချင်ယန်တို့ အဖွဲ့က ရထားလုံး နှစ်စင်းပေါ် တက်သွားပြီး ရထားလုံး နှစ်စင်းက သားရဲပျံများ ရပ်နားကွင်းသို့ လျင်မြန်စွာ မောင်းနှင် သွားကြသည်။

"ချင်ယန်၊ မင်းကို ပြောစရာ ရှိသေးတယ်..."

ချူရန် ပြောလိုက်သည်။

ချင်ယန်က ချူရန်ကို ဇဝေဇဝါ အကြည့်များနှင့် ကြည့်လိုက်သည်။ သူက ချူရန်အကြောင်းကို ကောင်းကောင်း သိနေသည်။ ချူရန်၏ ပုံစံက တစ်ခုခုကို ဆုံးဖြတ်ချက် ခိုင်ခိုင်မာမာ ချခဲ့သည့် ပုံစံမျိုး ဖြစ်နေသည်။

"ဘာပြောမလို့လဲ.."

ချင်ယန်က မေးလိုက်သည်။

ချူရန်က အသက် ခပ်ပြင်းပြင်းလေး တစ်ချက်ရှူလိုက်ပြီး.........

"ချင်ယန်၊ ခဏနေရင် ငါ့ညီမလေးကို ခေါ်ပြီး ကမ္ဘာအနှံ့ လျှောက်သွားတော့မယ်။ သားရဲပုံစီးပြီး မင်းတို့နဲ့အတူ အင်ပါယာမြို့တော်ကို မလိုက်တော့ဘူး။ အဲ့ဘက်မှာ ငါ့ခွန်အားနဲ့လည်း အများကြီး မကူညီနိုင်ဘူးဆိုတာ ငါ သိနေတယ်။ မင်းက ငါ့ အကူအညီလည်း မလိုပါဘူး..."

"ချင်ယန်၊ မင်း နောက်လိုက်မယ်ဆိုရင် မင်းက ငါ့ကို အများကြီး ကူညီပေးနိုင်တယ်ဆိုတာ ငါ သိတယ်။ ရိုးရိုးသားသား ပြောရရင် စိတ်ထဲ အနေရခက်တယ်။ မင်းငါ့ကို ညီအစ်ကိုလို သတ်မှတ်ထားတယ်လို့ ပြောခဲ့ပေမဲ့ မင်းဘက်ကပဲ တဖက်သတ် ပေးဆပ် နေခဲ့ရတာ။ ဒီလို ဆက်သွားမယ်ဆိုရင် ဘယ်လောက် ကြာကြာ ညီအစ်ကို ဖြစ်နိုင်မှာလဲ...."

"ရွှေဦးချို သိဒ္ဓိမြို့မှာလိုပဲ ငါက ဘာမှ မကူညီပေးနိုင်ဘဲ အဖိုးတန် ကိုယ်ပျောက် အဆောင်ကို ဖြုန်းတီး မိလိမ့်မယ်...."

ချင်ယန်က မျက်မှောင် ကြုတ်လိုက်ပြီး......

"ချူရန် ၊ ဒီ ပစ္စည်းတွေက ဘယ်လောက် ကုန်ကုန် ပြန်သန့်စင်လို့ ရတယ်။ ကုန်ကျစရိတ်လည်း မများဘူး...."

ချူရန်က......

"ချင်ယန်၊ သန့်စင်လို့ ရတယ်ဆိုပေမဲ့ အချိန်ပေးရတာပဲလေ။ စက္ကူတစ်ခုတင် ငွေတုံး (၁၀) သန်းလောက် တန်နေပြီ။ ကုန်ကြမ်း ပစ္စည်းတွေကလည်း သန်းပေါင်းများစွာ တန်တယ်.."

"ချင်ယန်၊ အခုလက်ရှိ ငါ့ရဲ့ ကျင့်ကြံခြင်းအဆင့်ကလည်း မူလ အစစ်အမှန် နယ်ပယ် ရောက်နေပြီ။ စည်းတံဆိပ် ဘက်မှာလည်း သခင်အဆင့် ဖြစ်နေပြီ။ ငါ့ညီမရဲ့ ခွန်အားကလည်း မူလ အစစ်အမှန် နယ်ပယ်နဲ့ နီးစပ်ပြီး ချီဖွဲ့စည်းခြင်း အဆင့် (၉) ရောက်နေပြီ။ အင်အားကြီး ရန်သူက

ငါတို့ကို မနှောက်ယှက်သေရွေ့ ငါ့တို့ကိုယ် ငါတို့ ကာကွယ်ဖို့ ပြဿနာ မရှိတော့ဘူး....”

“တခြားနေရာတွေ သွားပြီး အတွေ့အကြုံသစ် ရှာရင်း လေ့ကျင့်တော့မယ်....”

ချင်ယန်က မျက်မှောင် ကြုတ်နေသော အမူအရာနှင့် ချူရန်ကို ကြည့်လိုက်ပြီး.....

“ချူရန်၊ တကယ်လို့ ထွက်သွားမယ်ဆိုရင် မင်းရဲ့ တိုးတက်မှုက နည်းနည်း နှေးသွားနိုင်တယ်...”

ချူရန်က ....

"ငါ သိပါတယ်…"

"ဒါပေမဲ့ ချင်ယန်၊ မင်းနောက် ဒီအတိုင်း ဆက်လိုက်နေရင် ညီအစ်ကို မဖြစ်ဘဲ မင်း နောက်လိုက် ဖြစ်လာတော့မယ်။ မင်းက ငါ့ကို လက်အောက် ငယ်သားအဖြစ် လက်ခံချင်လို့လား….."

ချင်ယန် မျက်လဖုံးမှေးသွား၏။ သူ ပြန်လည် မမွေးဖွားခင် ချူရန်က သူ၏ အကောင်းဆုံး ညီအစ်ကိုပင်…….

ချူရန်ကို သူ၏ လက်အောက်ငယ်သား အဖြစ် မည်ကဲ့သို့ လက်ခံ နိုင်မည်နည်း.....

ချူရန်က....

"ချင်ယန်၊ မင်းနဲ့အတူတူ လှုပ်ရှားမယ်ဆိုရင် ငါတို့ရဲ့ ခွန်အားက အားနည်းတယ်။ သာမန်ဆိုရင် ငါတို့မှာ လှုပ်ရှားဖို့ အခွင့်အရေး မရှိသလို အတွေ့အကြုံ ရဖို့လည်း အခွင့်အရေး မရှိဘူး....။ ကျင့်ကြံခြင်းအဆင့် တိုးတက်မှု မြန်တာက ရေတိုမှာ ကောင်းပါတယ်။ ဒါပေမဲ့ ရေရှည်သွားတဲ့

အချိန်ကျရင် ငါ့ရဲ့ စိတ်အခြေအနေက မှားယွင်း သွားနိုင်တယ်....”

ချင်ယန်က အနည်းငယ် သက်ပြင်း ချလိုက်သည်။ ချူရန်အပေါ် နားလည်သော သူ့နားလည်မှု အရ ချူရန်က အနေးနှင့်အမြန် ထွက်သွားလိမ့်မည်။

ထို့အပြင် ချူရန်က သူနှင့်အတူ တစ်ချိန်လုံး ရှိနေခြင်းက တကယ် ကောင်းမွန်ပါ၏လော.....

ချူရန်ပြောသည့် စကားကလည်း အဓိပ္ပါယ် ရှိနေသည်။

"ချူရန်၊ မင်း ဆုံးဖြတ်ပြီးသွားရင် ငါ့ အတင်းအကြပ် မတိုက်တွန်းတော့ပါဘူး။ ငါနဲ့ လိုက်ခဲ့မယ်ဆိုလည်း ဘေးကင်းမှာ မဟုတ်ဘူး..."

ချင်ယန်က ပြောလိုက်သည်။

ကျန်းဂျင်နှင့် ရွှေဦးချို သိဒ္ဓိမြို့ နှစ်ခုလုံးတွင် အန္တရာယ်များနှင့် ကြုံတွေ့ခဲ့ရသည်။

အင်ပါယာ မြို့တော်သို့ သွားရာတွင်လည်း မလွဲမသွေ ကြုံတွေ့ ရအုံးမည်သာ......

ချူရန်က ဆုံးဖြတ်ချက် ပြတ်သားသော လေသံနှင့်.......

“ချင်ယန်၊ အန္တရာယ်ကြောက်လို့ ထွက်သွားတာ မဟုတ်ဘူး...”

“ငါ နားလည်ပါတယ်...”

ချင်ယန်က ခေါင်းညိတ်လိုက်ပြီး......

“ဘယ်ကိုသွားဖို့ စဉ်းစားထားလဲ....”

ချူရန်က တစ်ချက် ပြုံးလိုက်ပြီး......

"တွေ့သမျှ လမ်းတိုင်း သွားမယ်။ ချမ်ဂျူး အကယ်ဒမီဘက်လည်း သွားမယ်။ အရမ်းကြီး စိတ်မပူနဲ့...... ငါက အခု စည်းမဟာသခင် တစ်ယောက် ဖြစ်နေပါပြီ...."

စည်းမဟာသခင် အဆင့် ပုဂ္ဂိုလ်တစ်ယောက်ကို လူအများစုက ပေါ့ပေါ့ဆဆ ရန်စကြမည် မဟုတ်ပေ။ ထိုကိစ္စအတွက် စည်းသခင် လမ်းညွှန်မှု အဖွဲ့က သည်းမခံသလို စည်းသခင်များတွင်လည်း ကျယ်ပြန့်သော လူမှုရေး အသိုင်းအဝိုင်းများ ရှိကြသည်။

"ချူယွီ၊ နင်လည်း ထွက်သွား ချင်တာလား..."

ရှောင်ကျူယင်က ချူယွီကို အနည်းငယ် ဒေါသထွက်နေသော အကြည့်နှင့် ကြည့်ပြီး ပြောလိုက်သည်။

"သိပ်မကြာပါဘူး... ငါတို့ ပြန်ဆုံမှာပါ..."

ချူယွီက ပြုံးပြုံးရွှင်ရွှင် အမူအရာနှင့် ပြန်ပြောလိုက်သည်။ သူမက ထွက်သွားရန် ဝန်လေး နေသော်လည်း ချူရန်က သူမကို ပြောခဲ့ပြီးပြီ။ ထွက်သွားရန် ရွေးချယ်ခြင်းက ပိုကောင်းသော ရွေးချယ်မှု တစ်ခုဟု သူမကလည်း ထင်နေမိသည်။

"ကောင်းပြီလေ.... အချိန်တန်ရင် ချမ်ဂျူး အကယ်ဒမီမှာ ပြန်တွေ့ကြမယ်...."

ရှောင်ကျူယင်က ချူယွီ၏လက်ကို ဆုပ်ကိုင်ပြီး ပြောလိုက်သည်။

ရထားလုံးပေါ်တွင် ချင်ယန်နှင့် အခြားလူများက နှုတ်ဆက် နေကြသည်။

သားရဲပျံကွင်းသို့ ရောက်သောအခါ ချူရန်နှင့် ချူယွီတို့က အခြား တိမ်ငန်းတစ်ကောင်ကို စီးပြီး ထွက်သွားကြသည်။

“အမေ၊ သွားရအောင်”

ချင်ယန်က ပြောလိုက်သည်။

ရှီယန်က အင်ပါယာမြို့တော် ရှိရာဘက်သို့ လွမ်းဆွတ်နေသော မျက်လုံးများနှင့် လှမ်းကြည့်နေသည်။

“အဲ့နေတုန်းကလည်း နှင်းတွေ ကျနေတယ်။ အခု ပြန်သွားတော့လည်း နှင်းတွေ ကျတဲ့နေ့ပဲ..”

“ကံဆိုးတာက အရာအားလုံး တူပေမယ့်... လူတွေကတော့ ပြောင်းလဲသွားပြီ....”

"သွားမယ်..."

ရှီယန်က တိမ်ငန်း တစ်ကောင်ပေါ် တက်သွားသည်။ ရှောင်ကျူယင်နှင့် ရှန်ယုလင်းတို့လည်း တက်သွားကြသည်။ ရှောင်ကျူဝမ်၊ ရှန်ကွမ်ယင်၊ ဟွာဝမ်ရိုတို့က တစ်ကောင်၊ ချင်ယန်၊ ချမ်ဟိုင်၊ နန်ရွှမ်နှင့် ကျွမ်းစစ်တို့က နောက်ထပ် တစ်ကောင်ပေါ် တက်သွားကြသည်။

......

ရှီမိသားစု....

ရှီကျန်းက ဇိမ်ခံ ကုလားထိုင်ပေါ်တွင် ထိုင်ပြီး သတင်းတစ်ခုကို ဖတ်နေသည်။ အဆိုပါ သတင်းက ရွှေဦးချို သိဒ္ဓိမြို့မှ ပေးပို့လိုက်ခြင်း ဖြစ်သည်။

တိမ်းငန်းတစ်ကောင် စီးနှင်းသည့် စျေးနှုန်းက အလွန် စျေးကြီးသဖြင့် ထိုသတင်းကို မြင်းနှင့် ပို့ခဲ့ခြင်း ဖြစ်ကာ သုံး၊ လေးရက်ခန့် ကြာမြင့်ခဲ့သည်။

"ရှန်းမိသားစုတွေ ပြန်ပေးဆွဲ ခံခဲ့ရတယ်။ ချင်ယန်နဲ့ တခြားလူတွေက သွေးမြေကျ ကွင်းထဲ ဝင်သွားတယ်...."

"ချင်ယန်က ရှို့ခန်းကို လက်နက်ချအောင် စည်းရုံးခဲ့ပြီးတော့ လုထန် မိသားစုတွေကို ဖမ်းဆီးခဲ့တယ်....."

"ကောင်းကင်ဘုံ ဘုရင်သုံးပါးက သစ္စာခံပြီးတော့ လောင်လန်ချမ်ရဲ့ သမီးက မြို့သခင် အသစ်ဖြစ်လာတယ်။ ယွမ်ဟူနယ်ပယ် အဆင့် (၉) ခွန်အားကို ခမ်းခမ်းနားနား ထုတ်ပြခဲ့တယ်..."

ရှီကျန်းက သတင်း အချက်အလက်ကို ဖတ်ပြီးနောက် တော်တော်လေး မျက်မှောင်ကြုတ်နေသည်။

"အဖေ၊ ယုလောင် ပြန်လာပြီ....."

လူတစ်ယောက်က အခန်းထဲ ဝင်လာပြီး ပြောလိုက်သည်။

"မြန်မြန် ဝင်ခိုင်းလိုက်...."

ရှီကျန်းက လေးနက်စွာ ပြောလိုက်သည်။ အဘိုးအို တစ်ယောက်က အခန်းထဲသို့ လျင်မြန်စွာ ဝင်လာသည်။ ထိုအဘိုးအိုက ယခင် ဟန်ရှီဟောင်နှင့် အတူတူ ရှိခဲ့သည့် တန်ခိုးရှင်ပင်.....

"မိသားစု ခေါင်းဆောင်....."

ထိုအဘိုးအိုက ဝင်လာပြီးနောက် အရိုအသေ ပေးလိုက်သည်။

“ယုလောင်၊ လာ ထိုင်ကွာ…”

ရှီကျန်းက ပြောလိုက်သည်။

“ကျေးဇူး တင်ပါတယ်။ မိသားစု ခေါင်းဆောင်….”

ယုလောင်ဟု ခေါ်သော အဘိုးအိုက ထိုင်လိုက်ပြီး…

“မိသားစု ခေါင်းဆောင်၊ ရွှေဦးချို သိဒ္ဓိမြို့က အခြေအနေကို သေသေချာချာ လေ့လာခဲ့တယ်။

သွေးမြေကျ ကွင်းထဲမှာ တိုက်ပွဲ လုံးဝ မဖြစ်ခဲ့ဘူး။ တိုက်ပွဲ သဲလွန်စလည်း မရှိသလို သွေးရာတွေလည်း မရှိဘူး။ ရှို့ခန်းက အထွတ်အထိပ်ကို တက်ချင်တဲ့အတွက် လုထန် မိသားစုကို တိတ်တိတ်လေး ဖမ်းလိုက်တာပဲ ဖြစ်လိမ့်မယ်....”

ရှီကျန်းက မျက်မှောင် ကြုတ်လိုက်ပြီး.....

“ချင်ယန် ကိစ္စကရော ဘယ်လိုလဲ. သူတို့ရဲ့ စွမ်းရည်နဲ့ အရည်အချင်းက.... ရွှေဦးချို သိဒ္ဓိမြို့သခင် မျက်စိကျသွားအောင် ဘယ်လို လုပ်ခဲ့တာလဲ...”

ယုလောင်က.....

“မိသားစု ခေါင်းဆောင်..၊ တချို့ အရာတွေတော့ ရှာတွေ့ခဲ့တယ်။ ချင်ယန်က ဟွာဝမ်မျှော်စင်က ဟွာဝမ်ရိုကို သုံးလ ဌားခဲ့တယ်။ ဟွာဝမ်ရိုက တိတ်တိတ်လေး ပူးပေါင်းပြီးတော့ ပန်းဘုရင်ကို စာတစ်စောင် ပေးခဲ့တယ်။ ဒါကြောင့် ပန်းဘုရင်က မြို့သခင်နဲ့ ချင်ယန်တို့ကို ပေါင်းကူး ပေးခဲ့တာ ဖြစ်နိုင်တယ်..”

"ဒါနဲ့ စကားမစပ်.... ရှို့ခန်းလည်း ရှိသေးတယ်။ ချင်ယန်က ရှို့ခန်းကို ကူညီခဲ့တယ်။ သူကလည်း လျှို့ဝှက်ပြီး ကူညီခဲ့တာ ဖြစ်နိုင်တယ်...."

"တကယ်လို့ ရှန်းမိသားစုကို မဖမ်းခဲ့ဘူးဆိုရင်တော့ မွေးနေ့ပွဲ ရောက်မှ လှုပ်ရှားမှာ... နည်းနည်းလေး စောသွားတာပဲ ရှိတယ်..."

ရှီကျန်းက ထိုကဲ့သို့ တွေးလိုက်သည်။

ခဏအကြာ ရှီကျန်းက.....

"ယုလောင်၊ ချင်ယန်ရဲ့ ကိုယ်ပိုင်ခွန်အားက ဘယ်လိုလဲ...."

ယုလောင်က....

"မိသားစု ခေါင်းဆောင် ချင်ယန်က စည်းတံဆိပ်ဘက်မှာ မဟာသခင်အဆင့် ရှိတယ်ဆိုပေမဲ့ တကယ်က အဲ့ အဆင့် မရောက်သေးဘူးလို့ ငါထင်တယ်။ မဟာသခင် တစ်ယောက် ဖြစ်လာဖို့က မလွယ်ဘူးလေ။ ဒါပေမဲ့ ချင်ယန်က မဟာသခင်တွေ မဖြေရှင်းနိုင်တဲ့ ပြဿနာ တချို့ကို ဖြေရှင်းနိုင်နေတော့ စည်းတံဆိပ်

အမွေတွေ ရထားတာလည်း ဖြစ်ကောင်း ဖြစ်နိုင်တယ်....”

“ပြီးတော့ ကျားဘုရင်နဲ့ တခြား လူတွေကိုလည်း ဝယ်ထားသေးတယ်။ အရင်က ကျားဘုရင် ချမ်ဟိုင်က ယွမ်ဟူနယ်ပယ် ကျင့်ကြံခြင်း အဆင့်ကို ဖော်ပြခဲ့တယ်။ ယွမ်ဟူနယ်ပယ် အဆင့် (၁)မှာပဲ ရှိသေးတယ်။ နန်ရှမ်နဲ့ တခြား လူတွေကတော့ သူတို့ရဲ့ ခွန်အားကို လုံးဝ မပြခဲ့ဘူး.... မူလ ခွန်အားထက် နည်းနည်းလေး ပိုတိုးတက် လာနိုင်တယ်...”

ရှီကျန်းက ခေါင်းညိတ်လိုက်ပြီး.......

"ချင်ယန်နဲ့ မြို့သခင်ကြားက ဆက်ဆံရေးက ဘာလဲ...."

ရှီကျန်းကလည်း ချင်ယန်နှင့် အမြင်တူနေပုံ ရသည်။ ရွှေဦးချို သိဒ္ဓိမြို့ကို လျှော့တွက်၍ မရပေ။ ရွှေဦးချို သိဒ္ဓိမြို့တွင် ယွမ်ဟူ နယ်ပယ်အဆင့် တန်ခိုးရှင် များစွာ ရှိနေသည်။

ယုလောင်က ခဏမျှ စဉ်းစားပြီးနောက်.......

“မိသားစု ခေါင်းဆောင်၊ ဒီအချက်ကတော့ သိပ် မရှင်းလင်းဘူး။ ဒါပေမဲ့ ချင်ယန်တို့အဖွဲ့က ရွှေဦးချို သိဒ္ဓိမြို့ကို ရောက်သွားတာ အချိန်ဘယ်လောက်မှာ မကြာသေးဘူး။ အရမ်း နက်ရှိုင်းတဲ့ ရင်းနီးမှုကို တည်ဆောက် နိုင်ပါ့မလား။ မိသားစု ခေါင်းဆောင် အချိန်တန်ရင် ချင်ယန်က ရှီမိသားစုကို မကောင်းတာ လုပ်လာမှာ စိုးရိမ်နေတာလား…”

“ဒီကောင့်မှာ ဒီလို အရည်အချင်း မရှိဘူး….”

ရှီကျန်းက နှာခေါင်းတစ်ချက် ရှုံ့လိုက်ပြီး…..

"သူနဲ့ ရွှေဦးချို သိဒ္ဓိမြို့သခင်တို့ ဆက်ဆံရေး ကောင်းနေလည်း ရွှေဦးချို သိဒ္ဓိမြို့ကနေ ဒီနေရာက ငါတို့ကို ထိရဲမှာလား…"

"မိသားစုက ကန်ထုတ်လိုက်တဲ့ အပယ်ခံသားက ဘဝကောင်းနေလို့ အဘိုးကြီး နည်းနည်း ရှက်နေတာပဲ ရှိတယ်…"

"ပြီးတော့ ဒီအဘိုးကြီးက သူရထားတဲ့ စည်းတံဆိပ် အမွေကို တော်တော်လေး စိတ်ဝင်စားနေတယ်…."

## အခန်း(၁၄၇) - အေးဆေးပါကွာ...

"ရှီယန်လား..."

ချင်ယန်တို့က တိမ်ငန်းပေါ်မှ ဆင်းနေစဉ် အနီးအနားသို့ နောက်ထပ် တိမ်ငန်းတစ်ကောင် ဆင်းသက်လာပြီး ရှီယန်ကို မှတ်မိကာ လှမ်းခေါ်လိုက်ခြင်း ဖြစ်သည်။

ချင်ယန်တို့က လှမ်းကြည့်လိုက်သည်။

လူသုံးယောက်.....

အမျိုးသမီးတစ်ယောက် အပြင် ဆက်ကျော်သက် လူငယ်လေး တစ်ယောက်နှင့် အိမ်ဖော် တစ်ယောက် ပါသေးသည်။

"တကယ်ပဲ ရှီယန်ကို...."

ခုနက စကား လှမ်းပြောခဲ့သော လူလတ်ပိုင်း အမျိုးသမီးက အနည်းငယ် ရွံ့စောင်းသော လေသံနှင့်.....

"ရှီယန်၊ ရှီမိသားစု နင့်ကို နှင်ထုတ်ခဲ့တုန်းက စည်းကမ်းအရ အင်ပါယာ မြို့တော်ကို ဘယ်တော့မှ

ပြန်မလာရဘူး မဟုတ်လား။ ဘာဖြစ်လို့ အခု ပြန်လာတာလဲ....”

“ဒါမှမဟုတ် နင်က သားရဲပုံမောင်းပြီး ပိုက်ဆံ ရှာနေတာလား...”

ရှီယန်က မျက်မှောင် ကြုတ်နေ၏။

ရှီယန်က ထိုအမျိုးသမီးကို သိသည်။ သူမတို့ အိမ်နီးနားချင်း၏ သမီးပင်။ ယခုလက်ရှိ ဝန်ကြီးချုပ် ရှီကျန်း၏ အိမ်နီးနားချင်း ဖြစ်သဖြင့် ထုံးစံအတိုင်း သူမတို့ မိသားစု၏ နောက်ခံကလည်း ကောင်းမွန်လှသည်။

"ကျန်းကျဲ ၊ ငါ ပြန်လာတဲ့ ကိစ္စက နင့်အလုပ် မဟုတ်ဘူး...."

ရှီယန်က အေးစက်စွာ ပြောလိုက်သည်။

တစ်ခါတုန်းက ကျန်းကျဲသည် ရှီယန်၏ နောက်လိုက် ဖြစ်ခဲ့ပြီး ရှီယန်က အစ်မကြီး လုပ်ခဲ့ဖူးသည်။

ကျန်းကျဲက လျှောင်ပြောင်ပြီး မောက်မာသော လေသံနှင့်.......

"ရှီယန်၊ အခု နင့်မှာ ပိုက်ဆံရှိနေလည်း နင့်ကိုယ်နင် ရှီမိသားစုရဲ့ သမီးတော်လို့ ထင်နေသေးတာလား...။ ငါ သိသလောက်တော့ ရှီမိသားစုက နင့်ကို နှင်ထုတ်ပြီး ကတည်းက အင်ပါယာမြို့တော်ကို ဘယ်တော့မှ ပြန်လာခွင့် မပေးထားဘူး။ မကြာခင် အင်ပါယာမြို့တော်က ထပ်ပြီး နှင်ထုတ် ခံရလိမ့်မယ်..."

"ဒါက ချင်ယန်လား...."

ကျန်းကျဲ၏ မျက်လုံးက ချင်ယန်ပေါ် ရောက်သွား၏။ ချင်ယန်က သူ့ငွေ့အသက်ကို

ဖုံးကွယ်ထားသဖြင့် ချင်ယန်က မည်မျှ သန်မာလဲ ဆိုသည်ကို မမြင်နိုင်ပေ။

“ရှီယန်.... ကြည့်ရတာ နင်က တလွဲတွေ လုပ်နေတဲ့ပုံပဲ။ ဒါက သိပ်မကောင်းဘူးနော်.....”

“သူ့မှာ ကျင့်ကြံခြင်း အငွေ့အသက် မရှိဘူး... သာမန်လူတစ်ယောက်ပဲ....”

ကျန်းကျဲက ထိုကဲ့သို့ ပြောရင် ချီဖွဲ့စည်းခြင်း အဆင့် (၉) ကျင့်ကြံခြင်း အငွေ့အသက်ကို ဖော်ထုတ်လိုက်သည်။

"ရှီယန်၊ အရင်တုန်းက နင့်ရဲ့ လေ့ကျင့်မှုက အရမ်း မြန်တယ်။ အခုတော့ အဟက်ဟက်..။ အသုံးမကျတဲ့ လူတစ်ယောက်ပဲ။ နင့်သား ချင်ယန်ကလည်း နင့်လို အသုံးမကျဘူးပဲ...."

ထို့နောက် ကျန်းကျဲက ဂုဏ်ယူနေသော လေသံနှင့်....

"ဒီတစ်ကြိမ် ငါတို့က ဘယ်ကို ခရီးသွားခဲ့လဲ သိလား..."

"ကျောက်စိမ်း စိတ်ဝိညာဉ်မြို့က ခါးဂိုဏ်းကွ...."

"ငါ့သား ကျန်းရုံက ချီဖွဲ့စည်းခြင်း အဆင့် (၅) ရောက်နေပြီ။ (၂)နှစ်၊ (၃)နှစ်အတွင်း မူလ အစစ်အမှန် နယ်ပယ် ရောက်မယ်လို့ ခန့်မှန်းထားတယ်...."

ကျန်းကျဲက သူမဘေးနားမှ လူငယ်လေးကို ဂုဏ်ယူသော အကြည့်နှင့် ကြည့်နေသည်။

ရှောင်ကျူဝမ်နှင့် ကျန်သည့် လူများ၏ မျက်လုံးထဲတွင် ထူးဆန်းသော အရိပ်အယောင်များ ပေါ်လာသည်။

ကျန်းရုံက ချင်ယန်နှင့် အသက်တူ (၁၅) နှစ်ဖြစ်ပြီး ချီဖွဲ့စည်းခြင်း အဆင့် (၅) ရောက်ရှိနေကာ အခြေခံ ကောင်းမွန်သဖြင့် အသက် (၂၀) မပြည့်ခင် မူလအစစ်အမှန် နယ်ပယ်သို့ ရောက်နိုင်သည်။

သို့သော် သူ၏ကျင့်ကြံခြင်း အဆင့်ကလေးနှင့် ချင်ယန်ရှေ့တွင် ကြွားဝါးရန် အမှန်တကယ် ထိုက်တန် ပါမည်လော….

ရှောင်ကျူဝမ်နှင့် အခြားလူများသည် ချင်ယန်က ယွမ်ဟိုင်နယ်ပယ်သို့ ရောက်နေကြောင်း သိထားကြသည်။

ထို့အပြင် ချင်ယန်၏ တိုက်ခိုက်ရေး အစွမ်းက ကျင့်ကြံခြင်း အဆင့်ထက် သာလွန် နေသေးသည်။

"ဂုဏ်ပြုပါတယ်...."

ရှီယန်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

ကျန်းကျဲက ရှီယန်ကို အထင်သေးသော အကြည့်နှင့် ကြည့်လိုက်ပြီး တစ်ချက် ပြုံးလိုက်ကာ...

"ရှီယန်၊ နင့်ကိုယ်နင်တော့ ကံကောင်းတယ် ထင်နေမှာပဲ။ ဒါပေမဲ့ ငါ ပြောလိုက်မယ်။ ပိုက်ဆံ

ရှိတာက အာဏာ ရှိတာ မဟုတ်ဘူး။ အသုံးမကျဘူး…”

“ဒီတစ်ကြိမ်တော့ ငါတို့က ကျောက်စိမ်း စိတ်ဝိညာဉ်မြို့ကို နှစ်ဝက်လောက် သွားခဲ့တယ်။ အဲ့ဒီမှာ လေးလေးနက်နက် နားလည်လာတာ တစ်ခုက ခွန်အားက ပိုက်ဆံထက် ပို အရေးကြီးတယ် ဆိုတာပဲ….”

“ခါးဂိုဏ်းရဲ့ ဂိုဏ်းချုပ်က ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်ပဲ။ အဲ့ဒီမှာ ယွမ်ဟိုင် နယ်ပယ်

တန်ခိုးရှင်တွေလည်း အများကြီး ရှိသေးတယ်။ တကယ့်ကို ကြီးကျယ် ခမ်းနားလွန်းတယ်....”

ချင်ယန်က မျက်မှောင် ကြုတ်လိုက်ပြီး.....

“အမေ၊ သွားရအောင်....”

ကျန်းကျဲက ဒေါသ ထွက်သွားပြီး....

“ချင်ယန်၊ ရှိသေမှုကို နားမလည်ဘူးလား။ လူကြီးသူမတွေ စကားပြောနေတာ မင်းလို ကလေးတစ်ယောက်က ဘာဝင် ပြောတာလဲ...”

'ပြန်ရောက်တာနဲ့ ရှီယန်ကို တွေ့လိုက်တယ်။ အခုထိတောင် ကြွားလို့ မဝသေးဘူး...'

ချင်ယန်၏ မျက်လုံးထဲတွင် အေးစက်သော အလင်းရောင်တစ်ခု ဖြတ်ခနဲ လက်သွား၏။

"ရှီယန်၊ နင့်သားကို ကြပ်ကြပ်မတ်မတ် ဆုံးမထား... ဒီလိုမှမဟုတ်ရင် အပြင်လူက ဆုံးမ သွားလိမ့်မယ်။ ချင်ယန်က အမှိုက်တောင် ရိုးရိုး အမှိုက် မဟုတ်ဘူး.... သုံးစားမရတဲ့ အမှိုက်ပဲ..."

ကျန်းကျဲက အေးစက်စွာ ပြောလိုက်သည်။

ရှီယန်၏ မျက်နှာ အမူအရာက တင်းမာလာပြီး.....

"ကျန်းကျဲ၊ ငါ့သားကို ဆုံးမတဲ့ ကိစ္စက ငါ့ကိစ္စ၊ နင့်အလုပ် မဟုတ်ဘူး..."

"ကျား...."

ထိုစဉ် အလွန် တန်ဖိုးကြီးသော ဇိမ်ခံ ရထားလုံး တစ်စင်းက အဝေးမှ မောင်းနှင်လာသည်။ သူမက ဒီနေ့ ပြန်လာမည်ဟု ပြောထားသဖြင့် သူမကို လာကြိုသော ဝေမိသားစုမှ မြင်းလှည်းပင်......

ကျန်းရုံက သူ့အမေ၏ မျိုးရိုးနာမည်ကို ယူပြီး နာမည် ပေးထားခြင်း ဖြစ်သည်။ သူ့အဖေ၏ မျိုးရိုး နာမည်က ဝေ ဖြစ်သည်။

ထိုမြင်းနှစ်ကောင်ဆွဲ ရထားလုံးဘေးတွင် ဝေမိသားစုမှ တန်ခိုးရှင် နှစ်ယောက် ပါလာသည်။ သူတို့ နှစ်ယောက်လုံးက မူလ အစစ်အမှန် နယ်ပယ် တန်ခိုးရှင်များပင်...

“ရှီယန်၊ ငါက ဆုံးမချင်တယ်ဆိုရင် နင် ဘာလုပ်မလဲ....”

ကျန်းကျဲက ဂုဏ်ယူသော လေသံနှင့် ပြောလိုက်သည်။

"ချင်ယန်က စည်းမျဉ်းတွေ နားမလည်သေးဘူးဆိုတော့ နားလည်အောင် သင်ပေးလိုက်မယ်...."

"ချင်ယန်၊ ဒူးထောက်ပြီး တောင်းပန်စမ်း...."

"ဒီလိုမှ မဟုတ်ရင် အန်တီကျန်းက ရက်စက်တတ်တဲ့ လောကကြီး အကြောင်းကို ပြောပြရလိမ့်မယ်..."

ယခုအခါ ကျန်းကျဲက အမှန်တကယ် ဖြဲခြောက်နေသည်။ ချင်ယန်တို့ လူအင်အားက တစ်ဒါဇင်ခန့် ရှိသော်လည်း ဝေမိသားစုမှ တန်ခိုးရှင် လာနေပြီ ဖြစ်သဖြင့် သူမက မကြောက်တော့ပေ။

သို့သော် ဝေမိသားစုမှ တန်ခိုးရှင် နှစ်ယောက်သည် ကျန်းကျဲ၏ စကားကို အဝေးမှ လှမ်းကြားလိုက်ပြီး မျက်နှာများ စိမ်း ထွက်သွားသည်။

ကျန်းကျဲက ကျောက်စိမ်း စိတ်ဝိညာဉ်မြို့သို့ နှစ်ဝက်ခန့် သွားနေသဖြင့် ဒီဘက်မှ အခြေအနေ အကြောင်းကို ဘာမှ မသိခဲ့ပေ။

သို့သော် ဝေမိသားစုမှ တန်ခိုးရှင် နှစ်ယောက်က သိနေသည်။

ကျန်းဂျင် မြို့ဘက်ခြမ်းတွင် ချင်ယန်က ခရမ်းရောင် တိမ်မိုးကြိုးအဆောင်ကို အသုံးပြုပြီး လူနှစ်ထောင်ကျော် သတ်ဖြတ်ခဲ့သည်။ ရန်မိသားစု တစ်ခုလုံး ပျက်သုန်းသွားသည်။ ဟောင်မိသားစု၏ တန်ခိုးရှင်လည်း ချင်ယန် လက်ထဲတွင် သေဆုံးသွားခဲ့သည်။ ဟန်ဟောင်နှင့် အခြားလူများကိုလည်း ချင်ယန်က သတ်ဖြတ် ခဲ့သေးသည်။

ရွှေဦးချို သိဒ္ဓိမြို့တွင် ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်ကို သူတို့ မသိလိုက်သော်လည်း ရွှေဦးချို သိဒ္ဓိမြို့ကို ရောက်ဖူးသဖြင့် ကျားဘုရင် ချမ်ပိုင်ကို သိနေသည်။

ထို့ပြင် သူတို့သိသည့် ကျားဘုရင်က မူလအစစ်အမှန် နယ်ပယ် အဆင့် (၉) ကျားဘုရင် ချမ်ပိုင်ပင်.....

ဝေမိသားစုမှ မူလ အစစ်အမှန် နယ်ပယ် တန်ခိုးရှင်များသည် ရွှေဦးချို သိဒ္ဓိမြို့သို့ ရောက်သွားခဲ့သည့် အချိန်က သွေးမြေကျ ကွင်းကို

ကြည့်ခဲ့ဖူးသည်။ တိုက်ပွဲများက အလွန် ပြင်းထန်ပြီး ရက်စက် ကြမ်းကြုတ် လွန်းလှသည်။ မူလ အစစ်အမှန် နယ်ပယ် အဆင့် (၉) ချင်း တူနေလျှင်ပင် ကျားဘုရင်၏ ပြိုင်ဘက် မဖြစ်နိုင်ချေ။

“ရက်စက်တတ်တဲ့ လောကကြီး အကြောင်းကို ပြောပြဖို့ ဟုတ်လား…”

ချင်ယန်က ပြုံးလိုက်ပြီး…..

“မင်းမှာ ဒီလို အရည်အချင်း ရှိလို့လား…”

ကျန်းကျဲက ရှောင်ကျူဝမ်နှင့် အခြားသူများကို အဖက်မတန်သလို တစ်ချက် ဝေ့ကြည့်ပြီးနောက်.....

"ရှီယန်၊ နင့်မှာ ပိုက်ဆံလေး နည်းနည်းလောက် ရှိလို့ အိမ်ဖော်လေးနဲ့ အစောင့်လေး နည်းနည်းလောက် ငှားနိုင်တာကို အဟုတ်ကြီး ဟုတ်နေပြီ ထင်နေတာလား။ မင်းရဲ့ မွေးရပ်မြေကို အကျိုးမပါဘဲ ပြန်သွားရမှ အရှက်ကွဲမယ်လို့ ခံစားရမယ် ထင်တယ်...."

"ဟာသပဲ..."

ကျွန်းကျဲ၏ အကြည့်က ချမ်ဟိုင်ပေါ် ရောက်သွားပြီး....

"ဒီတစ်ကောင်က အကောင်တော့ ကြီးပေမယ့် စွမ်းမယ့်ပုံတော့ မရှိဘူး။ ဒီလိုမျိုး ခပ်နုံနုံ အတတ လူတွေထဲမှာ အစွမ်းထက်တဲ့လူက လက်တစ်ဆုပ်စာ လောက်ပဲ ရှိတယ်။ ငါ့သားက ဒီလိုကောင်မျိုးကို ဒါဇင်နဲ့ချီပြီး ရိုက်နိုက်တယ်..."

"ရှံအာ.... ဒီ အစောင့်ကလေးတွေနဲ့ ကစားပေးလိုက်ပါကွယ်..."

"တစ်မိနစ်ပဲ အချိန်ပေး...."

ကျန်းရုံ အကြည့်က အစောင့်ပုံစံ ဝတ်စားထားသော ချမ်ဟိုင်၊ နန်ရှမ်၊ ကျွမ်းစစ်နှင့် ရှန်ကွမ်ယင်ထံ ရောက်ရှိသွားသည်။ ရှောင်ကျူဝမ်တို့ ညီအစ်မ နှစ်ယောက်နှင့် ရှန်းယုလင်းက အိမ်ဖော်ပုံစံ ဝတ်ဆင်ထားသည်။

"ချင်ယန်၊ မိနစ်ဝက်အတွင်း ဒီလေးယောက်ကို ကိုင်တွယ်နိုင်ရင် မင်း အိမ်ဖော် သုံးယောက်ကို ငါ့ဆီပေး။ အချိန်တန်ရင် အိမ်ဖော်ကနေ အိပ်ဖော် ဖြစ်အောင် လုပ်ပေးမယ်...."

ကျန်းရုံက ရှောင်ကျူဝမ်တို့ သုံးယောက်ကို လက်ညှိုး ထိုးပြပြီး ပြောလိုက်သည်။

ယခုလက်ရှိ အချိန်တွင် ရှောင်ကျူဝမ်တို့ သုံးယောက်က သူမတို့၏ မျက်နှာကို ဖုံးကွယ်ထားခြင်း မရှိသလို ရုပ်ဖျက်သည့် မျက်နှာဖုံးကိုလည်း မတပ်ဆင် ထားခဲ့ပေ။

သူမတို့ကို ပထမဦးဆုံး စတွေ့သည့် အချိန်ကတည်းက ကျန်းရုံက စိုက်ကြည့်နေခဲ့ခြင်း ဖြစ်သည်။

ကျန်းကျဲကလည်း ကျန်းရုံ၏ ရည်ရွယ်ချက်ကို နားလည်သဖြင့် ရန်စလိုက်ခြင်း ဖြစ်သည်။

ထို့အပြင် ကျန်းကျဲ၏ အမြင်အရ လှပသော ထိုအိမ်ဖော်လေးများက ချင်ယန်နောက် မလိုက်သင့်ဘဲ သူ့သား နောက်ကိုသာ လိုက်သင့်သည်။ ချင်ယန်နှင့် မည်ကဲ့သို့ လိုက်ဖက်မည်နည်း.......

"ဟွန့်...."

ချမ်ဟိုင်က မိုးနှင့်မြေ မည်မျှကြီးလဲ ဆိုသည်ကို မသိသည့် ကျန်းရုံကိုကြည့်ပြီး နှာခေါင်း တစ်ချက် ရှုံ့လိုက်သည်။

ကျန်းရုံက သူမကို မှန်းနေသဖြင့် ရှောင်ကျူဝမ်တို့၏ မျက်နှာ အမူအရာကလည်း ကြည့် မကောင်းတော့ပေ။

"ချင်ယန် ဘယ်လိုလဲ။ မင်းရဲ့ အစောင့်တွေကို ဒီလူငယ်လေးက မိနစ်ဝက်အတွင်း အမှောက် သိပ်နိုင်တယ်ဆိုတာ မယုံဘူးလား...."

ကျန်းရုံက ရင့်ရင့်သီးသီး ပြောဆိုနေသည်။

အဝေးမှ တန်ခိုးရှင် နှစ်ယောက်ကလည်း အရှိန်မြှင့်တင်ပြီး ပြေးလာ နေကြသည်။

အကယ်၍ ကျန်းရုံ အရှက်ရသွားမည်ကို မကြောက်ပါက ချင်ယန်တို့ကို ဆက်ပြီး ရန်မစရန် အော်ပြော လိုက်ချင်သည်။

"မင်းရှုံးရင် ဘာဖြစ်မလဲ...."

ချင်ယန်က နှာခေါင်းတစ်ချက် ရှုံ့ပြီး ပြောလိုက်သည်။

မိနစ်အတွင်း ချမ်ဟိုင်တို့ လေးယောက်ကို အမှောက်သိပ်မည်။ သတ္တိက ချီးကျူးစရာ ကောင်းလှသည်.....

ကျန်းရုံက ဂုဏ်ယူနေသော လေသံနှင့်......

"ငါ ရှုံးဖို့လား.... အေး ငါရှုံးရင် မြင်းနှစ်ကောင်ဆွဲ ဒီရထားလုံးကို မင်းဆီ ပေးလိုက်မယ်။ မင်းတို့မှာ ရထားလုံး မပါဘူး မဟုတ်လား....."

"သခင်လေး မလုပ်နဲ့....."

အနီးကပ်လာပြီ ဖြစ်သော ဝေ မိသားစု တန်ခိုးရှင် နှစ်ယောက်ထဲမှ တစ်ယောက်က လှမ်းအော်လိုက်သည်။

"သဘောတူတယ်...."

ချင်ယန်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

ကျန်းရုံက အူယားဖားယား ပြေးလာသော ဝေမိသားစု တန်ခိုးရှင် နှစ်ယောက်ကို တစ်ချက်ကြည့်လိုက်ပြီး ပြုံးနေသော မျက်နှာ အမူအရာနှင့်.....

"စိတ်မပူပါနဲ့... ဓါးဂိုဏ်းမှာ လေ့ကျင့်နေတာ တစ်နှစ် ရှိနေပြီ။ အများကြီးလည်း သင်ယူပြီးပြီ။ သူတို့ထဲက တချို့ကိုလည်း အနိုင်ယူခဲ့သေးတယ်။ ဒီအိမ်ဖော် လှလှလေးတွေ အတွက် အေးအေးဆေးဆေး အနိုင်ယူလိုက်မယ်။ သေချာတဲ့ အနိုင်ပါ..."

"ဒါပေမဲ့...."

ကျန်းရုံ လက်ခါလိုက်ပြီး တင်းမာသော လေသံနှင့်......

"ဒါပေမဲ့တွေ ၊ ဘာတွေ ထပ်မလုပ်နဲ့တော့ မကြားချင်ဘူး...."

"မင်းတို့ ပြောချင်တဲ့ စကားကို ငါသိတယ်။ သာမန် အစောင့်လေးကို အနိုင်ယူတာ ဘာမှ ကြီးကျယ် ခမ်းနားတဲ့ ကိစ္စတော့ မဟုတ်ဘူး။ ဒါပေမဲ့ ဒီချင်ယန်က မိုက်ရိုင်းနေတော့ သင်ခန်းစာပေးမှ ရမယ်...."

"ချင်ယန်၊ မင်း သဘောတူပြီးပြီးနော်... နောင်တ ရလို့ မရတော့ဘူး...."

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်....

"ဒါပေါ့ နောင်တ မရပါဘူး...."

"ဒါဆိုလည်း စလိုက်ရအောင်။ မိနစ်ဝက်ဆိုရင် အနိုင်၊ အရှုံးပေါ်ပြီး မင်းလည်း မင်းရဲ့ အိမ်ဖော်တွေကို ထားပြီးတော့ သွားချင်တဲ့နေရာ သွားလို့ရပြီ...."

ကျန်းရုံက အလွန် မာနကြီးနေသည်။ သူက ချမ်ဟိုင်နှင့် အခြားသူများထံမှ ကျင့်ကြံခြင်း အငွေ့အသက်ကို လုံးဝ မခံစားရသခြင့် ကြောက်လန့်ခြင်း လုံးဝ မရှိပေ။

"ကျွမ်းစစ်၊ မင်း လာလုပ်လိုက်...."

ချင်ယန်က ချမ်ဟိုင်နှင့် အခြားလူများကို တစ်ချက်ကြည့်ပြီး ပြောလိုက်သည်။

ချမ်ဟိုင်က ယွမ်ဟူနယ်ပယ် ဖြစ်နေသဖြင့် ကျန်းရုံကို အလွန် အနိုင်ကျင့်ရာ ကျသွားလိမ့်မည်။

ရှန်ကွမ်ယင်နှင့် နန်ရှမ်တို့က ယွမ်ဟူနယ်ပယ် နှင့် ခြေတစ်လှမ်းသာ ဝေးကွာပြီး မူလ အစစ်အမှန် နယ်ပယ် အဆင့် (၉) သို့ ရောက်နေသည်။ ကျင့်ကြံခြင်း အခြေခံနိုင်အောင် အချိန် အတိုင်းအတာ တစ်ခုအထိ အချိန်ပေးပြီးနောက်

ယွမ်ဟူနယ်ပယ်သို့ တက်လှမ်းရန် ပြဿနာ မရှိနိုင်ပေ။

ကျွမ်းစစ်၏ ကျင့်ကြံခြင်း အဆင့်သာ အနိမ့်ဆုံး ဖြစ်နေသည်။

သို့တိုင်အောင် ကျွမ်းစစ်က ယခု လက်ရှိတွင် မူလ အစစ်အမှန် နယ်ပယ် အဆင့် (၄) ရောက်နေသေးသည်။

ကျွမ်းစစ်သည် ယခင် ချီဖွဲ့စည်းခြင်း အဆင့် (၉) ကတည်းက စိတ်လွှတ်သွားသည့် အချိန်တွင်

မူလအစစ်အမှန် နယ်ပယ် တန်ခိုးရှင်ကို သတ်ခဲ့သူ ဖြစ်သည်။

ယခုမူ ကျွမ်းစစ်က မူလအစစ်အမှန် နယ်ပယ် အဆင့် (၄) သို့ ရောက်နေသလို ချင်ယန်က ပိုမို ကောင်းမွန်သော ကျင့်စဉ်ကိုလည်း သင်ကြား ပေးထားသေးသဖြင့် သာမန် မူလ အစစ်အမှန် နယ်ပယ် အဆင့် (၉) များနှင့်ပင် ယှဉ်ပြိုင် တိုက်ခိုက်နိုင်သည်။

"သူဌေး.. ငါ လုပ်ရမှာလား..."

ကျွမ်းစစ်က မေးလိုက်သည်။

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်......

"မင်း  မလုပ်ရင် ဘယ်သူ လုပ်မှာလဲ...."

ကျွမ်းစစ်၏ မျက်လုံးထဲတွင် နာကျင်သွားသော အရိပ်အယောင် ပေါ်လာပြီး ခေါင်းကုတ်ကာ ပြုံးလိုက်မိသည်။

သူမှလွဲ၍ အခြား မည်သူမျှ မထွက်နိုင်သည်မှာ အမှန်ပင်.....

ဒီနေရာတွင် သူ့ထက် ညံ့သည့်လူ  မရှိတော့ပေ။

## အခန်း(၁၄၈) - သနားစရာ ကောင်းသော သမီး တစ်ယောက်....

ကျားဘုရင် ချမ်ဟိုင်က....

"ကျွမ်းစစ်၊ ဆယ်စက္ကန့်အတွင်း ပွဲမပြီးရင် ငါနဲ့ လက်ရည် စမ်းရမယ်...."

နန်ရှမ်ကလည်း ရယ်မောလိုက်ပြီး.....

"ကျားဘုရင်၊ ကျွမ်းစစ် သေးထွက်ကျ နေအုံးမယ်..."

ရှန်ကွမ်ယင်ကလည်း ပြုံးလိုက်ပြီး.....

"သူ့ဒြေး၊ ဒါမှမဟုတ် ငါလည်း ရှိသေးတယ်။ ပြဿနာ ဖြေရှင်းဖို့ နည်းလမ်း သုံးခု ရှိတယ်...."

သူတို့ ပြောနေသည့် စကားများကို ကြားနေရသဖြင့် ကျန်းရုံက အမွေး ပွလာသည်။

ကျန်းရုံက ယခုလက်ရှိမှ ဓါးဂိုဏ်းတွင် ပညာသင်ကြားပြီး ပြန်ရောက်လာခဲ့ခြင်း ဖြစ်သဖြင့် သွေးနထင် ရောက်နေသည့် အချိန်ပင်......

"ဘာလဲ...."

ကျန်းရုံ ဒေါသထွက် နေသည်။ ဒါက သူ့ကို သက်သက် နှိမ့်ချနေခြင်း မဟုတ်ပါလော.....

ရှီမသားစုမှ နှင်ထုတ်ခံခဲ့ရသော ချင်ယန်တို့ သားအမိက အစွမ်းထက်သည့် အစောင့်များ ငှားနိုင်လိမ့်မည်ဟု သူမယုံပေ။

ထို့အပြင် ကျွမ်းစစ်နှင့် အခြားလူများကို ကြည့်ရသည်မှာ သန်မာသော ပုံစံမျိုး မရှိပေ။

ချင်ယန်က ကျွမ်းစစ်နှင့် အခြားလူများကို အစွမ်းထက်သော နည်းလမ်းများ သင်ပေးခဲ့သည်ကို ကျန်းရုံက မည်ကဲ့သို့ သိမည်နည်း...။ ချီဖွဲ့စည်းခြင်း အဆင့် တန်ခိုးရှင်က မူလအစစ်အမှန် နယ်ပယ် တန်ခိုးရှင်ကို မြင်အောင် ကြည့်နိုင်ရန် ခက်ခဲလွန်းသည်။

"သခင်လေး.. သတိထား...."

ဝမ်မိသားစုမှ မူလ အစစ်အမှန် နယ်ပယ် တန်ခိုးရှင်က .......

"သူတို့က အရမ်း အားကောင်းတယ်။ ဒီတစ်ယောက်က မူလ အစစ်အမှန် နယ်ပယ် အဆင့် (၉) ရှိတယ်…."

ထို တန်ခိုးရှင်က စကားပြောနေရင်း ကျားဘုရင် ချမ်ပိုင်ကို လက်ညှိုး ထိုးပြလိုက်သေးသည်။

ချမ်ဟိုင်က တိတ်တဆိတ် ခေါင်းခါလိုက်သည်။

'ဒီကောင် သောက်တလွဲတွေ ပြောနေပြီ'

ယခုလက်ရှိတွင် ချမ်ဟိုင်က ယွမ်ဟူနယ်ပယ် အဆင့် (၃) သို့ ရောက်နေပြီ ဖြစ်သည်။

"မူလ အစစ်အမှန် နယ်ပယ် အဆင့် (၉) ဟုတ်လား.... ဘာဖြစ်လို့ စောစောက မပြောတာလဲ...."

ကျန်းကျဲ၏ မျက်နှာက ပျက်သွားသည်။

တန်ခိုးရှင်က ကူကယ်ရာမဲ့နေသော လေသံနှင့်.....

"သခင်မ ကျဲ၊ ငါပြောဖို့ လုပ်သေးတယ်.. ဒါပေမဲ့..."

ကျန်းရုံ၏ မျက်နှာ အမူအရာက သိပ် မကောင်းတော့ပေ။ ကျားဘုရင် ချမ်ဟိုင်က

မူလအစစ်အမှန် နယ်ပယ် အဆင့် (၉) တကယ် ဖြစ်နေပါက ကျွမ်းစစ်၏ ခွန်အားကလည်း အားနည်းမည် မဟုတ်ပေ။

"မင်းရဲ့ ကျင့်ကြံခြင်း အဆင့်က ဘာလဲ.."

ကျန်းရုံက လေးလေးနက်နက် မေးလိုက်သည်။

"မူလ အစစ်အမှန် နယ်ပယ်..."

ကျွမ်းစစ်က အေးအေးဆေးဆေး ပြန်ဖြေလိုက်သည်။

ကျန်းရုံ၏ မျက်နှာက ဒယ်အိုး ဖင်ကဲ့သို့ မည်းမှောင် သွား၏။ အမှန်တကယ်ပင် မူလ အစစ်အမှန် နယ်ပယ် ဖြစ်နေသည်။ ချီဖွဲ့စည်းခြင်း အဆင့် (၅) သာရှိသော သူက ကျွမ်းစစ်၏ လက်သီးချက် တစ်ချက်ကိုပင် ခံနိုင်ပါ့မလား....

"ပါရမီရှင် တော်တော် များများက အဆင့်ကျော် တိုက်ခိုက် နိုင်ကြတယ်။ သခင်လေးကျန်းကလည်း ဓါးဂိုဏ်းမှာ လေ့ကျင့်ခဲ့တဲ့ သူဆိုတော့ ထိပ်သီး ပါရမီရှင်ကြီးပဲ ဖြစ်ရမယ်...။ ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါအုံး..."

ကျွမ်းစစ်ကို ထိုကဲ့သို့ ပြောပြီးနောက် ကျားထိုင် ထိုင်လိုက်သည်။

ကျန်းရှံ ငိုချင်လာသည်။

ပါရမီရှင်များက အဆင့်ကျော်ပြီး တိုက်ခိုက်နိုင်ကြသည်။ သူ့ကိုယ်သူ ပါရမီရှင် ယူဆထားသော်လည်း မူလအစစ်အမှန် နယ်ပယ်ကို အဆင့်ကျော်ပြီး တိုက်ခိုက် ဖို့လား......

ဆီတောင် အစွပ်ခံရမည် မဟုတ်ပေ။

"ဒီကောင်တွေနဲ့ ဖက်ပြီး စကားပြော နေစရာ မလိုဘူး..... သွားမယ်..."

ကျန်းကျဲက အေးစက်စွာ ပြောလိုက်သည်။

"ချင်ယန်တို့ သားအမိက နောက်ခံ မရှိတဲ့ အပယ်ခံ သားအမိတွေပဲ။ ဒီ ကလေကချေတွေက ငါ့သားနဲ့ တိုက်ခိုက်ဖို့ ဘယ်လို အရည်အချင်း ရှိမှာလဲ...."

ကျန်းကျဲက သူမဘေးနားမှ ရထားလုံးထံ လျှောက်သွားရင်း ပြောလိုက်သည်။

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်....

"မင်းတို့ မတိုက်ခိုက်ချင်လည်း ရတယ်....။ ရထားလုံးက ငါတို့အပိုင်ပဲ......"

ဝေမိသားစု၏ ရထားလုံးက အမှန်တကယ် ကောင်းမွန်လှသည်။ တော်တော်လေး ကြီးမားပြီး လူဆယ်ယောက်ခန့် ချောင်ချောင်ချိချိ စီးနိုင်သည်။

"တိုက်မယ်..."

ကျန်းရုံက ကျွမ်းစစ်ကို ကြည့်ပြီး အံကြိတ်ကာ ပြောလိုက်သည်။

ကျွမ်းစစ်က သူပြောခဲ့သလို မူလ အစစ်အမှန် နယ်ပယ် ဟုတ်ချင်မှ ဟုတ်လိမ့်မည်။

ထို့အပြင် အချို့ မူလ အစစ်အမှန် နယ်ပယ် တန်ခိုးရှင်များတွင် မူလ အစစ်အမှန် နယ်ပယ် တိုက်ပွဲ စွမ်းအားမျိုး မရှိပေ။ ထိုကဲ့သို့ တွေးလိုက်ပါက မျှော်လင့်ချက် လုံးဝ မရှိခြင်း မဟုတ်ပေ။

"ကောင်းပြီလေ...."

ကျွမ်းစစ်က စိတ်ပါလက်ပါ ရယ်မောလိုက်သည်။

ကျန်းရုံက ကျွမ်းစစ်ရှေ့သို့ ရောက်လာပြီး ဓါးနှင့် တစောင်း ခုတ်ချလိုက်သည်။ ထို့အတူ သိုင်ဝိညာဉ်ကိုလည်း ထုတ်လွှတ်လိုက်ရာ ရွှေရောင် မြွေတစ်ကောင် ပေါ်လာသည်။

"ချွဲကျို စပါးအုံးနီ... မဆိုးဘူး...."

ချင်ယန်က စိတ်ထဲမှ ရေရွတ်လိုက်သည်။ ကျန်းရုံ၏ အသက်အရွယ်နှင့် ချီဖွဲ့စည်းခြင်း အဆင့် (၅) ရှိပြီး ချွဲကျို စပါးအုံးနီ သိုင်းဝိညာဉ်ကို ပိုင်ဆိုင်ထားသည်။ ကြယ်(၅) ပွင့် အဆင့် အင်အားစု၊ ဓါးဂိုဏ်းနှင့်လည်း ပူပေါင်းနိုင်ခဲ့သည့်

အတွက် ဂုဏ်ယူရန် အမှန်တကယ် ထိုက်တန်နေသည်။

"လာလေ...."

ကျွမ်းစစ်က တစ်ချက်ပြုံးလိုက်ပြီး ကြောက်စရာကောင်းလွန်းသော သတ်ဖြတ်ခြင်း စိတ်ဆန္ဒကို ဖော်ထုတ်လိုက်သည်။

ကျန်းရုံ၏ မျက်လုံးထဲတွင် ကျွမ်းစစ်က ပိန်လှီနေသော မျောက်တစ်ကောင် ကဲ့သို့ ထူးခြားမှု မရှိခဲ့သော်လည်း ယခုအခါ လူပေါင်းများစွာ

သတ်ဖြတ်ခဲ့သည် အသူရာ တစ်ယောက်ကဲ့သို့ ဖြစ်လာသည်။

ရက်စက် ကြမ်းကြုတ် လွန်းသော သတ်ဖြတ်ခြင်း စိတ်ဆန္ဒကြောင့် ကျန်းရုံ၏ ခန္ဓာကိုယ်က နတ်ပူးနေသကဲ့သို့ တဆတ်ဆတ် တုခါန်လာသည်။

သူ့လက်ထဲမှ ဓါးကို ဓါးအိမ်ထဲမှ မဆွဲထုတ်ဝံ့တော့ပေ။ ဓါးကို ဆွဲထုတ်လိုက်သည်နှင့် မိုးကြိုး ပစ်ချလာလိမ့်မည်ဟု ခံစားနေရသည်။

သေပင် သေသွားနိုင်သည်။

တစ်စက္ကန့်၊ နှစ်စက္ကန့်.... ကျန်းရုံက မျက်နှာက ဖြူဖျော့လာသည်။

"သေစမ်း...."

ကျွမ်းစစ်က အော်ဟစ်လိုက်ရာ သတ်ဖြတ်ခြင်း စိတ်ဆန္ဒက ပိုမို ပြင်းထန်လာသည်။

"မဟုတ်ဘူး.."

ကျန်းရုံက ကြောက်လန့် တကြား အော်ဟစ်လိုက်ပြီး သူ့ဘောင်းဘီ ဝကြားက ပူနွေးလာသလို ခံစားလိုက်ရသည်။

"ရပ်လိုက်တော့....."

ကျန်းကျဲက ပြာပြာ သလဲလဲ အော်ဟစ်လိုက်သည်။

ကျွမ်းစစ်က ရပ်တန့်လိုက်သည်။ သူက လှုပ်ရှားဖို့ပင် မစဉ်းစားခဲ့ပေ။ ကျန်းရုံ ကြောက်သွားအောင် ခြောက်လိုက်ခြင်းသာ။ ဒါအကုန်ပင်.....

"ကောင်းပြီ... သွားကြစို့...."

ချင်ယန်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

"အန်တီယန်၊ တွဲပေးမယ်... ဟားဟား"

ရှောင်ကျူယင်က တဟားဟား ရယ်မောပြီး ရှီယန်ကို ရထားလုံးပေါ် တွဲတင် ပေးလိုက်သည်။ ရှောင်ကျူဝမ်နှင့် ရှန်းယုလင်းတို့ ကလည်း ရထားလုံးပေါ် တက်သွားကြသည်။

ချမ်ဟိုင်က မတက်ခဲ့ပေ။

ချင်ယန်က....

"ရှန်ကွမ်ယင်၊ မင်းက ရထားလုံးပေါ် တက်...."

"ချမ်ပဟိုင်၊ မင်းနဲ့ နန်ရှမ်က မြင်းစီး....။ ကျွမ်းစစ်မင်းက ရထားလုံးမောင်း..."

ချင်ယန်ကလည်း ရထားလုံးပေါ် တက်သွားသည်။ မကြာခင် ချင်ယန်တို့ အဖွဲ့က ရထားလုံးနှင့် မြင်းများကို စီးပြီး ကြော့ကြော့လေး ထွက်သွားကြသည်။

"ခွေးမသား..."

ကျန်းရုံ၏ မျက်လုံးထဲမှ မီးခိုးများ အူထွက်နေသည်။

သူကတော့ အိမ်ကို လှလှပပလေး ပြန်ရောက်လာပြီဟု ထင်ခဲ့သည်။ ယခုမူ ပြန်ရောက်ရောက်ခြင်း ဖြဲခြောက် ခံလိုက်ရသည်။

"ဒီနေ့အတွက် ပြန်ပေးဆပ် စေရမယ်.."

"ချင်ယန်... ဒီ အမှိုက်ကို သတ်ပစ်မယ်..."

ကျန်းကျဲက အဝတ်အစားများကို လုံးချေနေပြီး ဒယ်အိုးဖင်ကဲ့သို့ မည်းမှောင်နေသော အမူအရာနှင့်....

“ရှီယန်၊ ဒီအချိန်မှာ အင်ပါယာမြို့ကို ပြန်လာပြီး ဘာလာလုပ်တာလဲ။ ရှီမိသားစုက ပြန်လာခွင့် ပေးလိုက်လို့လား...... ”

မူလ အစစ်အမှန် နယ်ပယ် အစောင့်က......

“သခင်မကျန်း၊ ဒီလို မဖြစ်နိုင်ပါဘူး...”

“ရှီမိသားစုနဲ့ ချင်ယန်တို့က ပြဿနာ တက်နေတယ်။ ရှီယွီရဲ့ ကျင့်ကြံခြင်း အခြေခံကိုလည်း ချင်ယန်က ဖျက်ဆီးခဲ့တယ်။ ဒါပေမဲ့ တန်ပင်ဂျီ မင်းသမီးလေးက ချင်ယန်ကို စိတ်ဝင်စားနေတယ်။ မကြာခင်ကမှ ချင်ယန်ကို

ချစ်တဲ့ အကြောင်း လူသိရှင်ကြား ဝန်ခံထားသေးတယ်။ ဘုရင်မင်းမြတ်ကိုလည်း သူတို့ရဲ့ စေ့စပ်ပွဲကို ပြန်လုပ်ပေးဖို့ ပြောနေတယ်လို့ ကြားထားတယ်....”

ကျန်းကျဲက တော်တော်လေး မျက်မှောင်ကြုတ်နေပြီး.....

“သူတို့ ပြန်လာတာ.. ဒါကြောင့်လား....”

“ဒါနဲ့ စကားမစပ် ချင်ယန်တို့က ဘယ်က လာတာလဲ.. ပိုက်ဆံကရော....”

မူလ အစစ်အမှန် နယ်ပယ် တန်ခိုးရှင်က.......

"ကျန်းဂျင်မြို့မှာ ရှိတုန်းမှာ ချင်ယန်က စည်းသခင် တစ်ယောက် ဖြစ်လာတယ်။ ပြီးတော့ ဆူညံပွက်လော ရိုက်အောင်လည်း အများကြီး လုပ်ခဲ့တယ်လို့ ကြားမိတယ်.."

ထိုတန်ခိုးရှင်က ကျန်းဂျင်မြို့မှ အကြောင်းကို သိပ် မသိပေ။

ဟန်ဟောင်နှင့် အခြားလူများ အသတ်ခံခဲ့ရသည့် ကိစ္စမျိုးကို ဖုံးကွယ်ထားခဲ့သည်။ ချင်ယန်ကလည်း လူသိရှင်ကြား ကြေငြာမည် မဟုတ်ပေ။ ထိုကဲ့သို့

မဟုတ်ပါက ကျန်းနန်မင်းသား အိမ်တော်က ဤမျှ အရှက်ကွဲ ခံနိုင်မည် မဟုတ်ချေ။

ထို့အပြင် ဟန်ပေါင်နှင့် အခြားလူများက ချင်ယန်ကို တိုက်ခိုက်ရင်း သေဆုံးခဲ့ကြခြင်း ဖြစ်သည်။

"စည်းသခင် ဟုတ်လား.. ချင်ယန်က ဘယ်လိုလုပ်ပြီး စည်းသခင် ဖြစ်လာတာလဲ...."

ကျန်းရုံက အမှန်တကယ် မယုံကြည်နိုင် ဖြစ်နေသည်။ သူကလည်း ထိုနယ်ပယ်တွင် ပါရမီ

ပါသည်။ ကြိုးစားပြီး သင်ယူ ခဲ့သော်လည်း ကြယ်တစ်ပွင့် စည်းသခင်သာ ဖြစ်နေသေးသည်။

ထို့ကြောင့် စည်းသခင် တစ်ယောက် ဖြစ်လာရန် မည်မျှ ခက်ခဲကြောင်း ကျန်းရုံက သိနေသည်။

"သခင်လေး... တကယ်တော့ လူတော်တော် များများကလည်း မယုံကြဘူး။ ကျန်းဂျန် စည်းသခင် လမ်းညွှန်မှုအဖွဲ့က ထွင်လုံး လုပ်နေတယ်လို့ လူတွေက ယုံကြည်နေကြတယ်။ ချင်ယန်ကလည်း သူ့ အဆင့်အတန်းကို တစ်ခါမှ လူသိရှင်ကြား ထုတ် မပြောဖူးဘူး...."

ဝေမိသားစုမှ တန်ခိုးရှင်က ပြောလိုက်သည်။

ကျန်းရုံက လျှောင်ပြောင်သော လေသံနှင့်......

"ဒီကောင်က စည်းသခင် တစ်ယောက်ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ တကယ်လို့ ဒီလိုသာဆိုရင် သူရဲ့ ကျင့်ကြံခြင်းအဆင့်က စုတ်ပြတ်နေရင်တောင် ချမ်ဂျူး အကယ်ဒမီဝင်ဖို့ ပြဿနာ ရှိမှာ မဟုတ်ဘူး..."

ကျန်းကျဲက ခေါင်းညိတ် ထောက်ခံလိုက်သည်။

ချင်ယန်က ဤမျှ အစွမ်းထက် လိမ့်မည်ဟု ကျန်းကျဲကလည်း လုံး၀ မထင်ထားပေ။

.......

"အမေ၊ တိုက်ရိုက် သွားမှာလား။ ဒါမှမဟုတ် တည်းခိုဖို့ နေရာ အရင် ရှာကြမလား..."

ချင်ယန်က ပြောလိုက်သည်။

ရှီယန်က အပြင်ကို တစ်ချက်ကြည့်လိုက်ပြီး လေသံ တိုးတိုးလေးနှင့်.....

"တည်းစရာ အရင် ရှာရအောင်.... မနက်ဖြန်မှ သွားကြမယ်"

"မနက်ဖြန်က မင်းအဘွား မွေးနေ့လေ...."

"ယန်အာ... သားက စိတ်ပါပါ၊ မပါပါ သားအဘွား အတွက်တော့ လက်ဆောင်တစ်ခု ပြင်ရမယ်။ သားအဘွားကို သွားတွေ့ ရအောင်နော်...."

ချင်ယန်က မျက်မှောင် ကြုတ်နေသည်။

ဤနှစ်များ တလျှောက်တွင် သူ့အဘွား ရှီယန်၏ အမေက သူတို့အပေါ် လုံးဝ ဂရုမစိုက်ခဲ့ပေ။

"အမေ၊ လိုအပ်လို့လား...."

ချင်ယန်က ပြောလိုက်သည်။

ရှီယန်က လေသံ တိုးတိုးလေးနှင့်.....

"အရင်တုန်းက သားအဘွားက အမေတို့အပေါ် ကောင်းပါတယ်။ ဖြစ်နိုင်တာက...."

ချင်ယန် နှုတ်ဆိတ်နေသည်။ ထိုစဉ် အချိန်တုန်းက သူ့အဘွားက သူတို့အပေါ် တကယ်

ကောင်းခဲ့သည်။ သို့သော် သူ့အဖေ၏ ခွန်အားက သန်မာခဲ့သလို သူ့အမေ၏ ခွန်အားကလည်း အလွန် သန်မာခဲ့သည်။ ကောင်းကင်ဘုံ၏ အကောင်ဆုံးဟုပင် ပြောနိုင်ခဲ့သည်။

အကယ်၍ မတော်တဆ အဖြစ်မျိုးသာ မရှိခဲ့ပါက ချင်ယန်၏အဖေ ချင်ဟိုင်က ယွမ်ဟိုင်နယ်ပယ်ပင် ဖြစ်နေနိုင်သည်။

နောက်ပိုင်းတွင် ချင်ဟိုင်က ပျောက်ကွယ်သွားပြီး ရှီယန်၏ ကျင့်ကြံခြင်း အဆင့်ကလည်း ကျဆင်း လာခဲ့သည်။ ထို့အတူ ချင်ယန်၏ ပင်ကိုယ်

အရည်အချင်းကလည်း ပေါ်လွင်ခြင်း မရှိခဲ့ပေ။ ထိုအချိန်တွင် သူ့အဘွားက ချင်ယန်တို့ အပေါ်မှာ အေးစက် လာခဲ့သည်။

"အမေ၊ အမေ စိတ်ပျက် သွားနိုင်တယ်နော်....."

ချင်ယန်က မျက်မှောင်ကြုတ်ပြီး ပြောလိုက်သည်။

"နှစ်ပေါင်းများစွာလည်း ကြာခဲ့ပါပြီ။ အပြောင်းအလဲ တစ်ခုခုတော့ ဖြစ်လာမှာပါ.."

ရှီယန်တွင် မျှော်လင့်ချက် အချို့ ရှိနေသေးသည်။ သူမ နှလုံးသား၏ အနက်ရှိုင်းဆုံး တစ်နေရာတွင်

သူမအမေနှင့် ဆက်ဆံရေးကို မြှင့်တင်နိုင်လိမ့်မည်ဟု တိတ်တိတ်လေး မျှော်လင့် နေသေးသည်။

ချင်ယန်က.....

"အမေ၊ အမေ ပြောသလို လက်ဆောင် ပြင်ပေးနိုင်တယ်။ ဒါပေမဲ့ အမေ့ ခွန်အား ပြန်ကောင်း လာပြီဆိုတာ သူတို့ကို မပြောပါနဲ့..."

ရှီယန်က ဖြည်းဖြည်းခြင်း ခေါင်းညိတ်လိုက်သည်။

## အခန်း(၁၄၉) - ချစ်စရာ ကောင်းသော အမေ့အမျိုး...

"သခင်ရှီ၊ မင်းတို့ ရှီမိသားစုက ချင်ယန်တို့ သားအမိကို ပြန်လာခွင့် ပေးလိုက်တာလား..."

ကျန်းကျဲက အနည်းငယ် စိတ်တိုနေသော အမူအရာနှင့် ပြောလိုက်သည်။ သူမက ရှီယန်၏ ဒုတိယအစ်ကို၊ ရှီယွီ၏ အဖေ ရှီဟာန်ကျီ ထံ ရောက်လာပြီး ပြောနေခြင်း ဖြစ်သည်။

ရှီဟာန်ကျီက အင်ပါယာ မြို့တော်မှ မြို့စောင့် တပ်ကြီး၏ တပ်မှူးကြီး ဖြစ်သည်။

အင်ပါယာ မြို့တော် မြို့စောင့်တပ်၏ တပ်မှူးကြီး နေရာသည် လူတိုင်း အလွယ်တကူ လုပ်၍မရပေ။ ရှီဟာန်ကျီ အတွက်မူ ပြဿနာ ကြီးကြီးမားမား မရှိချေ။ ရှီကျန်းက ညာလက်ရုံး ဝန်ကြီးချုပ် ဖြစ်ပြီး နှစ်ပေါင်း (၂၀) ကျော် တာဝန်ယူခဲ့သူ ဖြစ်နေ သောကြောင့်ပင်။

"အမျိုးသမီးကျဲ၊ မင်း ဘာတွေ ပြောနေတာလဲ...."

ရှီဟာန်ကျီက လက်နှစ်ဖက်ကို ခွက်ပုံစံ အုပ်မိုး၍ အမှန်တကယ် ယဉ်ကျေးသည့် အမူအရာနှင့် မေးလိုက်သည်။ ကျန်းကျဲ၏ နောက်ခံက သာမန်မဟုတ်ဘဲ သူမ မိသားစုက အလွန်အားကောင်းသည်။ ထို့ကြောင့် ကျန်းရုံက သူမ၏ မျိုးရိုးနာမည်ကို ယူခဲ့ခြင်း ဖြစ်သည်။

“သခင်ရှီ၊ ချင်ယန်က ရှီယွီရဲ့ ကျင့်ကြံခြင်း အခြေခံကို ဖျက်ဆီးခဲ့တယ်လို့ ကြားတယ်။ ရှီမိသားစုက ဒီလောက် သဘော မကောင်းနိုင်ဘူး မဟုတ်လား...”

ကျန်းကျဲက ပြောလိုက်သည်။

ရှီဟာန်ကျီ၏ မျက်နှာ အမူအရာက ပျက်ယွင်းလာပြီး....

"ချင်ယန်၊ ဒီ မျိုးမစစ်က ရှီမိသားစုဆီ ပြန်လာဖို့ဆိုတာ ဒီတစ်သက် ဘယ်လိုမှ မဖြစ်နိုင်ဘူး။ သူတို့ နှစ်ယောက်လုံးပဲ အမေရော၊ သားပါ မဖြစ်နိုင်ဘူး..."

ကျန်းကျဲ၏ မကောင်းသော စိတ်ထဲ၌ ကြိတ်ပြီး သက်သာရာ ရသွားသည်။ ရှီမိသားစုက ချင်ယန်ကို ပြန်ပြီး လက်မခံချင်သဖြင့် တော်သေးသည်။

"သခင်ရှိ၊ လွန်ခဲ့တဲ့ (၂) နာရီ လောက်က ချင်ယန်နဲ့ တခြားလူတွေကို တွေ့ခဲ့တယ်။ သူတို့တွေ အင်ပါယာမြို့ကို ရောက်နေကြပြီ။ ပြီးတော့ ချင်ယန်မှာ အစွမ်းထက်တဲ့ အစောင့် တစ်ယောက်လည်း ပါလာသေးတယ်။ ကြည့်ရတာ ကောင်းမွန်တဲ့ ရည်ရွယ်ချက်နဲ့ လာတဲ့ပုံမျိုးတော့ မဟုတ်လောက်ဘူး..."

ကျန်းကျဲက မီးလောင်ရာ လေပင့် သဘောနှင့် ပြဿနာ ပိုကြီးအောင် ပိုပိုသာသာလေး ပြောလိုက်သည်။

ရှီဟာန်ကျီ၏ မျက်လုံးက ဒေါသစိတ်ကြောင့် တလက်လက် တောက်ပနေသည်။

"ဒီ မျိုးမစစ်လေးက ပြန်လာရဲဖို့ သတ္တိ ရှိသေးတာလား...."

"ဒီကောင် ဘယ်မှာလဲ..."

ကျန်းကျဲက......

"ဘယ်မှာလဲတော့ ငါ မသိဘူး။ ဒါပေမယ့် သခင်ရှီ လိုက်ရှာရင် သိပ်မကြာပါဘူး။ ငါတို့ဆီက ရထားလုံး လုပြီး မြို့ထဲ ဝင်သွားတာပဲ......"

“ဒါက ဥပဒေနဲ့ ဆန့်ကျင်တာပဲ. ကိုယ်ကျင့်တရားကို မရှိဘူး…”

ရှီဟာန်ကျီက အေးစက်သော လေသံနှင့်…….

“အမျိုးသမီးကျဲ၊ စိတ်မပူပါနဲ့။ အရာရှိတွေက ရထားလုံးကို တွေ့အောင် ပြန်ရှာပြီး အကောင်းအတိုင်း ပြန် ပေးလိမ့်မယ်..”

ကျန်းကျဲက…..

“ကျေးဇူး တင်ပါတယ်။ ငါ့ ရထားလုံးက ဈေးမပေါ်ဘူး။ ငွေတုံး တစ်သိန်းမက တန်တယ်။

ဒါက ပိုက်ဆံ အများကြီး လုသွားတဲ့ကိစ္စပဲ ထောင်ချလို့ ရတယ်.....”

“ဟုတ်”

ရှီဟာန်ကျီက လေးနက်စွာ ပြောလိုက်သည်။

ရှီယွီကို ချင်ယန်က ဖျက်ဆီးခဲ့သဖြင့် ရှီဟာန်ကျီ၏ စိတ်ထဲတွင် ချင်ယန်အပေါ် မုန်းတီးစိတ်များ ပြည့်နှက်နေသည်။

ထို့အတူ သူ၏ သွေးရင်းနှမ ရှီယန်ကိုလည်း အလွန် မုန်းတီးနေသည်။

"ဒါဆိုရင် ကျေးဇူး အများကြီး တင်ပါတယ်။ သခင်ရှီက တရားမျှတမှု ပြန်ရှာပေးမယ်လို့ မျှော်လင့်ပါတယ်...."

ကျန်းကျဲက ပြောလိုက်သည်။

ရှီဟာန်ကျီက ခေါင်းညိတ်ပြီး လျင်မြန်စွာ ထွက်ခွာသွားသည်။

အင်ပါယာ မြို့တော်က အလွန်ကြီးမားပြီး လူဦးရေ သန်း (၃၀) ကျော် ရှိသော်လည်း ကျန်းကျဲ၏ ရထားလုံးကဲ့သို့ ရထားလုံးများက အနည်းငယ်သာ ရှိသည်။

……..

“အမေ၊ အမေ့ရဲ့ အတွေးတွေအားလုံး အချည်းအနှီး ဖြစ်သွားမှာပဲ သား ကြောက်မိတယ်…”

ချင်ယန်က ပြောလိုက်သည်။

ဥယျာဉ်ပုံစံ တည်းခိုခန်း တစ်ခုတွင် တည်းခိုပြီးနောက် အပြင်ထွက်ပြီး လက်ဆောင်ပစ္စည်းများ သွားဝယ်ရန် ရှီယန်က ချင်ယန်ကို ခေါ်လာခဲ့ခြင်း ဖြစ်သည်။

ယခင်က ရှီယန်၏ စိတ်ထဲတွင် အမုန်းတရားများ ပြည့်နှက် နေခဲ့သော်လည်း ကျန်းဂျင်မြို့တွင် ကျင့်ကြံခြင်းအဆင့်များ ပြန်ရလာပြီးနောက် ရှီယန် စိတ်ထဲမှ အမုန်းတရားများက အားပျော့ လာခဲ့သည်။

ချင်ယန် လက်ထဲတွင် အိတ်ပေါင်းများစွာ ကိုင်ထား၏။

အစပိုင်းတွင် ရှီယန်က သူမ အမေအတွက်သာ တစ်ခုခု ဝယ်ရန် စီစဉ်ခဲ့ခြင်း ဖြစ်သည်။ နောက်ပိုင်းတွင် ယခင်က ဆက်ဆံရေး

ကောင်းခဲ့သော အခြား လူများအတွက်ပါ ဝယ်ယူခဲ့သည်။

ထို့အပြင် ဝယ်ယူခဲ့သော ပစ္စည်းများက တန်ဖိုး ကြီးလွန်းလှသည်။

ရှီယန် ဂရုတစိုက် ရွေးချယ်ခဲ့သော လက်ဆောင်များက ငွေတုံး သန်း (၃၀)၊ (၄၀) ခန့် ကုန်ကျနေသည်။ ထို ပမာဏက အင်ပါယာ မြို့တော်တွင် အိမ်ကောင်းကောင်း တစ်လုံး ဝယ်ယူရန် လုံလောက်နေသည်။

"ယန်အာ.. ရှီမိသားစုက အမေတို့အပေါ် မကောင်းဘူး။ ဒါပေမဲ့ အခု အမေတို့က အဆင်ပြေနေပြီလေ။ စိတ်ထဲ သိပ် မထားပါနဲ့တော့...."

"တကယ်လို့ သူတို့က ကောင်းကောင်းမွန်မွန် ဆက်ဆံရင် သူတို့ ကြီးပွား တိုးတက်မယ်....။ ဒီလို စိတ်မျိုး မရှိရင်တော့ အင်ပါယာမြို့တော်က ထွက်သွားကြမယ်...."

ချင်ယန်က မျက်မှောင်ကြုတ်ပြီး ပြောလိုက်သည်။

"အမေ၊ သားတို့ရဲ့ အရင် အစီအစဉ်က ဒီလိုမျိုး မဟုတ်ပါဘူး....."

ချင်ယန်က ပြောလိုက်သည်။

ရှီယန်က မချိပြုံး ပြုံးလိုက်ပြီး......

"ဘာပဲပြောပြော ရှီမိသားစုက အမေတို့ရဲ့ အမျိုးပဲလေ။ အရင်တုန်းက ရှီမိသားစု လူတွေက အမေတို့ကို အနိုင်ကျင့်ဖို့ မစောင့်နိုင်ခဲ့ပေမဲ့ အမေတို့မှာ ခုဆို ခွန်အားတွေ ရှိလာပြီလေ.... အခုလက်ရှိမှာ အမေကတော့ သားအဖေကို

ပြန်ရှာပြီး ပျော်ရွှင် သာယာတဲ့ မိသားစုဘဝလေး ဖြတ်သန်း နိုင်မယ်လို့ မျှော်လင့်နေမိတယ်....”

“ယန်အာ... ရှီမိသားစုကို ခွင့်လွှတ်ပေးလိုက်ပါ....”

ချင်ယန်၏ ယခုလက်ရှိ ခွန်အားနှင့် ရှီမိသားစုကို ကိုင်တွယ်မည် ဆိုပါက ရှီမိသားစုက ကြီးမားသော တန်ဖိုးတစ်ခု ပေးဆပ်ရမည်ကို ရှီယန်က သိနေသည်။

ချင်ယန်က တိတ်ဆိတ်နေသည်။

“ယန်အာ၊ အမေ တောင်းပန်ပါတယ်။ သားအဘွားက အမေ့ကို မွေးခဲ့ပြီး ရှီမိသားစုက အမေ့ကို ပျိုးထောင်ခဲ့တယ်။ နောက်ပိုင်းမှာ အမေတို့ကို စိတ်နှလုံး ကြေကွဲအောင် လုပ်ခဲ့တယ် ဆိုပေမဲ့ အခုလည်း အမေတို့က ကောင်းကောင်း နေနိုင်နေပြီလေ။ အမေတို့ရဲ့ မကျေနပ်မှုတွေကို ဖယ်ရှား လိုက်ရအောင်နော်.....”

ချင်ယန်က အသက် ခပ်ပြင်းပြင်းလေး တစ်ချက် ရှူလိုက်ပြီး......

"အမေ၊ အရင်တုန်းက သားတို့ကို နှင်ထုတ်ခဲ့တာ မေ့နေပြီလား။ ပိုက်ဆံတွေ အကုန် သိမ်းခဲ့တဲ့အပြင် အမေ့ရဲ့ လက်ဝတ် ရတနာတွေကိုလည်း ချွတ်ယူခဲ့သေးတယ်။ သားတို့ အသက်ရှင်ဖို့ ခက်ခက်ခဲခဲ ရုန်းကန်နေရတဲ့ နှစ်တွေတုန်းက ရှီမိသားစုက သားတို့ဆီ လာလည်ခဲ့တဲ့ ပုံစံကို အမေ မေ့သွားပြီလား...."

"ပြီးတော့ အမေ စာရေးခဲ့တဲ့ လူတွေဆီကရော တုံ့ပြန်မှု ရခဲ့လို့လား....."

“ရှီယွီက သားတို့ဆီလာပြီး ရှိသမျှ ပစ္စည်း အကုန်လုံးကို ရိုက်ခွဲသွားလို့ အမေ မျက်လုံးရောင်အောင် ငိုခဲ့ရသေးတယ်လေ…”

ရှီယန်က ခါးသီးစွာ ပြုံးလိုက်ပြီး……

“ဘယ်လို မေ့နိုင်မှာလဲ…..”

“ဒါတွေကို မှတ်မိလို့လည်း အမေတို့က ပိုပြီး ပျော်ရတာမှ မဟုတ်တာ သားရယ်…..”

"ယန်အာ.... အမေ ဒီအကြောင်းတွေကို အရှည်အရှည် ဆက် မလုပ်ချင်တော့ဘူး... မေ့လိုက်ပါနော်...."

ချင်ယန်၏ မျက်နှာ အမူအရာက ပုပ်သိုးနေ၏ သူက မမေ့ချင်ပေ။

ရှီယန်က သူမသားကို ချစ်မြတ်နိုးစွာ ကြည့်လိုက်သည်။ ရှီမိသားစုမှ ထွက်လာခဲ့သော (၈)နှစ် အတွင်းတွင် ရှီယန်က ချင်ယန် ကြီးပြင်းလာစေရန် လောကဒဏ် မျိုးစုံကို ခါးစီးခံခဲ့သည်။ အလွန် ကြိုးစားခဲ့သည်။

“ဟုတ်ပါပြီ အမေရာ....”

ချင်ယန်က အသက် ခပ်ပြင်းပြင်းလေး ရှူပြီး ခေါင်းညိတ်လိုက်သည်။

“အမေက ဒီလို တွေးနေမှတော့ သား နောက်က လိုက်ခဲ့ပါ့မယ်.....”

ချင်ယန်က သူ့အမေကို စိတ်မကောင်းတာမျိုး မဖြစ်စေချင်ပေ။

“အင်း... လိမ္မာလိုက်တဲ့ သားလေး....”

ရှီယန်၏ မျက်နှာပေါ်တွင် အပြုံးတစ်ခု ပေါ်လာပြီး....

“ပစ္စည်းတွေ ဝယ်ပြီးပြီဆိုတော့ အိမ်ပြန်ကြရအောင်....”

နာရီဝက်ခန့် ကြာပြီးနောက် ချင်ယန်တို့ ပြန်လာသည့် အချိန်တွင် ချင်ယန်တို့ တည်းခိုနေသော တည်းခိုခန်းထဲ၌ အရာရှိများနှင့် တပ်သားများ ရောက်ရှိနေသည်။

"ဖောက်သည်ကြီး... ဒီထိပဲ ပို့လို့ရမယ်... အရှေ့မှာ အရာရှိတွေနဲ့ တပ်သားတွေ လမ်းပိတ်ထားတယ်.."

ရထားလုံး မောင်းသမားက ပြောလိုက်သည်။

"အင်း...."

ချင်ယန်တို့ သားအမိက ပိုက်ဆံပေးပြီး ရထားလုံးပေါ်မှ ဆင်းလာသည့် အချိန်တွင် မျက်နှာ ပျက်သွားကြသည်။

သူတို့ တည်းခိုနေသော ဥယျာဉ်ခြံဝန်းကို စစ်သား တစ်ရာကျော်က ဝိုင်းထားပြီး တော်တော်များများက ဒူးလေးများနှင့် ချိန်ရွယ် ထားကြသည်။

“ထိုက်ယွီတပ်….”

ရှီယန် မျက်မှောင် ကြုတ်သွား၏။ ထိုက်ယွီ တပ်သည် အင်ပါမြို့တော်၏ တရားဝင် တပ်တစ်ခု ဖြစ်သော်လည်း သာမန်တပ်မျိုး မဟုတ်ပေ။ အရေအတွက် နှစ်ထောင်သာ ရှိပြီး အင်ပါယာမြို့တော် မြို့စောင့်တပ်၏ တပ်မှူးကြီးက တိုက်ရိုက် ကွပ်ကဲသောတပ် ဖြစ်သည်။

ထိုက်ယွီတပ်၊ တပ်သားများ၏ အနိမ့်ဆုံး လိုအပ်ချက်က ချီဖွဲ့စည်းခြင်း အဆင့် (၇) ဖြစ်ပြီး တပ်သား တော်တော်များများက မူလ အစစ်အမှန် နယ်ပယ်နှင့် ခြေတစ်လှမ်းသာ ဝေးသည့် ချီဖွဲ့စည်းခြင်း အထွတ်အထိပ် တန်ခိုးရှင်များ ဖြစ်ကြသည်။

သာမန် အရေးကိစ္စများတွင် ထိုက်ယွီတပ်ကို လုံးဝ မသုံးပေ။

အခိက ရာဇဝတ်ကောင်များနှင့် အရေးကြီး ကိစ္စများကို ကိုင်တွယ် ဖြေရှင်းသည့် အခါမှသာ ထိုက်ယို့တပ်ကို အသုံးပြုသည်။

"အထဲက တရားခံတွေ နားထောင်ပါ။ ချက်ခြင်း လက်နက်ချပြီး နာခံမှုရှိရှိနဲ့ ထွက်လာကြပါ။ ဒီလိုမှမဟုတ်ရင် ဒီအရာရှိက ဒူးလေးပစ်ဖို့ အမိန့်ပေးရ လိမ့်မယ်...."

ရင်းနီးသော အသံတစ်ခုက ရှီယန်နားထဲ ရောက်လာသည်။

ရှီယန်က လှည့်ကြည့်ပြီး ကြက်သေသေသွား၏။

သူမနှင့် မီတာတစ်ရာ အကွာ သို့မဟုတ် ထိုထက် အနည်းငယ် ပိုကွာဝေးသော နေရာ၌ တန်ခိုးရှင်တစ်ခါဇင်ခန့်က ကာကွယ် ပေးထားသည့် သူမ၏ ဒုတိယ အစ်ကိုကြီး ရှီဟာန်ကျီကို တွေ့လိုက်ရသောကြောင့်ပင်။

"စမ်းကြည့်လိုက်လေ....."

ချမ်ဟိုင်၏ ဒေါသထွက်နေသော အသံက အိမ်ထဲမှ ထွက်ပေါ်လာသည်။

“ချမ်ဟိုင်....”

ရှီယန် မျက်နှာ ပျက်သွားသည်။ ရှီဟာန်ကျီ၏ ပစ်မှတ်က ချမ်ဟိုင်နှင့် အခြားလူများ ဖြစ်နေလိမ့်မည်ဟု သူမ မမျှော်လင့်ထားခဲ့ပေ။

အကယ်၍ ချမ်ဟိုင်သာ ပြန်မအော်ခဲ့ပါက သူမ မည်သည့်အချိန်မှ တွေးမိမည် မဟုတ်ချေ။

ချင်ယန်၏ မျက်လုံးများက အေးစက်နေသည်။

“အမေ၊ အမေကတော့ သူတို့အတွက် လက်ဆောင်တွေ ရွေးနေတယ်။ သခင်ရှီကတော့

သားတို့ ဒီမှာရှိနေတာ သိတာနဲ့ ဖမ်းဖို့ လူအများကြီး ခေါ်လာပြီ....”

ချင်ယန်က အေးစက်စွာ ပြောလိုက်သည်။

ရှီယန်၏ စိတ်ထဲမှာလည်း နာကျည်းသွားသည်။

“ပစ်....”

ရှီဟာန်ကျီက အေးစက်စွာ ပြောလိုက်သည်။

“မပစ်နဲ့.....”

ရှီယန်က ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။ အရာရှိများနှင့် စစ်သားများက ရှီယန်၏စကားကို

မည်ကဲ့သို့ နားထောင်မည်နည်း....။ ရာပေါင်းများစွာသော မြားများကို ချမ်ဟိုင် ရှိနေသော အိမ်ထဲသို့ ပစ်လွှတ်လိုက်သည်။

ရှီး ရှီး

ဖောက်.. ဖောက်......

မြားများက အိမ်ထဲကို တရှီးရှီး တဖောက်ဖောက်နှင့် ထိမှန်နေသည်။ အကယ်၍ ရှောင်ကျူဝမ်နှင့် အခြားလူများက အားနည်းနေမည်ဆိုလျှင် ချက်ချင်း သေဆုံး သွားကြလိမ့်မည်။

"ရပ်စမ်း...."

ရှီယန်က ဒေါသတကြီး အော်ဟစ်လိုက်ရာ သူမအသံက အတော်လေး ကျယ်လောင်သွားသည်။

ထိုစဉ် ရှီဟန်ကျီကလည်း လှည့်ကြည့်လာသည်။

"ရှီယန်၊ ချင်ယန်..."

ရှီဟန်ကျီ၏ မျက်လုံးထဲတွင် သွေးအေး ရက်စက်သော အလင်းရောင်တစ်ခု ဖြတ်ခနဲ လက်သွားပြီး ချင်ယန်တို့ကို လက်ညှိုး ထိုးပြလိုက်ကာ......

"ဒီနှစ်ယောက်က သူခိုးကြီးတွေပဲ။ ချက်ချင်း ဖမ်းကြ။ တကယ်လို့ ခုခံရင် ညှာတာမှု မပြဘဲ ခေါင်းဖြတ်လိုက်....."

ချက်ချင်း ဆိုသလို ချင်ယန်တို့ဘက်သို့ တန်ခိုးရှင် (၂၂) ယောက်က ပြေးတက်လာသည်။ ထိုအထဲတွင် မူလအစစ်အမှန် နယ်ပယ် တန်ခိုးရှင် (၃) ယောက်ပါပြီး အား အနည်းဆုံးက ချီဖွဲ့စည်းခြင်း အဆင့် (၇) တွင် ရှိနေသည်။

## အခန်း(၁၅၀) - အလှည့်အပြောင်း.....

တန်ခိုးရှင် (၂၂) ယောက်က သူ့ထံ ပြေးဝင်လာသည်ကို မြင်လျှင် ချင်ယန်၏ မျက်လုံးက အေးစက်သွားပြီး လှုပ်ရှားရန် အသင့် ဖြစ်နေသည်။

မူလ ပထမတွင် ချင်ယန်က အင်ပါယာမြို့တော်တွင် အစုလိုက် အပြုံလိုက် သတ်ဖြတ်ရန် ရည်ရွယ်ချက် မရှိပေ။ ယခုမူ သူ့ကို လာသတ်နေပြီဖြစ်သောကြောင့် ရှီဟာန်ကျီနှင့် ထိုက်ယွီ တပ်ဖွဲ့ဝင် ဖြစ်နေလျှင်ပင် ဘာအရေးနည်း......

အဆိုးဆုံးမှ လူသတ်ပြီးသည်နှင့် ချက်ချင်း ထွက်သွားရုံသာ ရှိသည်။

“ရပ်လိုက်.....”

ထိုစဉ် အော်ဟစ်သံ တစ်ခုက တိုးတိုးလေး ထွက်ပေါ်လာသည်။

မီတာ တစ်ကျော် အကွာအဝေးတွင် ရှိနေသော ဝေ့ရှစ်ယွင်က အလွန် လျင်မြန်စွာ ပြေးထွက်လာသည်။

ဝေ့ရှစ်ယွင်က ဒီအနား ရောက်နေသဖြင့် ထိုက်ယွီ တပ်သားများ ရောက်လာ ကတည်းက တွေ့နေခြင်း ဖြစ်သည်။ အစွမ်းထက်သော သူခိုးများကို ကိုင်တွယ်ရန် ရောက်လာသည်ဟု ကြားခဲ့သဖြင့် ဝင်ကူညီလျှင် ကောင်းမလားဟု စဉ်းစား နေခဲ့သေးသည်။

သို့သော် မမျှော်လင့်ထားသည်မှာ သူခိုးများက ချင်ယန်နှင့် ရှီယန်တို့ ဖြစ်နေကြခြင်းပင်။

ရှီဟာန်ကျီက ချက်ချင်း သတ်ဖြတ်ဖို့ပင် အမိန့် ပေးခဲ့သေးသည်။

ဒါကို ဝေ့ရှစ်ယွင်က သည်းမခံနိုင်တော့ပေ။ ချင်ယန်ဆိုသည်မှာ သူမ၏ ကယ်တင်ရှင်ပင်.....

ဝေ့ရှစ်ယွင်က ရှေ့ဟောင်း အဆိပ်နဂါး သွေးမျိုးဆက်ကို ပိုင်ဆိုင်ထားသည်။ ချင်ယန်၏ အကူအညီသာ မရှိခဲ့ပါက ယခုအချိန်တွင် အဆိပ်မိပြီး သေနေပြီ ဖြစ်သည်။

ယခုမူ အသက်ရှင် နေရုံသာမက ယွမ်ဟူ နယ်ပယ်သို့ပင် ရောက်ရှိနေခဲ့သည်။

"သွား....."

ဝေ့ရှစ်ယွင်က ချင်ယန်တို့နှင့် မီတာတစ်ရာ ကွာဝေးသော်လည်း တပ်သားများနှင့် မီတာ နှစ်ဆယ်ကျော် သုံးဆယ်သာ ကွာဝေးသည်။ ဝေ့ရှစ်ယွင်က ပေါ်လာ ကတည်းက ကြမ်းကြမ်းတမ်းတမ်း ပြေးဝင်လာခဲ့ခြင်း ဖြစ်သည်။

"ကာကွယ်ကြ...."

ချင်ယန်ဆီ ပြေးသွားနေသော မူလ အစစ်အမှန် နယ်ပယ် တန်ခိုးရှင် တစ်ယောက်က အော်ဟစ်လိုက်ပြီး ချက်ချင်း ရပ်တန့်လိုက်ကာ သိုင်းဝိညာဉ်ကို ထုတ်ဖော်လိုက်သည်။ ကျန်သည့်

လူများကလည်း ချက်ချင်း လုပ်ဆောင်လိုက်ကြသည်။

ချီ အကာအကွယ်များလည်း တစ်ခုပြီး တစ်ခု ထွက်ပေါ်လာသည်။

ဘုန်း......

ဝေ့ရှစ်ယွင်က လေထဲ ခုန်တက်လာပြီး မူလအစစ်အမှန် နယ်ပယ် တန်ခိုးရှင်၏ ရင်ဘက်ကို ဖနှောင့် ပေါက်ချလိုက်ရာ ကျယ်လောင်သော ပေါက်ကွဲသံကြီး ထွက်ပေါ်လာကာ ထိုတန်ခိုးရှင်၏ မျက်နှာက ဖြူဖျော့ပြီး သွေးအတောင့်လိုက်

အန်ထွက်သွားသည်။ ကျန်သည့် လူများလည်း စွမ်းအင် အဖျားခတ်ပြီး လွင့်ထွက်သွားကြသည်။

မြေပြင်တွင် အပေါက်ကြီး တစ်ခု ပေါ်လာသည်။

ဝေ့ရှစ်ယွင်၏ ကျင့်ကြံခြင်း အဆင့်က ယွမ်ဟူနယ်ပယ် ရောက်နေပြီ သွေးမျိုးဆက်က အားကောင်းသလို သိုင်း ဝိညာဉ်ကလည်း အားမနည်းသဖြင့် သူမ သိုင်းဝိညာဉ်၏ တိုက်ခိုက်မှုကို တန်ခိုးရှင် နှစ်ဆယ်ကျော်လုံး မခံနိုင်ခဲ့ပေ။

"ဝေ့ရှစ်ယွင် ဘာလုပ်တာလဲ..."

ရှီဟာန်ကျီက ဒေါသတကြီး အော်ဟစ်လိုက်သည်။

ဝေ့ရှစ်ယွင်က အနားကပ်လာပြီး အေးစက်သော လေသံနှင့်...

"ဦးလေး ရှီကရော ဘာလုပ်နေတာလဲ။ ထိုက်ယွီတပ်ကို အသုံးပြုပြီး ချင်ယန်တို့ကို ဝိုင်း တိုက်ခိုက်နေတာက တိုင်းပြည်ပိုင် စစ်တပ်ကို မိသားစုပိုင် ပစ္စည်းလို့ သတ်မှတ်နေတာလား...."

ရှီဟာန်ကျီက  တင်းမာသော လေသံနှင့်.......

"ချင်ယန်က တခြားသူတွေရဲ့ ပစ္စည်းတွေ အများကြီး လုယက်ခဲ့တယ်။ တာဝန်ရှိသူတွေက ဥပဒေနဲ့ အညီ အရေးယူနေတာကို ဝင်မရှုပ်ပါနဲ့..."

ဝေ့ရှစ်ယွင်က......

"ဦးလေးရှီ၊ ဒီလူတွေကို အဘိုးက ခေါ်ခိုင်းလိုက်လို့။ တကယ်လို့ ရှုပ်တယ်ထင်ရင် ဦးလေးရှီက အဘိုးကို သွားပြောလိုက်ပါ..."

ရှီဟာန်ကျီ၏ မျက်နှာ အမူအရာက သုန်မှုန်သွား၏။ အကယ်၍ ဝေ့ရှစ်ယွင်သာ

အားနည်း နေမည်ဆိုပါက သူမကို တစ်ခါတည်း ဖမ်းလိုက်ရန် အမိန့် ပေးလိုက်သည်။

ဝေ့မိသားစုကို ရှီမိသားစုက မကြောက်ပေ။

သို့သော် ဝေ့ရှစ်ယွင်က ယွမ်ဟူနယ်ပယ် ကျင့်ကြံခြင်း အဆင့်ကို ရောက်နေသဖြင့် အနည်းငယ် လုပ်ရကိုင်ရ ခက်နေခြင်းပင်။ ကံဆိုးပါက အရှက်ပင် ကွဲသွားနိုင်သေးသည်။

ရှီဟာန်ကျီ၏ ခွန်အားက အားနည်းသည်တော့ မဟုတ်ပေ။ မူလ အစစ်အမှန် နယ်ပယ်အဆင့် (၉)

ရှိနေသည်။ သို့သော် ဝေ့ရှစ်ယွင်ကိုမူ မကိုင်တွယ်နိုင်ပေ။

ထို့အပြင် ဝေ့ရှစ်ယွင်က အလွန်ငယ်နေသေးသည်။ အနာဂါတ်တွင် ယွမ်ဟိုင်နယ်ပယ် ရောက်ရှိရန် သေချာသလောက်ဖြစ်နေပြီ။

ဝေ့ကျီဖူက ဝေ့ရှစ်ယွင်ကို သေချာပေါက်ထောက်ခံလိမ့်မည်။

"ရှီဟာန်ကျီ၊ နင် အရမ်း ရက်စက်တာပဲ…။"

ရှီယန်က အေးစက်စွာ ပြောလိုက်သည်။

ရှီဟာန်ကျီက မြွားများ ပစ်လွှတ်ရန် အမိန့်ပေးစဉ်က သူမမျက်နှာကို တစ်ချက်ပင် မငဲ့ခဲ့ချေ။ တစ်နည်း ပြောရမည် ဆိုပါက ရှီဟာန်ကျီက သူမတို့ကို သတ်ချင်နေသည်။

ရှီဟာန်ကျီ၏ အေးစက်သော အကြည့်က ရှီယန်ပေါ် ရောက်ရှိသွားသည်။

"ရှီယန်၊ ချင်ယန်၊ မင်းတို့ကို ရှီမိသားစုက နှင်ထုတ်လိုက်ပြီ။ အင်ပါယာ မြို့တော်ကို ဘယ်သူက ပြန်လာခွင့် ပေးလို့လဲ...."

ရှီဟာန်ကျိက အေးစက်စွာ ပြောလိုက်သည်။

"အခု မင်းလူတွေ ခေါ်ပြီးတော့ အင်ပါယာ မြို့တော်က ချက်ချင်း ထွက်သွား..."

ဝေ့ရှစ်ယွင်က အထင်သေးသော လေသံနှင့်......

"တကယ် ရယ်ရတာပဲ.... ရှီမိသားစုက အင်ပါယာ မြို့တော်ကို ဘယ်အချိန်က ကိုယ်စား ပြုသွားတာလဲ။ သခင်ကြီးရှီက ဝန်ကြီးချုပ် လုပ်လာတာ နှစ် (၂၀) ကျော် ရှိနေပြီဆိုပေမဲ့ ငါတို့ရဲ့ ဘုရင်မင်းမြတ်က ရှိနေပါသေးတယ်။ အခုလက်ရှိ

တန်ထန် ကေရာ့ဇ်ရဲ့ မျိုးရိုးနာမည်က ရှီ မဟုတ်ဘူး...”

ရှီဟာန်ကျီ မျက်နှာ ပျက်သွားသည်။ ဝေ့ရှစ်ယွင်၏ စကားများက အနည်းငယ် ရန်စောင်နေသည်။ ထို့အပြင် ဘေးဒုက္ခများကိုလည်း လက်ယပ် ခေါ်နေသေးသည်။

ကေရာ့ဇ် နားထဲသို့ ထိုစကားများ ရောက်သွားပါက အတွေးအချို့ ရှိကောင်း ရှိသွားနိုင်သည်။

"ဆရာကြီးချင်က ဝေ့မိသားစုရဲ့ ညွှဲ့သည်ပါ။ ဆရာကြီးချင်ကို ငါတို့ ဖိတ်ထားတာ..... ဦးလေးရှီက ငါတို့ ဝေ့မိသားစုရဲ့ ညွှဲ့သည်ကို နှင်ထုတ်ချင်တာလား...."

ရှီဟာန်ကျီ၏ မျက်နှာက သုန်မှုန်နေသည်။

ဝေ့မိသားစု၏ အင်အားက အား မနည်းပေ။

"ချင်ယန်၊ မင်း ဝေမိသားစုရဲ့ ရထားလုံးကို လုယက်ခဲ့တယ်။ ဒီလှည်းက ငွေတုံး (၂၂၀,၀၀၀) တန်တယ် ။ ဒီလို သွားလို့ ရမလား...."

ရှီဟာန်ကျီက အေးစက်စွာ ပြောလိုက်သည်။

ချင်ယန်က လှောင်ပြောင်သော လေသံနှင့်……

"တော်တော် လေးစားဖို့ကောင်းတဲ့ မြို့စောင့် တပ်မှူးကြီးပဲ။ အလုပ်မရှိ ဘုန်းကြီးခေါင်း သန်းရှာနေတယ်။ မလှုပ်ရှားခင် သေသေချာချာ မေးခဲ့လို့လား…."

"ငါတို့ ဝေမိသားစုဆီက လုသွားတာလား.. ဒါမှမဟုတ် ဝေမိသားစုက လောင်းကြေး ရှုံးသွားတာလား သိအောင် စုံစမ်းလိုက်ပါအုံး။ အားကိုးရတဲ့ မြို့စောင့် တပ်မှူးကြီးရဲ့…."

ရှီဟာန်ကျီက စိတ်ထဲမှ အော်ဆဲလိုက်သည်။ အမှန်တရားက ချင်ယန် ပြောသကဲ့သို့ ဖြစ်နိုင်ကြောင်း သူ သိနေသည်။ ကျန်းကျဲ ပြောခဲ့သည့် စကားများက အမှန် မဟုတ်နိုင်ပေ။

ဝေ့ရှစ်ယွင်က တစ်ချက် ပြုံးလိုက်ပြီး.......

"ဦလေးရှီ၊ သေသေချာချာ စုံစမ်း လိုက်အုံးနော်...."

"ဦးလေးရှီ၊ အင်ပါယာ မြို့တော်မှာ ထိုက်ယွီတပ်က လူတကာ ပြောတိုင်း လျှောက်လုပ်ပြီး လူတွေ အသေအပျောက်များ

သွားမှာ ကြောက်မိတယ်။ ဦးလေးရှီ ပို ဂရုစိုက်ရင် ကောင်းမယ်”

ရှီဟာန်ကျီ၏ မျက်နှာ အမူအရာက အမှန်တကယ် သုန်မှုန်နေသည်။ လက်စား ချေချင်စိတ်နှင့် အလောတကြီး ထွက်လာခဲ့သဖြင့် အများကြီး မစဉ်းစား ခဲ့မိပေ။

အကယ်၍ ချင်ယန်တို့ကို သတ်ဖြတ်၍ အောင်မြင်ပါက ချင်ယန်တို့ထံ အပြစ်ပုံချလိုက်၍ ရသည်။ ယခုမူ ချင်ယန်တို့ကို မသတ်ရသေးခင် ဝေ့ရှစ်ယွင်က ရောက်လာပြီး ပြဿနာ ရှာနေသည်။

“အထဲဝင်ပြီး သေတဲ့ လူ ရှိ၊ မရှိ ကြည့်လိုက်....”

ရှီဟာန်ကျီက လေးနက်စွာ ပြောလိုက်သည်။

အခုလေးတင် ရှီဟာန်ကျီက ချင်ယန်တို့ အားလုံးကို ပစ်သတ်နိုင်ရန် မျှော်လင့် ခဲ့သေးသည်။

ခုတော့ မည်သူမျှ မသေပါစေနဲ့ဟု ဆုတောင်း နေရသည်။

အလွန် ကြောက်စရာ ကောင်းသော ဒူးလေးများနှင့် ဝိုင်းပစ်ခဲ့ခြင်း ဖြစ်သဖြင့် အသေအပျောက် ကျိန်းသေပေါက် ရှိနိုင်သည်။

"သူဌေး...."

"သခင်လေး...."

ချမ်ဟိုင်၊ ရှောင်ကျူဝမ်နှင့် အခြားလူများ ထွက်လာကြသည်။ ဒဏ်ရာ လုံး၀ မရခဲ့ပေ။

ရှောင်ကျူဝမ်နှင့် အခြားလူများ၏ ကျင့်ကြံခြင်း အဆင့်က မူလ အစစ်အမှန် နယ်ပယ် အောက်တွင် မရှိကြပေ။ အား အနည်းဆုံး ဖြစ်သည့် ကျွမ်းစစ်ပင် မူလအစစ်အမှန် နယ်ပယ် အဆင့် (၄) တွင် ရှိနေသည်။

သို့သော် ကျွမ်းစစ်၏ တိုက်ခိုက်ရေး အစွမ်းက မူလအစစ်အမှန် နယ်ပယ် အဆင့် (၉) တွင် ရှိနေသည်။

ဒူးလေး မြွေးမျှားက သာမန် မူလ အစစ် အမှန်နယ်ပယ် တန်ခိုးရှင်များကို သတ်ဖြတ်ရာတွင် ပြဿနာ မရှိသော်လည်း ရှောင်ကျူဝမ်နှင့် အခြားလူများကို ပစ်သတ်ချင်ပါက မလုံလောက် သေးပေ။

"အဆင်ပြေလား.."

ချင်းယန်က မေးလိုက်သည်။

ရှောင်ကျူယင်က ဒေါသ ထွက်နေသော လေသံနှင့်.......

"သခင်လေး.. ငါတို့က ထောင့်မှာ ပုန်းနေမိတာ ကံကောင်းသွားတယ်။ နည်းနည်းလေး ကံဆိုးတာနဲ့ သေသွားမှာ..."

ဝေ့ရှစ်ယွင်က.....

"စိတ်မပူနဲ့.... တန်ထန် အင်ပါယာမှာ ဥပဒေရှိတယ်။ သေချာပေါက် ဖြေရှင်းချက် ပေးလိမ့်မယ်...."

အကယ်၍ ဝေ့မိသားစုက အားစိုက်ထုတ်ပြီး ပြဿနာ လိုက်ရှာမည် ဆိုပါက ရှီဟန်ကျီက ရာထူးမှ မဆင်းရလျှင်ပင် ရှီမိသားစုက တန်ဖိုး တစ်ခုတော့ ပြန် ပေးဆပ်ရလိမ့်မည်။ သေးငယ်သော ဈေးနှုန်းပင်.....

"သွားမယ်...."

ရှီဟန်ကျီက အေးစက်စွာ ပြောပြီး ထိုက်ယွီ တပ်သားများနှင့် အတူ ပြန် ထွက်သွားသည်။

"ဝေ့ရှစ်ယွင်၊ ကျေးဇူးပဲ..."

ချင်ယန်က ပြုံးပြီး ပြောလိုက်သည်။

"ဆရာကြီးချင်။ ဘာဖြစ်လို့ အားနာနေတာလဲ.. ဆရာကြီးချင်ကြောင့်သာ မဟုတ်ရင် အခုဆို ငါက သေနေလောက်ပြီ...."

"ဆရာကြီးချင်၊ ဒီနေရာက ပျက်စီးနေပြီ။ ငါတို့ ဝေ့အိမ်တော်ကို လိုက်ခဲ့ပါလား..."

"တခြား တည်းခိုးခန်းတွေမှာ ဆိုရင်လည်း ဆရာကြီးချင်တို့ ဘေးကင်းမှာ မဟုတ်ဘူး။ သခင်ရှီက လွှတ်ပေးထားမယ် မထင်ဘူး..."

ချင်ယန်က မြွားအပေါက်ပေါင်း များစွာနှင့် အိမ်ကို လှမ်းကြည့်လိုက်ပြီး စိတ်တိုနေသော အမူအရာနှင့် ခေါင်းခါလိုက်သည်။ သူက ပိုက်ဆံ ပိုပေးလျှင်ပင် တည်းခိုခန်း ပိုင်ရှင် လက်ခံတော့မည် မဟုတ်ချေ။

အင်ပါယာ မြို့တော်တွင် ရှီမိသားစုကို စော်ကားမိပါက ဝမ်းနည်းစရာ ကောင်းသော အဆုံးသတ်သာ ရှိသည်။

"ဒါဆိုလည်း ဒုက္ခ ပေးရတော့မယ်..."

ချင်ယန်က ပြောလိုက်သည်။

ဝေ့ရှစ်ယွင်က လေသံ တိုးတိုးလေးနှင့်......

"ဆရာကြီးချင် ၊ ဒုက္ခ မဟုတ်ပါဘူး....။ ငါကလည်း ဆရာကြီးချင်ကို အကူအညီ တောင်းချင်လို့ နောက်တစ်ကြိမ် ထပ်တွေ့ ချင်နေတာ။ အခု ယွမ်ဟူ နယ်ပယ် ရောက်နေပြီ.. ဆရာကြီးချင်ကို နောက်တစ်ကြိမ် ဒုက္ခ ထပ်ပေး ရအုံးမယ်..."

ချင်ယန်က ဖြည်းဖြည်းခြင်း ခေါင်းညိတ် လိုက်သည်။

အမှန်တကယ်လည်း လုပ်ပေးရန် လိုအပ် နေခဲ့သည်။

ယခင်က ဝေ့ရှစ်ယွင်ကို ကူညီပေးခဲ့သော်လည်း ထိုစဉ်အချိန်က ချင်ယန်၏ ခွန်အားသည် ယခုမျှ မသန်မာသေးပေ။ ဝေ့ရှစ်ယွင်၏ တိုးတက်မှုကြောင့် ယခင် စည်းတံဆိပ်က ထိန်းချုပ်၍ ရရုံလောက်သာ ရှိသည်။

ကျား......

မကြာခင် ချင်ယန်တို့က ထွက်ခွာသွားသည်။

....

ရှီမိသားစု.....

ရှီဟန်ကျီက တတ်နိုင်သမျှ အမြန်ဆုံး ပြန်လာခဲ့သည်။

“စောက်သုံး မကျဘူး...”

ရှီကျန်းသည် ရှီဟန်ကျီ ပြောပြသည်ကို နားထောင်ပြီးနောက် ဒေါသ ထွက်သွားသည်။

“ထိုက်ယွီ တပ်သား တစ်ရာကျော်လောက်နဲ့ ချင်ယန်တို့ကို သတ်နိုင်မယ် ထင်နေတာလား...”

ရှီကျန်းက တင်းမာစွာ ပြောလိုက်သည်။

"ကျားဘုရင် ချမ်ဟိုင်က ယွမ်ဟူနယ်ပယ် ရောက်နေပြီ။ ဒါကိုတောင် မသိဘူးလား... ချင်ယန် လက်ထဲမှာလည်း ပစ္စည်းကောင်းတွေ အများကြီး ရှိသေးတယ်...."

ရှီဟန်ကျိုက ကြောင်သွားပြီး.......

"အဖေ၊ ကျွန်တော် ချမ်ဟိုင်ရဲ့ အချက် အလက်တွေကို ဖတ်ကြည့် ပြီးပါပြီ။ မူလ အစစ်အမှန် နယ်ပယ် အဆင့် (၉) မဟုတ်ဘူးလား။

သူက အဖွဲ့ထဲမှာ အသန်မာဆုံးဆိုရင် လှုပ်ရှားဖို့ ပြဿနာ မရှိဘူး ထင်တယ်...”

ရှီဟာန်ကျီက မူလ အစစ်အမှန် နယ်ပယ် အဆင့် (၉) ဖြစ်ပြီး ထိုက်ယွီ တပ်ထဲတွင်လည်း အခြား မူလအစစ်အမှန် နယ်ပယ် အဆင့် (၉) တန်ခိုးရှင်များ ရှိနေသေးသည်။ တန်ခိုးရှင် တစ်ခါဇင်ကျော်နှင့် ဝိုင်းဝန်း တိုက်ခိုက်မည် ဆိုပါက ပြဿနာ မရှိသင့်ပေ။

ရှီကျန်း မျက်မှောင် ကြုတ်သွား၏။ အစောကြီး ကတည်းက ချမ်ဟိုင်၏ ခွန်အားကို သိနေခဲ့ပြီး

ရွှေဦးချို သိဒ္ဓိမြို့တွင် ချင်ယန် သေသွားလိမ့်မည်ဟု ထင်ခဲ့သဖြင့် ထိုအကြောင်းကို ထုတ် မပြောဖြစ်ခဲ့ပေ။

"လူ မသေသွားတာ ကံကောင်းတယ်။ ဒီလိုမှ မဟုတ်ရင် မင်းထိုင်ခုံက ဖင်မြဲမှာ မဟုတ်တော့ဘူး..."

ရှီကျန်းက ရှီဟန်ကျီကို စိုက်ကြည့်ပြီး ပြောလိုက်သည်။

ရှီဟန်ကျီက အံကြိတ်လိုက်ပြီး သွားကြားထဲမှ လေသံနှင့်.....

"အဖေ၊ မျိုးမစစ် ချင်ယန်နဲ့ ရှီယန်က ပြန်ရောက်လာပြီ။ ငါတို့ ဘာမှလုပ်လို့ မရတော့ဘူးလား...."

"အဖေ၊ ချင်ယန်က ငါတို့ ရှီမိသားစုက တန်ခိုးရှင်ကို အရင်က သတ်ခဲ့တယ်။ ပြီးတော့ ရှီမိသားစုက နှင်ထုတ်ထားလို့ ငါတို့ ရှီမိသားစုနဲ့ ဘယ်တော့မှ ရင်းနီးလာမှာ မဟုတ်တော့ဘူး။ အခုဆို ဝေ့မိသားစုနဲ့တောင် ပိုပြီး ရင်းနီး နေသေးတယ်။ ဝေ့ရှစ်ယွင်က ချင်ယန်တို့ကို သတ်ခဲ့တယ် လို့တောင် ပြောနေသေးတယ်..."

ရှီကျန်းက စိုက်ကြည့်လိုက်ပြီး.....

“သတ်တာက သတ်မှာပဲ... ဒါပေမဲ့ မင်း သတ်ချင်ရင်တောင် အင်ပါယာ မြို့တော်ထဲမှာ လေနဲ့မိုး ထန်အောင် မလုပ်နဲ့။ ငါတို့ ရှီမိသားစုရဲ့ မျက်နှာကိုလည်း အိုးမည်း မသုတ်နဲ့....”

“ဟုတ်ကဲ့ အဖေ....”

ရှီဟာန်ကျီက စိတ်သက်သာရာ ရသွားပြီး သက်ပြင်း ချလိုက်သည်။ ရှီကျန်းက ချင်ယန်ကို သတ်ဖြတ် ချင်နေသေးသရွေ့ အဆင်ပြေ နေသေးသည်။